www.burmeseclassic.com

ရွှေနှလုံးသားစာအုပ်တိုက်
GOLDEN HEART
BOOK HOUSE

ငွေနှလုံးသားစာအုပ်အမှတ် (၈)

မင်းလူ

# အချစ်နှင့်ဘောလုံး

BURMESE CLASSIC



ဒုတိယအကြိမ်

Graphic Design Antt Bwere (Stars)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၈၀၄/၂၀၀၄(၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၈၃၆/၂၀၀၄(၈)

●

မျက်နှာဖုံး
အံ့ဘွယ်ဇင် (Stars)

●

ကွန်ပျူတာစာစီ
ရွှေယောဇဉ်(ကိုရွှေဝင်းမောင်)

●

အုပ်ရေ
၅၀၀

●

ပုံနှိပ်ခြင်း
၂၀၀၄ (ဒုတိယအကြိမ်)

●

ထုတ်ဝေခြင်း
စက်တင်ဘာ၊ ၂၀၀၄

●

ထုတ်ဝေသူ
ဦးသက်လှိုင်၊ မိုးစန္ဒာစာပေ၊
၃/၂၆၇၊ ခရေပင်လမ်း၊ ‌ဝေဘာဂီမြို့သစ်

●

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်မြင့်မြင့်ဦး (ဝ၆၅၆၁)၊ သင်္ဂဟပုံနှိပ်တိုက်
၂၅၈၊ လမ်း ၄၀(အထက်)၊ ကျောက်တံတားမြို့နယ်။

●

တန်ဖိုး- ၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

မင်းလူ

## အချစ်နှင့် ဘော်လုံး

ဤစာအုပ်တွင် ဝတ္ထုနှစ်ပုဒ်ပါရှိသည်။
"ချစ်တယ် ကြိုက်တယ်ဆိုတာ
ဘယ်လိုဟာမျိုးကို ခေါ်ပါသလဲလို့
မောင်ဘုရားကို ပြောစမ်းပါ နှမတော်လေးရယ်..."ဝတ္ထုသည်
ကိုရိုးကွန်း၊ ဂျူး၊ ခင်မြဖင်တို့၏ ဝတ္ထုများနှင့်တွဲဖက်၍
၁၉၉၄၊ ဇွန်နှင့် ၁၉၉၉ ဩဂုတ်လတွင်လည်းကောင်း
"ဘော...အို အချင်းတို့..."ဝတ္ထုသည်
ချစ်ဦးညို၊ နုနုရည်(အင်းဝ)တို့၏ ဝတ္ထုများနှင့်တွဲဖက်၍
၂၀၀၁၊ မေတွင်လည်းကောင်း
ထုတ်ဝေခဲ့ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ချစ်တယ်ကြိုက်တယ်ဆိုတာ
ဘယ်လိုဟာမျိုး ခေါ်ပါသလဲလို့
မောင်ဘုရားကို ပြောစမ်းပါ
နမတော်လေးရယ်...

မေးခွန်းဆိုသည်မှာရည်ရွယ်ချက်နှစ်မျိုးနှင့် မေးနိုင်သည်။ အဖြေကို ကိုယ်က တကယ်မသိလို့ မေးခြင်းလည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် သိသိကြီးနှင့် တစ်ဖက်လူကို ပညာစမ်းချင်သောကြောင့် မေးတာမျိုးလည်း ဖြစ်နိုင်သည်။

"ချစ်ခြင်းမေတ္တာဆိုသည်မှာ အဘယ်နည်း"

ဆိုသော မေးခွန်းမျိုးကျတော့ ကိုယ်လည်း ရေရေရာရာမသိ။ မသိတာကိုလည်း ဝန်မခံချင်သောကြောင့် လူလည်ကျပြီး မေးတာမျိုးသာ ဖြစ်နိုင်၏။ ဖြေတဲ့လူကလည်း တိတိကျကျ မှန်မှန်ကန်ကန် ဖြေနိုင်လိမ့်မည် မဟုတ်။ သိပ္ပံဝေါဟာရတွေလို ဥပဒေပါစကားရပ်တွေကို သတ်သတ်မှတ်မှတ် အဓိပ္ပာယ် ဖွင့်ဆိုလို့ရတာမျိုးမှ မဟုတ်ပဲကိုး။ သို့ရှိုင်း ပညာရပ်များဆိုလျှင် ပါမောက္ခကြီးတွေ တစ်ယောက်နှင့်တစ်ယောက် မတူသဖြင့် ငြင်းကြခုံကြတာတောင် ရှိကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်နှင့်ပတ်သက်၍ ရှေးလူကြီးသူမတွေအကြမ်းဖျင်း ခွဲခြားပြထားတာတော့ ရှိသည်။ ထောင့်ငါးရာနှင့် ငါးရာနှစ်ဆယ့်ရှစ်။ ချစ်ခြင်းမေတ္တာကို ဘာကြောင့် ကိန်းဂဏန်းတွေနှင့် ပြဆိုသလဲဆိုတာကတော့ ရေရေရာရာမသိ။ ကျမ်းဂန်တွေထဲမှာတော့ ပါလိမ့်မည်။

လူတွေ အကြမ်းအားဖြင့် နားလည်ထားကြတာကတော့ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာသည် မောင်နှမချစ်၊ မိဘနှင့်သားသမီးအချစ်၊ သူငယ်ချင်းမိတ်ဆွေချစ်ဖြစ်၍ သန့်စင်သည်။ ထောင့်ငါးရာကတော့ လင်မယားချစ်၊ သမီးရည်းစားချစ်ဖြစ်သောကြောင့် ကိလေသာ၊ တဏှာပေါင်းစပ်ပါဝင်နေသဖြင့် သန့်စင်မှုမရှိဟု ယူဆထားကြသည်။ ဒီအတိုင်းဆိုလျှင်တော့ ကမ္ဘာပေါ်မှာ ရှိရှိသမျှသော သမီးရည်းစားများ၊ လင်မယားများမှာ လူညစ်ပတ်တွေချည်း ဖြစ်ကုန်ကြပါရော့မည်၊ ဒါလည်း မဟုတ်သေးဘူး ထင်သည်။

ဖြစ်နိုင်တာက ငါးရာနှစ်ဆယ့်ရှစ်ဆိုသည်မှာ သွေးသားရင်းချာဆွေမျိုးတော်စပ်မှု၊ ပတ်ဝန်းကျင် အခြေအနေအရ နီးစပ်မှု၊ အပြန်အလှန်ယုံကြည်အားကိုးမှုတို့အပေါ်တွင် မူတည်ဖြစ်ပေါ်လာသော မေတ္တာကို ဆိုလိုသည်။

ထောင့်ငါးရာကျတော့ ငါးရာနှစ်ဆယ့်ရှစ်မှ သွေးသားတော်စပ်မှုဆိုသော အချက်မှလွဲ၍ ကျန်အချက်များ ပါဝင်နေသည့်အပြင် သတ္တဝါတို့၏ ပဓာနတာဝန်ဖြစ်သော မျိုးဆက်ပြန့်ပွားရန်အတွက် အဖော်အဖြစ်လက်တွဲလိုခြင်းတည်းဟူသော အချက်တစ်ချက် ထပ်မံ ပေါင်းစပ်ပါဝင်နေလေသည်။

ခုလို ပြောလိုက်သောကြောင့် ထောင့်ငါးရာချစ်၏ အဓိက အချက်မှာ မျိုးဆက်ပြန့်ပွားရန်အတွက်ဟု မဆိုလိုဖုံပါ။ တချို့ လင်မယားတွေ ကလေးမရသော်လည်း ကြင်ကြင်နာနာ ပေါင်းဖက်နေကြတာတွေ့နိုင်ပါသည်။

တိရစ္ဆာန်တွေမှာကျတော့ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာဟူ၍ မရှိ

www.burmeseclassic.com

www.burmeseclassic.com



သလောက်ပင် ဖြစ်သည်ဟု ဆိုရမည်။ သူတို့အဖို့ အရှယ်ရောက်သည်နှင့် တစ်ပြိုင်နက် သားအမိ၊ မောင်နှမဟူ၍ မရှိတော့။ အထီးနှင့် အမဟူ၍သာ ရှိတော့သည်။ လူနှင့် တိရစ္ဆာန်တို့၏ ခြားနားချက်တွင် ထိုအချက်လည်း ပါဝင်သည်။ သို့တိုင်အောင် ခြွင်းချက်တော့ ရှိနေသေးသည်။ သခင်ကို အလွန် ချစ်သော ခွေးကလေးတစ်ကောင်၏မေတ္တာကို ဘယ်သို့ဆိုမည်နည်း။ ထိုအခါ တိရစ္ဆာန်တွေမှာ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာလို့ သန့်သန့်စင်စင် အချစ်မျိုး လုံးဝမရှိဟုဆိုရန် ခက်သွားပြန်ပါတော့သည်။

ကိုင်း...အခုပြောနေတာ ငါးရာနှစ်ဆယ့်ရှစ်နှင့် ထောင့်ငါးရာ ဘယ်လိုကွာခြားနိုင်သလဲလို့ စဉ်းစားကြည့်ရုံရှိသေး၏။ တစ်မျိုးစီကို အသေးစိတ် ရှင်းလင်းမည်ဆိုလျှင် သပွတ်ချုံတစ်ခုကို လေ့လာသလိုပင် ဖြစ်ပေလိမ့် မည်။ သပွတ်အူကသာ ရှုပ်တတ်တာ မဟုတ်။ သပွတ်ချုံက လည်း ပင်စည်ကသာ တစ်ခုတည်း။ သူ့ဆီက ခက်နွယ်ယှက် ဖြာထွက်သွားသော အညွန့်အတက် အခက်အလက်တွေက အရပ်ရှစ်မျက်နှာ ပျံ့နှံ့ရှုပ်ထွေးနေပုံမှာ ခြေရာခံလို့ မဆုံးနိုင်အောင်ပင် ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ စမိပြီဆိုမှတော့ တတ်သလောက် မှတ်သလောက် ဆက်ပြောရပေတော့မည်။ ဟောပြောပွဲစင်မြင့်ပေါ်က မိုက်ကရိုဖုန်းရှေ့မှာ ရပ်မိသလိုမျိုးပေါ့။ မိုက်ကရိုဖုန်းကို လက်ညှိုးနှင့် ခေါက်ကြည့် ဂူးဂူးဆိုမှုတ်ကြည့် ဟယ်လို တက်စတင်း ဝမ်းတူးသရီး ဆိုပြီး ပြန်ဆင်းသွားလို့ ဖြစ်တာမျိုးမှ မဟုတ်ပဲ။

အချစ်ဆိုသည်မှာ ရုတ်တရက် ဖျတ်ခနဲ ဖြစ်ပေါ်လာတတ်သော အရာဖြစ်သည်ဟု အချို့က ဆိုသည်။ ဒီနေရာမှာ ဖျတ်ခနဲ ပေါ်လာသလို ဖျတ်ခနဲ ပြန်ပျောက်ပြယ်သွားတာမျိုးလည်း ရှိသည်။ ဓာတ်ပုံရိုက်သလို မျိုး တဒင်္ဂသာ ကြာလိုက်သော်လည်း ပုံရိပ်က ဖလင်ကော်ပြားပေါ် ကာလ ကြာရှည်စွာ စွဲထင်နေတာမျိုးလည်း ရှိသည်။ ဆီလေးပန်းချီကား တစ်ချပ်ကို ဆွဲရသလို တစ်ဆင့်ချင်း အချိန်ယူဖန်တီးရတာမျိုးလည်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ချင်ဖြစ်မည်။

ကောင်းပါပြီ။ အချစ်ဆိုသည်မှာ ဓာတ်ပုံတစ်ပုံလို နှစ်ကာလတွေကြာရှည်လာသည့်အခါ ဆေးသား ပျက်ပြယ် မှုန်ဝါးသွားတတ်လေသလား။ ပန်းချီကားတစ်ချပ်လို ဆေးရောင်တွေ ဖျော့တော့ အက်ကွဲလာတတ်လေသလား။

တစ်ခုရှိပြန်တာက ခုချိန်မှာ ပစ္စည်းအဟောင်းတွေက တန်ဖိုးကြီးနေခြင်းပင်ဖြစ်၏။ ဟောင်းလေ တန်ဖိုးက တက်လေဆိုတော့ ရှေးဟောင်းပစ္စည်းဆိုလျှင် သဲကြီးမဲကြီးလိုက်နေကြတာ အားလုံးအသိ။ တချို့များဆိုပစ္စည်းအသစ်ကို တမင်ဟောင်းနွမ်းအောင် လုပ်ပြီး ရှေးဟောင်းပစ္စည်းအတုလုပ်ကြတာတောင် ရှိသည်။

ဒီတော့ အချစ်မှာကား အဟောင်းအသစ်ပြဿနာက ဘယ်လိုပါလဲ။ (ဤနေရာတွင် အချစ်ဆိုသည်မှာ ထော်င့်ငါးရာအချစ်ကိုသာ ဆိုလိုပါကြောင်း။)

ယေဘုယျအားဖြင့် သူတစ်ဦးနှင့်တစ်ဦး စပြီးချစ်ကြသည့်အရွယ်မှာ ပျိုမျစ်နုနယ်သောအချိန်အခါမှာ ဖြစ်သည်။ ဒီလိုအရွယ်မျိုးမှာ ရုပ်ရည်အားဖြင့် မလှပသည့်တိုင်အောင် ငယ်ဂုဏ်ကြောင့် ချစ်စရာကောင်းနေတတ်သည်။

တချို့က...

အလှအပက အဓိကမဟုတ်ပါဘူး။ စိတ်သဘောထားဖြူစင်မှုကိုချစ်တာပါ။ အပေါ်ယံအကာထက် အနှစ်သာရက အရေးကြီးပါတယ်စသည်ဖြင့် ပြောကြသည်။ ထိုစကားမှာ မိန်းကလေးများအတွက်မှန်ကောင်းမှန်သော်လည်း ယောကျာ်းကလေးများကတော့ ဒီလိုချစ်လိုက်မိတာက ကနဦး အစမှာ ဖြစ်ပေါ်လာသည့် စိတ်အနေအထားပင် ဖြစ်ဖို့များသည်။ အလှဆိုရာမှာလည်း လူအများက ချောပါသည်၊ လှပါသည်ဟု ဝိုင်းဝန်း သတ်မှတ်သည့်စံမျိုးကို မဆိုလို၊ ကိုယ့်မျက်စိထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့ကောင်းခြင်း၊ အချိုးပြေခြင်း၊ အကြိုက်ညီခြင်းကို ဆိုလိုသည်။

ထို့ကြောင့် ဘယ်သူတွေက ဘာပဲပြောနေပြောနေ အချစ်၏မူလ အစမှာ ရုပ်ရည်ပြေပြစ်ခြင်းသည် အရေးပါသော နေရာက ပါဝင်နေ ကြောင်းကို ဘယ်သူမှ မငြင်းနိုင်။ ရုပ်ရည်က ကိုယ့်မျက်စိနှင့် ခတ် တည့်သွားလို့ ချစ်လိုက်ပြီးတော့မှ စိတ်သဘောထားကပါ တိုက်ဆိုင်သော ကြောင့် ပို၍ သံယောဇဉ်တွယ်တာပြီး အချစ်က ခိုင်မြဲသွားရခြင်း ဖြစ်နိုင် သည်။

ဟုတ်ပါပြီ။ လှလို့ကြည့်ကောင်းလို့ ချစ်လိုက်ပါပြီ ထားပါတော့။ ဒီ အလှက ဘယ်လောက်ကြာကြာခံပါမလဲ။ မျက်နှာဆိုတာက လုံးဝကြီး ပြောင်းလဲသွားတတ်တာမျိုး မဟုတ်ဘူးပဲ ထားပါတော့။ ကိုယ်ခန္ဓာအချိုး အစား ပြေပြစ်မှုက ပျက်ယွင်းသွားနိုင်သည်။ အေရိုးဗစ်တို့၊ အာယု ဘော ဇနတို့နဲ့ ထိန်းထားနိုင်တယ်ထားဦး၊ နုနယ်ပျိုမျစ်ခြင်းကိုတော့ ဘယ်သူမှ ထိန်း ချုပ်ထားနိုင်မည်မဟုတ်၊ ဇရာဆိုတာကတော့ ကျိန်းသေဝါးမြိုလာ မှာပဲ။

ဒီအခါမှာ အချစ်က ဘယ်လိုတုံး။

လှလို့ချစ်ပြီးလက်ထပ်ခဲ့ရာက အိမ်ထောင်သက် ကြာလာသောအခါ ပျိုမျစ်လန်းဆန်းသော အလှများ တဖြည်းဖြည်း ယိုယွင်းလာသည်။ ထို အခါ အချစ်က လျော့သွားသလားဆိုတော့လည်း မဟုတ်ပြန်ဘူး။

မိန်းမတွေမှာ ပထမဆုံးစပြီး အလှပျက်တတ်သည့်နေရာမှာ ဝမ်း ဗိုက်ဖြစ်၏။ ကလေးတစ်ယောက်နှစ်ယောက် မွေးပြီးပြီဆိုလျှင် ဗိုက် ကလေး ပူချင်ရူချင်လာတတ်သည်။ သို့ရာတွင် ယင်းဗိုက်သည် သာမန် ဗိုက်မျှ မဟုတ်ပါတကား။ သမိုင်းတွင်ရစ်မည့် ဗိုက်ဖြစ်၏။ အဘယ် ကြောင့်ဆိုသော် ကိုယ်၏ ချစ်လှစွာသော မျိုးဆက်ရင်သွေးကလေးများ ကို ဒီဗိုက်ထဲကပဲ ထုတ်လုပ်ပေးလိုက်တာမဟုတ်လား။ ဒီအသိစိတ်နှင့်ပင် ဒီဝမ်းဗိုက်ပူပူကို လေးစားမြတ်နိုးရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းယာဆိုင်တစ်ဆိုင်၏ လုပ်သက်အတွေ့အကြုံကို ခန့်မှန်းသိရှိလိုလျှင် ထုံးအိုးကို ကြည့်ရသည်။ ထုံးရည်များ စီးကျဖန်များသဖြင့် မူလထုံးအိုးကို မမြင်ရလောက်အောင်ပင် ထုံးတွေအပေါ်က အထပ်ထပ်အပွေး တက်နေခြင်းသည် ထိုကွမ်းယာဆိုင်အဖို့ ဂုဏ်ယူဖွယ် အမှတ်တံဆိပ်ပင်တည်း။

ဒီလိုပါပဲ၊ မျက်နှာပေါ်မှာ ထင်ဟပ် ပေါ်လွင်လာသည့် အရေးအကြောင်းများသည်လည်း အတွေ့အကြုံ ရင့်ကျက်တည်ငြိမ်မှု၏ သင်္ကေတဟု ယူမှတ်နိုင်သည်။

ဦးခေါင်းပေါ်မှာ ခြေကုပ်ယူလာသော ဆံပင်ဖြူများသည်ပင် သမိုင်းဆိုင်ရာ တန်ဖိုးတွေပဲ မဟုတ်လား။

အသက်တွေ ကြီးရင့်အိုမင်းလာသောအခါ ငယ်ငယ်ကလို တစ်ယောက်နှင့်တစ်ယောက် တပ်မက်မှုမျိုး မရှိကြတော့၊ မောင်နှမလို မိတ်ဆွေသူငယ်ချင်းလို ချစ်ခင်တွယ်တာခြင်း၊ အပြန်အလှန်အားကိုးခြင်းဖြင့် သံယောဇဉ်ကို ဆက်လက်ခိုင်မြဲနေစေပြန်သည်။ လျှပ်စစ်ဗို့အားကို ထရန်စဖော်မာဖြင့် ပြောင်းလဲသလို အချစ်ကို ၁၅၀၀မှ ၅၂၈ သို့ ပြောင်းလဲနိုင်ကြောင်း တွေ့ရပြန်လေသည်။

အချစ်နှင့်ပတ်သက်၍ အကြာခဏပြောဆိုငြင်းခုံကြသော ကိစ္စတစ်ခုလည်း ရှိသေးသည်။ အချစ်ဆိုတာ ရယူပိုင်ဆိုင်လိုခြင်းလား၊ စွန့်လွှတ်အနစ်နာခံခြင်းလား ဆိုသော ပြဿနာပင်ဖြစ်၏။

တစ်ချိန်တစ်ခါက အချစ်ဟူသည် စွန့်လွှတ်အနစ်နာခံခြင်းဆိုသော အယူအဆ ခေတ်စားခဲ့ဖူးသည်။ တချို့ကတော့ "ချစ်ပါတယ်ဆိုကတည်းက လိုချင်လို့ပေါ့။ စွန့်လွှတ်ချင်ရင် စကတည်းက ချစ်နေစရာတောင်မလိုဘူး"ဟု ပြောကြသည်။

ကျွန်တော့်အယူအဆအရတော့ အချစ်မှာ ရယူပိုင်ဆိုင်လိုခြင်းနှင့် စွန့်လွှတ်အနစ်နာခံခြင်း နှစ်မျိုးစလုံး ထွေးရောယှက်တင် ပါဝင်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ဟုထင်၏။ မည်သူမဆို ကိုယ့်ချစ်သူကို ပိုင်ဆိုင်လိုသည်သာဖြစ်၏။ ချစ်ပြီဆိုကတည်းက လက်ထပ်ယူဖို့ ရည်ရွယ်စိတ်ကူးကြသည်ပင်ဖြစ်၏။ ထို့အတူ ကိုယ့်ချစ်သူကို စိတ်ချမ်းသာစေချင်သည်။ ကိုယ့်မှာရှိသည့် ကြင်နာယုယမှုတွေ အားလုံး ပုံပေးအပ်ထားချင်သည်။ ချစ်သူကို အရာရာမှာ ဦးစားပေးချင်သည်။

ကျွန်တော်သိသလောက်တော့ တစ်ထောင့်ငါးရာအချစ်တွင် ရယူလိုခြင်းနှင့် စွန့်လွှတ်ပေးအပ်လိုခြင်းတို့မှာ ထက်ဝက်စီလောက် ပါဝင်နေပြီး ငါးရာနှစ်ဆယ့်ရှစ် မေတ္တာမှာကျတော့ စွန့်လွှတ်အနစ်နာခံခြင်းက ပို၍ အကဲသာ လွှမ်းမိုးနေသည်ဟု ထင်၏။

ဤသို့ပြောနိုင်ခြင်းမှာလည်း ကျွန်တော်၏ ကိုယ်တွေ့အဖြစ်အပျက်များအပေါ် တည်မှီ၍ ကောက်ချက်ချမိခြင်း ဖြစ်ပါသည်။ ဒီလိုဆိုတော့ မေတ္တာတရားနှင့် ပတ်သက်၍ ကျွန်တော်၏ ကိုယ်တွေ့အကြောင်းအချက်ကလေးများကို ပြောပြဖို့ လိုအပ်လာလေသည်။

*

ကျွန်တော်ကိုးတန်းရောက်သောနှစ်တွင် သူ့ကို စတင်မြင်ဖူးခြင်းဖြစ်၏။ သူတို့ညီအစ်မတစ်တွေ ကျွန်တော်တို့ကျောင်းသို့ ပြောင်းလာကြသောအခါ ကျောင်းသားလောကတွင် ကြည့်စရာ ရှုစရာ ပြောစရာတစ်ခု တိုးလာသည်။ သူတို့ညီအစ်မသုံးယောက်က အသက်ချင်း သိပ်ကွာကြဟန် မတူ၊ တစ်နှစ်ကြီးတစ်နှစ်ငယ် ဖြစ်နိုင်သည်။ ထို့ကြောင့် အရပ်အမောင်းချင်း၊ ကိုယ်လုံး ကိုယ်ထည်ချင်း သိပ်မကွာကြ၊ ရွယ်တူတွေလို ဖြစ်နေသည်။ ကျောင်းကို လမ်းလျှောက်လာကြသဖြင့် ကျောင်းတက်ခါနီး ငါးမိနစ်လောက် အလိုမှာ ရောက်အောင် အချိန်မှန်ကပ်၍ လာကြပုံရသည်။ ကိုက်တူဆိုက်တူ သုံးယောက်ဖြစ်သောကြောင့် ကျောင်းသားများ

www.burmeseclassic.com

www.burmeseclassic.com



က သူတို့ကို "ဂျီ...သရီး"ဟုခေါ်ကြသည်။

ကျွန်တော်တို့အတန်းရှေ့မှ ကြည့်လျှင် ကျောင်းဝင်းပေါက်ကို မြင်ရသည်။ သူတို့ညီအစ်မသုံးယောက် ကျောင်းဝင်းထဲ ဝင်လာပုံကို နေ့စဉ်လို မြင်နေရသည်။ သူတို့ထဲက အငယ်ဆုံး ဖြစ်ဟန်တူသော ကောင်မလေးမှာ ဦးခေါင်းကို ခပ်ငိုက်ငိုက် ခပ်စောင်းစောင်းထား၍ ဆတ်တောက် ဆတ်တောက် လျှောက်လာတတ်၏။ ကောင်မလေးက မဆိုးဘူးဆိုသော စိတ်မျိုးဖြစ်မိတာက လွဲလို့ ထူးထူးခြားခြား စိတ်မလှုပ်ရှားမိခဲ့ပါ။

ဆယ်တန်းမှာ သူတို့ထဲက အငယ်နှစ်ယောက် ကျွန်တော်တို့အတန်းထဲ ရောက်လာသည်။ ကျန်တစ်ယောက်ကတော့ ဆယ်တန်း နှစ်နှစ်ဆက်ကျပြီး ညကျောင်းရောက်သွားဟန်တူသည်။ ကျွန်တော်က မဆိုးဘူးဟုထင်သော ကောင်မလေးနာမည်မှာ လေးမေဖြစ်၏။ သူ ကျွန်တော်တို့အတန်းထဲ ရောက်လာသော်လည်း နီးစပ်မှု မရှိခဲ့။ ထိုအချိန်က ကျွန်တော်တို့ သူငယ်ချင်းတစ်စုမှာ မိန်းကလေးတွေနှင့် ရောရောဝင်ဝင် မနေတတ်ကြတာကတစ်ကြောင်း၊ ကျွန်တော်ကလည်း ဘောလုံးကန်သည့်ဘက်မှာ စိတ်ရောက်နေတာက တစ်ကြောင်းကြောင့် ဖြစ်၏။

ဒီကြားထဲမှာ အတန်းထဲမှ ကျောင်းသားတစ်ယောက်က သူ့ကို စိတ် ဝင်စားနေသည်ဟု သိရ၏။ ထိုအခါ ကျွန်တော့်စိတ်ထဲမှာ မဆီမဆိုင် စိုးရိမ် စိတ်ဝင်လာ၏။ ထိုကျောင်းသားကို သူက ပြန်မကြိုက်ဘူးဟု သိရသော အခါမှ စိတ်သက်သာရာရသွားသလိုဖြစ်မိ၏။ ကျွန်တော့်အနေနှင့် သူ့ကို ချဉ်းကပ်ဖို့တော့ စိတ်မကူးမိ၊ သူနဲ့လည်း တစ်ခါမှ စကားမပြောဖူးခဲ့။

ဒီလိုနှင့် ဆယ်တန်းကို တစ်နှစ်တည်း အတူတူအောင်ပြီး ရန်ကုန် တက္ကသိုလ် ရောက်ခဲ့ကြသည်။ သူက ဓာတုဗေဒအဓိက ယူပြီး ကျွန်တော် က ဒဿနိကဗေဒယူသည်။ ဘာသာရပ်ချင်း မတူကြသောကြောင့် သိပ် မဆုံ ဖြစ်ခဲ့ဘဲ ရှိနေပြန်၏။ တစ်ခါတစ်ရံကျမှသာ သွားရင်းလာရင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့မိကြပြီး ဘယ်သွားမလို့လဲ၊ အတန်းမရှိဘူးလား စသည်ဖြင့် တစ်ခွန်း တလေ နှုတ်ဆက်ဖြစ်တာလောက်ပဲ ရှိ၏။ ဒီအထိလည်း "ဒီကောင်မ လေး မဆိုးဘူး" ဆိုသော အဆင့်ထက်မပိုခဲ့။ ဒုတိယနှစ်၊ တတိယနှစ် ရောက်သည်အထိ ဘာမျှမထူးခြား။

တကယ်တော့ သူနှင့်ကျွန်တော်မှာ တစ်မြို့နယ်တည်း အတူတူနေ ကြခြင်း ဖြစ်၏။ ဒါနဲ့တောင်မှ တစ်ယောက်နှင့်တစ်ယောက် သိပ်မဆုံဖြစ် ကြတာ ထူးခြားသလိုလိုတော့ ရှိ၏။ ဒါကလည်း ကျွန်တော်တို့သူငယ်ချင်း တစ်စုသည် မိန်းကလေးတွေနောက် တကောက်ကောက်လိုက်တာမျိုး ထက် ကဗျာရေးခြင်း၊ နံရံကပ်စာစောင်လုပ်ခြင်း၊ လက်ရေးကဗျာစာအုပ် ကလေးတွေ ထုတ်ခြင်းတို့ကို ပို၍ စိတ်ဝင်စားတတ်သောကြောင့် ဖြစ်နိုင် ၏။

သို့ရာတွင် နဖူးစာက ဘယ်နေလိမ့်မတုံး။ သူနှင့် ကျွန်တော့်ကို တစ်နည်းနည်းနှင့် ဆုံတွေ့အောင် ဖန်တီးပေးလေသည်။ ကျောင်းရက်ရှည် ပိတ်ထားသော ကာလ၏ နေ့တစ်နေ့တွင် မင်္ဂလာဆောင်တစ်ခုမှာ သူနှင့် တွေ့ရသည်။ သူနှင့် မဆုံဖြစ်သည်မှာ ခုနစ်လ ရှစ်လလောက်တော့ ရှိမည် ထင်သည်။ သူ့ကို မြင်တော့ အံ့သြသွားရသည်။ သူသည် အရင်ကလို ပိန်ပိန်သွယ်သွယ်လေး မဟုတ်တော့။ ကိုးရီးယားနိုင်ငံလို ရတ်တရက် ဖွံ့ဖြိုး တိုးတက်လာသည်ကို တွေ့ရ၏။ ကျွန်တော်က တံခါးဖွင့်ဝါဒကို အခွင့် ကောင်းယူပြီး အမြတ်ထုတ်ဖို့ ကြံစည်သော နိုင်ငံခြားကုမ္ပဏီလိုမျိုး မဟုတ်ရပါ။ အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် သဘောထား ဖြစ်ပါ သည်။

ကျွန်တော့်စိတ်ထဲတွင် အရင်တုန်းကလို "ဒီကောင်မလေး မဆိုးဘူး" ဆိုတာမျိုး မဟုတ်တော့ဘဲ 'ဟာ...တော်တော်လှတာပဲ'ဟူ၍ ခံစားရပါ တော့သည်။ ဘာကြောင့် ခုမှ ရုတ်တရက်အကြီးအကျယ် စိတ်ဝင်စား သွားမိရပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



သည်လို ဖြစ်ပါလိမ့်မည်။

ဟိုအရင် ကိုးတန်းတုန်းက သူ့ကို စပြီး မြင်ခဲ့စဉ်ကပင် မသိစိတ်နှင့် စိတ်ဝင်စားနေလိမ့်မည်။

ဒါကြောင့်သာ သူ့ကို တခြားကျောင်းသားတစ်ယောက်က ချဉ်းကပ်ဖို့ ကြိုးစားတာကို သဝန်တိုမိခဲ့ခြင်းဖြစ်မည်။

သိစိတ်က ဦးနှောက်ထဲမှာ ရှိပြီး မသိစိတ်က နှလုံးသားထဲမှာ ရှိမည်ထင်၏။ အရင်က နီးလျက်နှင့် ဝေးနေကြရပြီး ခုတော့ ဖူးစာကံအကြောင်းအရ အချိန်တန်ပြီဖြစ်၍ သူတို့နှစ်ဦးသည် ဖက်စပ်ကော်ပိုရေးရှင်းတစ်ခုကို ပူးပေါင်းဖွင့်လှစ်လိုက်ကြခြင်း ဖြစ်ပါသတည်း။

ချစ်မိပြီဆိုပြန်တော့လည်း ကျွန်တော့်မှာ အရှုံးအမူး ဖြစ်ရသည်။ သူငယ်ချင်းတွေကတောင် 'မင်းဟာက လွန်လွန်းတယ်'ဟု ပြောယူရသည်။

ကျွန်တော့်မှာ အခုပဲ သူ့အချစ်ကို မရလျှင် သေတော့မလိုဖြစ်နေသည်။ သို့ဖြင့် ကျွန်တော်စာတစ်စောင် ရေးသည်။ စာထဲမှာပါသည့် အသေးစိတ်တွေကိုတော့ မပြောတော့ပါ။

"စာပြန်ဖြစ်အောင်တော့ ပြန်ပါနော်၊ မချစ်ဘူးဆိုရင်တောင် မုန်းတယ် ဆိုတဲ့ စာကြောင်းလေးကို ရေးထည့်ပေးလိုက်ပါ။ အဲဒီ မုန်းတယ် ဆိုတဲ့ စကားကလေးကိုပဲ ကိုယ်တစ်သက်လုံး အမြတ်တနိုး သိမ်းထားပါ့မယ်။ ဒါပေမဲ့ လေးမေရယ်၊ ချစ်တယ်လို့ပဲ ပြောပါနော်"

သူငယ်ချင်းတွေက စာကို ဖတ်ကြည့်ပြီး...

"ရေးထားတာတော့ မဆိုးပါဘူး၊ ဒီစာကို ဘယ်လိုပေးမှာလဲ"ဟု မေးသည်။

"ကျောင်းပိတ်ထားတော့ ပေးဖို့ခက်နေတယ်ကွ၊ စာတိုက်က ထည့်လိုက်ရင် ကောင်းမလားလို့"

"ဟာ...ဘယ်ဖြစ်မလဲကွ၊ သူနဲ့ မင်းနဲ့က အရင်ကတည်း ရင်းရင်း

www.burmeseclassic.com

www.burmeseclassic.com



နီးနီးရှိခဲ့တာ မဟုတ်ဘူး၊ ပြီးတော့ ဒီကြားထဲမှာလည်း နှစ်နဲ့ချီပြီး ကြာအောင် အဆက်အဆံမရှိ နေလာပြီးမှ ရုတ်တရက် စာပေးလိုက်တယ် ဆိုရင် ဟိုက ဘယ်လိုထင်မလဲ"

"ဒီတော့ ငါဘာလုပ်သင့်သလဲ"

"ကျောင်းမဖွင့်ခင် အတွင်းမှာ သူတို့အိမ်ကို နှစ်ခေါက် သုံးခေါက် လောက် သွားလည်ရမယ်၊ ပြီးတော့ အခြေအနေကို အကဲခတ်ရမယ်။ မင်းအပေါ်မှာ ခင်မင်မှု ရှိပုံရတယ်ဆိုရင် ကျောင်းဖွင့်တဲ့အခါ ကြိုးစား ကြည့်ပေါ့"

သို့နှင့် လေးမေတို့ အိမ်သို့ သွားလည်ဖြစ်၏။ ကျွန်တော့်သူငယ်ချင်း တစ်ယောက်က လုပ်သားကောလိပ်တက်နေသည်။ ဓာတုဗေဒအမိက ဖြစ်၏။ လေးမေကလည်း ဓာတုဗေဒဆိုတော့ မှတ်စုစာအုပ်ငှားဖို့ အကြောင်းပြရင်း သွားကြသည်။

လေးမေတို့ မိသားစုသည် ခြံဝင်းကျယ်ထဲက ရှေးအိမ်ကြီး တစ် လုံးမှာ မိသားစုဝင်တွေ သိုက်သိုက်ဝန်းဝန်း စုပေါင်းနေကြခြင်း ဖြစ်၏။ သူတို့မှာ မောင်နှမတွေ အများကြီး ရှိသည်။ သူတို့က ကျွန်တော်တို့ကို ပျူငှာစွာ ကြိုဆိုပြီး ကောင်းစွာ ဧည့်ဝတ်ပြုကြပါသည်။ ထွေရာလေးပါး စကားပြောဆိုကြရာတွင် သူငယ်ချင်းတွေကသာ ဦးဆောင်ပြီး ပြောနေရ သည်။

ကျွန်တော်ကတော့ ကိုယ့်အတွင်းစိတ်က မရိုးမသား ဖြစ်နေသော ကြောင့် ရှက်သလိုလို ဘာလိုလိုနှင့် စကားသိပ်မပြောရဲဘဲ သူ့ကိုသာ တစ်ချက်တစ်ချက် ခိုးကြည့်မိ၏။ ရှိုးတိုးရှန့်တန့် ဖြစ်နေခြင်းကို သက်သာ ရာရအောင် ရေနွေးကြမ်းတွေချည်း ဖိသောက်နေမိ၏။ ကြာတော့ ဝမ်းထဲ မှာ ရေနွေးတွေများပြီး ဆီးသွားချင်လာသည်။ ဟိုကောင်တွေကတော့ လေးမေ၏ အစ်မကြီးနှင့် လေကြောမိပြီး စကားစမဖြတ်နိုင်ဖြစ်နေသည်။

သူတို့က ကျွန်တော့်ကို စကားဝိုင်းထဲ ဝင်ဆံ့အောင် ဆွဲခေါ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားသေးသည်။ ကျွန်တော်ကတော့ ကိုယ့်ဒုက္ခနှင့်ကိုယ်မို့ စကား တောင် ဟဟမပြောနိုင်ဘဲ ဖြစ်နေ၏။ အပြန်ကျတော့...

"မင်းက ဘယ်လိုဖြစ်တာလဲ၊ ငါတို့က စကားကြောင်းပေးတာ တောင် ဝင်မပြောနိုင်ဘဲ ဘာကြောင့် မျက်စိမျက်နှာပျက်နေရတာလဲ"

ဟု သူငယ်ချင်းတွေက အပြစ်တင်သည်။

"ငါ သိပ်ပြီး သေးပေါက်ချင်နေလို့ကွ၊ ရေနွေးကြမ်းသောက်တာများ သွားလို့"

သူတို့က ပိုင်းဟားသည်။ ဘာပဲဖြစ်ဖြစ် အစီအစဉ်က အောင်မြင်ပါ သည်။ သူငယ်ချင်းက လေးမေဆီက မှတ်စုစာအုပ် ငှားလာသည်။ နောက် တစ်ပတ်လောက်နေတော့ စာအုပ်ပြန်ပေးတာ အကြောင်းပြုပြီး တစ် ခေါက် ထပ်သွားသည်။ နှစ်ပတ်လောက် နေပြန်တော့ ကျောင်းနေဖက် တစ်ယောက်၏ အဖေဆုံးလို့ ကူငွေကောက်ဖို့ တစ်ခါ ထပ်ရောက်ပြန် သည်။ နောက်အခေါက်များမှာတော့ ရေနွေးကြမ်း သိပ်မသောက်ရဲတော့ ပါ။

လေးမေနှင့် ကျွန်တော်မှာ ဟိုအလျှင်လို မေးထူးခေါ်ပြော အဆင့် ထက် ပိုပြီး ရင်းနှီးမှု ရှိလာသည်။ သူ့စိတ်ထဲတွင် ကျွန်တော်တို့ ဘာ ကြောင့် သူတို့အိမ်ကို တစ်လလောက်အတွင်းမှာ သုံးခေါက်လာလည်ရ သလဲဟု တွေးချင် တွေးမိလိမ့်မည်။ ကျွန်တော်က သူ့ကို တစ်ချက် တစ် ချက် ခိုးကြည့်တာကို ရိပ်မိလျှင်တော့ အကြောင်းရင်းကို သဘောပေါက် လောက်ပါသည်။

(နောက်ပိုင်းတွင် ထိုအကြောင်းကို ပြန်မေးကြည့်တော့ ထိုစဉ်က သူလုံးဝ မရိပ်မိပါဟု ဆိုသည်။ ကျွန်တော်က သူ့ကို လာရစ်ခြင်း ဖြစ်သည် ဟု မထင်မိ။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ယောက်က သူ့အစ်မ တစ်ယောက်ယောက်ကို စိတ်ဝင်စားနေလို့ လာတာပဲဟု ထင်မိသည် ဆို၏။)

*

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပညာရေးသက်တမ်းတစ်လျှောက်မှာ ကျောင်းမြန်မြန်ပြန်ဖွင့်ပါစေဟု ဆုတောင်းမိခြင်းသည် သည်တစ်ကြိမ် ပထမဆုံး ဖြစ်၏။ ကျောင်းပြန်ဖွင့်လို့ ပျော်မိတာလည်း သည်တစ်ခါသာ ရှိပါသေး၏။ အရင်က ပထမဆုံး အတန်းချိန် အမြဲလွတ်တတ်တဲ့ကောင် တစ်ယောက်ဟာ ခုတော့ မနက်အစောကြီးကတည်းက ကျောင်းကို ရောက်နေတတ်ပြီ။

ကျောင်းဖွင့်ဖွင့်ချင်း သူ့အတန်းအချိန်စာရင်းကို သွားကူးထားရသည်။ သူ့အတန်းပြီးခါနီးတွင် မလှမ်းမကမ်းက သွားစောင့်နေသည်။ သူ့အတန်းထဲက ထွက်လာမှ စကြိုထောင့်ချိုးမှာ ဆုံအောင် ချိန်ရသည်။ သည်ဘက်လာလျှင် ရုတ်တရက် မမျှော်လင့်ဘဲ တွေ့သလိုမျိုးပေါ့။ သူက ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်လို ခင်မင်ရင်းနှီးစွာ လက်ခံစကားပြောဖော်ရသည့်အတွက်တော့ အားတက်မိ၏။

စာပေးဖို့ အစီအစဉ်ကတော့ အထမမြောက်သေး။ ရေးပြီးသားစာက လွယ်အိတ်ထဲမှာတော့ အမြဲပါသည်။ ဘယ်နည်းဘယ်ပုံ ပေးရမှန်း မသိသဖြင့် ကြန့်ကြာနေရသည်။

နောက်တော့ စိတ်ကူးတစ်ခုရသည်။

ဗလာစာအုပ်တစ်အုပ်ကို အဖုံးဖုံးသည်။ အဖုံးကြားမှာ စာအိတ်ကို ထည့်သည်။ စာချုပ်သက်သက် ပေးတာထက်စာလျှင် စာအုပ်ကြားမှာ ညှပ်ပေးတာက ပိုပြီး ဣန္ဒြေရသည်။ ယူတဲ့လူအဖို့လည်း သိက္ခာရှိသည်ဟု တွက်မိသောကြောင့်ပင်။

တစ်ရက်တွင် သူ့အတန်းပြီးချိန်ကို သွားစောင့်သည်။

အတန်းထဲက သူ ထွက်လာသည်။

တစ်ယောက်တည်းမဟုတ်၊ အဖော် ကျောင်းသူတစ်ယောက်ပါသည်။

စားသောက်ဆိုင်တန်းဘက် ထွက်သွားသည်။

ကျွန်တော် မသိမသာ နောက်ချန်ပြီး လိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အအေးဆိုင်မှာ ထိုင်သည်။

ကျွန်တော် လက်ဖက်ရည်ဆိုင်မှ စောင့်ကြည့်သည်။

အအေးသောက်ပြီးတော့ သူ ဘစ်ယောက်တည်း ပုဂံလမ်းဘက် ထွက်သွားသည်။

အိမ်ပြန်ဖို့ ကားမှတ်တိုင်ရှိရာ သွားတာပဲ။

ကျွန်တော် နောက်က လိုက်သွားသည်။ ယောကျ်ားလေး တစ်ယောက် ခြေလှမ်းနှင့်ဆိုလျှင် ခဏလေးနှင့် မီရမည်။ သို့ရာတွင် ကျွန်တော်က တွန့်ဆုတ်တွန့်ဆုတ် လုပ်နေမိ၍ လမ်းထိပ်ကားမှတ်တိုင် ရောက်ခါနီးမှပင် ဘေးချင်းယှဉ်မိ၏။

"ပြန်တော့မလို့လား"

ဟု ကျွန်တော်က နှုတ်ဆက်မေး မေးမိသည်။

"ဟုတ်တယ်၊ အတန်းမရှိဘူးလား"

"ရှိတယ်"

ဟု ကျွန်တော်ယောင်ပြီး ဖြေမိသည်။ အတန်းရှိလျက်သားနဲ့ ဒီကားမှတ်တိုင်ကို ဘာအတွက် လာသလဲဟု သူတွေးဖြစ်သွားတော့မည်။

မထူးဘူး၊ လုပ်စရာရှိတာ လုပ်တော့လေ၊ လွယ်အိတ်ထဲက စာထည့်ထားသော စာအုပ်ကို လက်နှင့် စမ်းကြည့်မိသည်။ ဆွဲမထုတ်ရဲသဖြင့် စာအုပ်ထောင့်စွန်းကို လက်နှင့် ပွတ်နေလိုက်မိ၏။

ထိုစဉ်မှာ ဘတ်စ်ကားတစ်စင်း ထိုးဆိုက်လာသည်။ သူက...

"သွားမယ်"

ဟု ပြောပြီး ကားပေါ် တက်သည်။ ကျွန်တော် ယောင်ကြောင်ပြီး ရပ်နေမိ၏။

ထိုစဉ်မှာ ခပ်လှမ်းလှမ်းတွင် ရပ်နေသော ကျောင်းသားနှစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ တစ်ယောက်က ကျန်တစ်ယောက်ကို "သွားတော့၊ လိုက်တော့"ဆိုသည့် သဘော ဘတ်စ်ကားဘက်ကို မျက်စပစ်ပြ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပခုံးကို တွန်းလိုက်သည်။ ကျန်တစ်ယောက်က ကျွန်တော့်ကို ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး ကားရှေ့ပေါက်က လိုက်တက်သွားသည်။

ကားက ထွက်စပြုသည်။ ကျွန်တော့်ခေါင်းထဲမှာ အတွေးတွေ တရစပ် ဝင်ရောက်လာပြီး ဒီကောင် လေးမေနောက်ကို လိုက်တာ၊ ငါ နောက်ကျကျန်ခဲ့ပြီ၊ ဒီလိုကိစ္စမျိုးမှာ မိနစ်ပိုင်းလောက် နောက်ကျတာနဲ့ တစ်သက်လုံး လွဲရတာမျိုး ဖြစ်ရတယ်။

ကားက အရှိန်ယူနေပြီ။ ကျွန်တော် ကားနောက်ကို ပြေးလိုက်သည်။ နောက်ပေါက် လက်ကိုင်တန်းကို ဖမ်းဆုပ်ကိုင်ပြီး လွှားခနဲ ခုန်တက်လိုက်သည်။

ခြေနင်းခုံနှင့် ခြေထောက်မထိခင်လေး အချိန်တွင် ခေါင်းထဲသို့ အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။

'ခုနေများ ကားပေါ်က ပြုတ်ကျပြီး သေသွားခဲ့ရင် အချစ်အတွက် အသက်စွန့်သွားရှာပါကလားလို့ သူသိလိုက်မှာ မဟုတ်ဘူး'

"သိပ် မလောနဲ့လေ၊ အေးအေးဆေးဆေးပါ"

ကားစပယ်ယာက ကျွန်တော့်လက်မောင်းတစ်ဖက်ကို ဖမ်းကိုင်ထိန်းရင်းက ပြောလိုက်၏။ ကျွန်တော်က...

"ကျေးဇူးပဲ"

ဟု ရယ်ကျဲကျဲပြောပြီး ကားအတွင်းပိုင်းကို ငုံ့ဝင်လိုက်သည်။

ကားက သိပ်ကျပ်လှသည် မဟုတ်သော်လည်း ရှေ့ပိုင်းကို တိုးဝင်သွားဖို့တော့ သိပ်မလွယ်သေး။ ကားရှေ့ပိုင်းကို လှမ်းကြည့်လိုက်သောအခါ လူကြားထဲမှ လေးမေကို တစ်စွန်းတစ်စ မြင်ရသည်။ သူ့နောက်လိုက်လာသည့်ကောင်ကိုတော့ မမြင်မိ။

ဘာပဲဖြစ်ဖြစ် လေးမေနားကို ကပ်ဖို့ ဒီကောင်ကြိုးစားမှာတော့ သေချာသည်။ လူကျပ်တာကို အခွင့်ကောင်းယူပြီး လူချင်းထိအောင် လုပ်၍ အသားယူနေမလားဟု တွေးမိသောအခါ ရင်တွေတုန်ပြီး ခြေ

www.burmeseclassic.com



ပြန်ချင်လာသည်။ ရှေ့နားဆီသို့ တိုးဝင်ဖို့ ကြိုးစားသော်လည်း မိန်းမကြီး တစ်ယောက်က...

"အလိုတော်...ဘယ့်နှယ်တုံး၊ တိုးလှချေလား"

ဟုဆိုသဖြင့် ရှေ့မဆက်ရဲဘဲ အသာနေလိုက်ရသည်။ ကြည့်မြင်တိုင် ညဈေးမှတ်တိုင်တွင် လူအတော်များများ ဆင်းသွားသောကြောင့် ကား ရှေ့ပိုင်းသို့ တိုးဝင်သွားလိုက်နိုင်သည်။

လေးမေ၏ ဘေးမှာ ကပ်လျက်ရပ်နေသူမှာ ဟိုကောင်မဟုတ်၊ နွား နို့ကုလားကြီးတစ်ယောက်ဖြစ်၏။ ကုလားကြီးရဲ့ ဟိုဘက်မှာမှ ဟိုကောင် ရပ်နေသည်။

သူသည် လေးမေနားတွင် ကပ်ခွင့်မရသော်လည်း မကြာခဏ ဆို သလို စူးစူးစိုက်စိုက် ကြည့်နေတာ သိသည်။ လေးမေကလည်း ဒါကြောင့် ကုလားကြီးကို အကာအကွယ်ယူထားခြင်း ဖြစ်လိမ့်မည်။

ကျွန်တော်စိတ်ကူးတစ်ခု ရလိုက်သည်။ ဟိုကောင် ဟန့်သွားအောင် တစ်ခုခုလုပ်ရမည်။

"လေးမေ"

ဟု ကျွန်တော်ခေါ်လိုက်၏။ သူ ဆတ်ခနဲ လန့်ပြီး လှည့်ကြည့်သည်။ ကျွန်တော့်ကိုမြင်မှ စိတ်သက်သာရာ ရသွားသည်။ ဝမ်းသာသွားဟန် လည်း တူသည်။ ငါ့သူငယ်ချင်းရောက်လာပြီဆိုပြီး အားတက်သွားခြင်း ပင်။

"ထမင်းဘူး ပေးထားပါလား"

ဟု ကျွန်တော်က ပြောသည်။ သူက...

"နေပါစေ၊ ရပါတယ်"

ဟု ပြောပြီးမှ သဘောပေါက်သွားပုံဖြင့် ထမင်းဘူးလှမ်းပေးသည်။ အဖော်ပါလာကြောင်း သိသွားသဖြင့် ဟိုကောင်လည်း ရွှေမန်းရုံမှတ်တိုင် မှာ ဆင်းသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေနီကုန်းဈေးမှတ်တိုင်တွင် လေးမေထိုင်စရာနေရာရသည်။ သူက ကျွန်တော့်ကို မော့ကြည့်၍...

"ထမင်းဘူး ပြန်ပေးလေ၊ ကျေးဇူးပဲ"

ဟု ပြောသည်။ ကျွန်တော်ဆုံးဖြတ်ချက် ချလိုက်၏။ လွယ်အိတ်ထဲက စာထည့်ထားသည့် စာအုပ်ကို ထုတ်သည်။ စာအုပ်နှင့် ထမင်းဘူး ထပ်လျက် ပေးလိုက်သည်။ သူက ရုတ်တရက်မို့ လှမ်းယူလိုက်ပြီးမှ စာအုပ်ကို မြင်ပြီး...

"ဒါက..."

ဟု ရေရွတ်လိုက်စဉ်မှာ ကျွန်တော်လူကြားထဲက တိုးဝှေ့ပြီး အပေါက်ဝဘက် ထွက်လိုက်သည်။ နောက်မှတ်တိုင်မှာ ကားရပ်တော့ ကျွန်တော် ဆင်းနေခဲ့၏။

ကျွန်တော်သည် လိုင်စင်အစစ်ခံရပြီးနောက် ချောချောမောမော ထွက်ခွာခွင့်ရလာသော ကားဒရိုင်ဘာတစ်ယောက်လို ပေါ့ပါးရွှင်လန်းသွား၏။

တစ်ပြိုင်နက်တည်းတွင် ကျွန်တော်သည် စာပေးနည်းတစ်ခုကို မမျှော်လင့်ဘဲ တီထွင်နိုင်ခဲ့သူ တစ်ယောက်ဖြစ်ကြောင်းကိုလည်း သတိရမိ၏။

မိန်းကလေးတစ်ယောက်ကို စာပေးတယ်ဆိုရာမှာ လူရှင်းသည့်နေရာမှာသာ စာပေးရစမြဲ၊ ခုတော့ ဘတ်စ်ကားပေါ်မှာ လူဇွတ်ပြည့်ကျပ်ညပ်နေသည့် ကြားထဲမှာ၊ ဘာပဲဖြစ်ဖြစ် လူတွေကြားထဲမှာဆိုတော့ ငြင်းဆန်နေလျှင် ရှက်စရာဖြစ်မည်စိုး၍ မဖြစ်မနေ ယူထားလိုက်ရပြီမဟုတ်လား။ ဘယ်လောက်ပိုင်ထားသလဲ...နော...။

*

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းလိုပဲ ခင်ချင်တယ်"

ဟု သူက ပြောသည်။

"တို့ကို စိတ်ဆိုးလား"

မေးသောအခါ...

"စိတ်တော့ ဆိုးချင်ဟယ်၊ ဒါပေမဲ့ မဆိုးတော့ပါဘူး၊ နောက် တစ်ခါ ဒါမျိုးလုပ်ရင်တော့ စိတ်ဆိုးမိမလားမသိဘူး"

ထိုစကားတွေကို သူငယ်ချင်းတွေအား ပြန်ပြောပြသည်။ အမှုတစ်ခုကို စိစစ်ဝေဖန်ပြီး သဲလွန်စရှာသလို အသေးစိတ်အမိပ္ပာယ်ကောက်ကြည့်ကြသည်။

"စိတ်တော့ ဆိုးချင်တယ်"

ဟု ဆိုသဖြင့် ကျွန်တော့်အချစ်ကို လက်ခံမည့် အရိပ်အယောင်မရှိသေး။

"ဒါပေမဲ့ မဆိုးတော့ပါဘူး"ဆိုတာကတော့ အားတက်ဖွယ်။ ကျွန်တော့်ကို ခွင့်လွှတ်သည့်သဘော၊ သံယောဇဉ်ရှိသည့်သဘော။

သို့ရာတွင် "နောက်တစ်ခါ ဒါမျိုးလုပ်ရင်"လို့ ဟန့်လိုက်တာကတော့ သိပ်အလားအလာမကောင်းလှချေ။

"ဒါပေမဲ့ နောက်တစ်ခါ ဒါမျိုးလုပ်ရင် စိတ်ဆိုးမယ်လို့ ပြောတာ မဟုတ်ဘူးနော်၊ စိတ်ဆိုးမိမလား မသိဘူးလို့ ပြောတာဟာ မသေချာတဲ့ သဘော၊ သူကိုယ်တိုင်လည်း မင်းကို လက်ခံရမလား၊ ငြင်းပယ်ရမလား ပြတ်ပြတ်သားသား မဝေခွဲနိုင်သေးတဲ့ သဘောပဲ၊ မျှော်လင့်ချက် ရှိသေးတယ် ဆက်သာလုပ်"

ဟု သူငယ်ချင်းတွေက အားပေးသည်။

ထို့ကြောင့် နောက်ထပ် စာတစ်စောင် ပေးဖြစ်သည်။ အလျှင်တစ်ခါလိုပဲ ဘတ်စ်ကားပေါ်မှာ ပေးလိုက်ခြင်းဖြစ်၏။

သည်တစ်ကြိမ်မှာလည်း သူ့ဆီက အဖြေမရ။ စိတ်ဆိုးသည့် ပုံစံ

www.burmeseclassic.com

www.burmeseclassic.com



လည်းမပြ။ တိုးတက်မှုကတော့ ရှိသည်။

သူက ကျွန်တော့်ကို အေးအေးဆေးဆေး လက်ခံစကားပြောခြင်းပင် ဖြစ်၏။

"လောလောဆယ်မှာ အဲဒါမျိုးတွေ မစဉ်းစားချင်သေးဘူး"

ဟု သူက ပြောသည်။

"ဘယ်တော့ စဉ်းစားမှာလဲ"

"ဒါကတော့ ဘယ်သိမလဲ"

"စောင့်ရတာ ကြာလှပြီ"

"ဘာလဲ၊ တို့စဉ်းစားတဲ့အချိန်အထိ မစောင့်နိုင်ဘူးလား"

ထိုစကားအသွားအလာအရတော့ ကျွန်တော့်အခြေအနေကောင်းနေသည်ဟု ယူဆနိုင်သည်။

သို့ရာတွင် စာချုပ်စာတမ်းနှင့်လုပ်သော ကိစ္စတွေတောင် ဖောက်ဖျက်တာမျိုးတွေ ရှိနေသေးတာ၊ ခုလိုကိစ္စက အချိန်မရွေး ပျက်ပြယ်သွားနိုင်သည်။

သည်ကြားထဲ ကျောင်းက ရက်ရှည်ပိတ်သွားပြန်၏။

ကျောင်းဖွင့်နေတုန်းကဆိုလျှင် နည်းနည်းတော်သေးသည်။

သူ့အချစ်ကို မရသေးသော်လည်း သူ့ကို မြင်တွေ့ခွင့်ရသည်။ စကားပြောခွင့်ရသေးသည်။

ကျောင်းပိတ်လိုက်တော့ ရင်ထဲမှာ ဟာသွားသည်။ နေမထိ ထိုင်မသာ ဖြစ်ရသည်။

ထိုအခါကျမှ သူ့အချစ်ကို ရယူလိုသောဆန္ဒက ပို၍ ပြင်းပြလာသည်။

သည်အခြေအနေမှာ အခွင့်အရေးတစ်ရပ် ဖန်တီးလာသည်။

မြို့ထဲမှာ သူနှင့် ကျွန်တော် သူငယ်ချင်းတစ်ယောက် မမျှော်လင့်ဘဲ ဆုံမိရာမှ သူ အင်္ဂလိပ်စာ သင်တန်းတစ်ခု တက်နေကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းက ကျွန်တော့်ကို လာသတင်းပေးသည်။

သည်လိုနှင့် သူ့ကို တွေ့ခွင့်ရပြီး တတိယစာတစ်စောင်ကို ပေးဖြစ်ခဲ့ပြန်သည်။

ထိုစာထဲတွင် စောင့်ခဲ့ရသည့် ရက်တွေလည်း ကြာပြီ ဖြစ်ကြောင်း၊ တတိယအကြိမ် နှောင့်ယှက်ခြင်းလို့ ထင်ချင်လည်း ထင်နိုင်ပါကြောင်း၊ သို့ရာတွင် တတိယအကြိမ် တုံ့ဇာ့ဘာဝေ လုပ်နေခြင်းမျိုးတော့ မဖြစ်စေလိုကြောင်း၊ သည်တစ်ခါတော့ အဖြေပေးဖြစ်အောင် ပေးဖို့အကြောင်း ခုနစ်ရက်ပြည့်သည့် နေ့တွင် လာခဲ့မည်ဖြစ်ကြောင်း၊ ထိုနေ့တွင် စာအုပ်တစ်အုပ်ကို ပေးမည်ဖြစ်ကြောင်း၊ ကျွန်တော့်အချစ်ကို လက်ခံလျှင် ထိုစာအုပ်ကို ယူပါ။ ငြင်းပယ်မည်ဆိုလျှင် ထိုစာအုပ်ကို မယူပါနှင့်။

သည်စာသည် နောက်ဆုံးအကြိမ် ကြိုးစားခြင်းပင် ဖြစ်သည်။ အကယ်၍ သည်တစ်ကြိမ် အကြောင်းမပြန်ခဲ့လျှင် နောက်နောင် ဘယ်တော့မှ ထပ်ပြီး မနှောင့်ယှက်တော့ပါဟု ကတိပေးပါကြောင်း ရေးသားထားသည်။

ကျွန်တော့်စိတ်ကူးက ဗလာစာအုပ်တစ်အုပ်ထဲတွင် သူ့ကို ဘယ်လောက်ချစ်ကြောင်း၊ ခုလို ကျွန်တော့်အချစ်ကို လက်ခံခဲ့သဖြင့် အလွန်ဝမ်းသာကြောင်း၊ ကျွန်တော့်လောက် ပျော်တဲ့လူ ဘယ်မှာမှ ရှာလို့ရမှာ မဟုတ်ကြောင်း ရေးပြီး သူ့ကို ပေးမည်။

သူက ကျွန်တော့်အချစ်ကို လက်ခံသည့်အနေနှင့် ထိုစာအုပ်ကို ယူသွားပြီးလျှင် ကျွန်တော်ရေးထားတာတွေ ဖတ်ပြီး ပျော်ရွှင်မှုကို မျှဝေခံစားရလိမ့်မည်။

တကယ်တော့ ကျွန်တော့်အကြံအစည်မှာ စိတ်ကူးယဉ် ဆန်နေ[illegible]

သူက ကျွန်တော်ပေးသည့် စာအုပ်ကို ကျိန်းသေယူပါမည်ဟု ဘယ်လိုလုပ် သေသေချာချာ သိနိုင်ပါမလဲ။ သည်တစ်ခါတော့ ဖြစ်လောက်သည်ဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး စွတ်ရွတ် လုပ်ချလိုက်ခြင်းသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

အမှန်တကယ်လည်း သူသည် ကျွန်တော်ပေးသည့် စာအုပ်ကို မယူခဲ့ပါ။ ကျွန်တော့်အချစ်ကို ငြင်းပယ်လိုက်သည့် သဘောပင်ဖြစ်သည်ဟု ယူဆရမည်။

"ဟင့်အင်း...မယူချင်ဘူး"

ဟု ပြောပြီး သူ ဘတ်စ်ကားပေါ် တက်သွားသောအခါ ရင်ထဲက ဟာခနဲဖြစ်သွား၏။

မှားပြီဆိုတာ သိလိုက်သည်။

ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်၍မဆုံးအောင် ဖြစ်ရ၏။

ဘယ်သူကမှ မတိုက်တွန်းပါဘဲနှင့် ကိုယ့်ဟာကိုယ် ဆတ်ဆော့ပြီး သည်တစ်ခေါက် နောက်ဆုံးအကြိမ်ပါဟု စာထဲမှာ ကတိပေးမိသည်။

ယောက်ျားတစ်ယောက်အနေဖြင့် ကိုယ်ပေးသော ကတိကို မြဲအောင် ထိန်းသိမ်းရပေလိမ့်မည်။

အစတုန်းက မစဉ်းစားခဲ့မိ။ တကယ်လို့ သူက ငြင်းလိုက်လျှင် ဘယ်လိုနေမလဲ။ သူနဲ့ အဆက်အသွယ် ထပ်မလုပ်ဘဲ နေနိုင်မလား တွက်ဆခဲ့ဖို့ကောင်းသည်။ ခုတော့ ဘာမှ မတတ်နိုင်ပြီ။

တကယ်ကြုံလာတော့ တော်တော် ခံစားရသည်။

သူ ဘတ်စ်ကားပေါ် တက်သွားပြီးနောက် လူက ထုံပုံပြီး အသိစိတ်ကင်းမဲ့သလို ဖြစ်သွား၏။

ရန်ကုန်မြို့ထဲမှာ အဓိပ္ပာယ်မဲ့ လျှောက်သွားနေမိသည်။ ဘယ်သွားလို့ သွားနေမှန်းလည်း မသိ။ ကားလမ်းများကို သတိမမူဘဲ ဖြတ်ကူးသဖြင့် ကားတိုက်ခံရမလိုပင် ဖြစ်ရသည်။

ကားသမားများ၏ အသံတိတ် ဆဲဆိုရေရွတ်ခြင်းကို ခံရသည်။ ဦးတည်ရာမဲ့ လျှောက်သွားနေရင်းက လေးမေ၏ အစ်မတစ်ယောက် အလုပ် လုပ်သော ရုံးရှေ့ကို ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လေးမေတို့အိမ်ကို သွားလည်ရင်းက ထိုအစ်မကြီးနှင့် ခင်မင်ခဲ့သည်။ သူတို့ရုံးကို နှစ်ခေါက်သုံးခေါက် သွားလည်ခဲ့ဖူးပြီး သူ့အမျိုးသားနှင့်ပါ သိကျွမ်းခဲ့ရသည်။ အစ်မကြီးက ကျွန်တော့်အပေါ် ခင်မင်မှု ရှိပုံရသည်။

ဘာရယ်မဟုတ်၊ အစ်မကြီးနှင့် တွေ့ချင်စိတ် ပေါ်လာသည်။

အားကိုးရာ ရှာချင်သည့်သဘော ဖြစ်လိမ့်မည်။

ရုံးထဲသို့ ဝင်လာခဲ့၏။ အစ်မကြီးရော သူ့အမျိုးသားပါ တွေ့သည်။

သူတို့က ရုံးသက်သာဆိုင်မှာ လက်ဖက်ရည်လိုက်တိုက်သည်။

ကျွန်တော်က စကားနည်းနေသည်။

တစ်ချက်တစ်ချက် ငေးငေးငိုင်ငိုင် ဖြစ်နေသည်။

မျက်စိမျက်နှာ သိပ်မကောင်းလှ၊ ဒီကြားထဲမှာ ကျွန်တော်က ဖျားနေသည်။

ထိုရက်က မိုးရွာလိုက် နေပူလိုက်ဖြစ်နေသဖြင့် နှာစေးချောင်းဆိုးဖြစ်နေသည်။

မျက်နှာကလည်း ချောင်ကျနေပြီး သနားစရာရုပ် ပေါက်နေဟန်တူသည်။

အစ်မကြီးက သူ့အမျိုးသားကို တစ်စုံတစ်ခု ခပ်တိုးတိုးပြော၍ အလုပ်ရှိသေးလို့ သွားဦးမယ်၊ စကားပြောနှင့်ကြ ဆိုပြီး ထွက်သွားသည်။

"ဘာအကူအညီပေးရမလဲလို့ မင်းကို မေးကြည့်ပါတဲ့ကွ"

အစ်မကြီး၏ အမျိုးသားက ပြောသည်။

ကျွန်တော့်ဒုက္ခကို ဖွင့်ပြောရကောင်းမလား စဉ်းစားသေးသည်။ ပါးစပ်က မထွက်။

"ကိစ္စမရှိပါဘူးအစ်ကိုရာ၊ ပြီးသွားပါပြီ"

ဟူ၍သာ ပြောလိုက်သည်။

ခဏကြာတော့ ကိစ္စရှိလို့ ဆိုပြီး လာခေါ်သဖြင့် အစ်မကြီး၏ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သား ရုံးထဲ ပြန်ဝင်သွားသည်။

ကျွန်တော့်ကို ခဏစောင့်နေဖို့ မှာသွားသည်။

ကျွန်တော် စိတ်ကူးတစ်ခုရသဖြင့် စာတိုကလေးတစ်စောင်ကို လက်ဖက်ရည်ဆိုင်မှာပင် ထိုင်ရေးသည်။

"နောက်နောင် ဘယ်တော့မှ မနှောင့်ယှက်တော့ပါဘူးလို့ ပေးထားတဲ့ ကတိကို တည်ပါ့မယ်လို့ ထပ်ပြီး ကတိပေးပါတယ်၊ အမြဲတမ်း ချစ်နေမယ် ဆိုတာကိုတော့ ယုံကြည်စေချင်တယ်"

ဟုရေးထားသည်။

ကျွန်တော် ရုံးထဲသို့ ဝင်ခဲ့သည်။

အစ်မကြီး၏ စားပွဲရှေ့မှာ သွားရပ်သည်။ အစ်မကြီးက မော့ကြည့်ပြီး ထိုင်လေဟာဟု ပြောသည်။

ကျွန်တော်က စာကို စားပွဲပေါ် တင်လိုက်သည်။

"ဒါလေး ပေးပေးပါ အစ်မရယ်"

ဟု ပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။

ရုပ်ရှင်တွေထဲမှာလို ဆံပင်တွေ ဖွာခနဲ ဝဲပျံပြီး လှလှပပ ထွက်လာခဲ့ရခြင်းမျိုး မဟုတ်၊ ဖြစ်ချင်တော့ လှည့်ထွက်ခါနီးကလေးမှာ နှာခေါင်းထဲမှ နှာရည်က စီးကျလာသည်။

ထို့ကြောင့် နှာရည်ယိုမကျအောင် ရှုတ်ခနဲရှုံ့သွင်းပြီး အမြန်လှည့်ထွက်ခဲ့ရခြင်း ဖြစ်၏။

ကျွန်တော်၏ လွမ်းခန်းကား မပီပြင်ဘဲ ဟာသဆန်ဆန် ဖြစ်ခဲ့ရလေသည်။

သို့ရာတွင် ဒီလို မတော်မတည့်ဖြစ်သွားတာကပင် ကျွန်တော့်ကို အကြီးအကျယ် အကျိုးပြုခဲ့လေသည်။

အကြောင်းမှာ နေမကောင်းလို့ မျက်နှာက ချောင်ကျ၊ မျက်လုံးက နီနေရတဲ့ ကြားထဲ နှပ်ချေးကို ရှုတ်ခနဲ ရှုံ့သွင်းလိုက်တာကို အစ်မကြီးက

www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေး ငိုတောင် ငိုသွားရှာတယ်"ဟု ထင်သွားခြင်းပင်တည်း။

ထိုအကြောင်းကိုလည်း သူညီမ လေးမေကို ပြောပြရင်း ကျွန်တော့် အတွက် တိုက်တွန်းဖျောင်းဖျပေးပုံရသည်။

လေးမေကလည်း သူ့အစ်မစကားကြောင့် ကျွန်တော့်ကို သနား သွားဟန်တူသည်။

နောက် တစ်ပတ်လောက် ကြာသောအခါ လေးမေဆီက စာ တစ် စောင် ရောက်လာသည်။

ကျွန်တော့်အချစ်ကို လက်ခံကြောင်း အချက်ပြသည့် ကဗျာလေး တစ်ပုဒ် ပါလာလေသည်။

*

"အလိုလေး၊ ကံကြီးပေလို့သာပေါ့"

ဟု ကျွန်တော် ရေရွတ်မိသည်။

ကိုယ် အသုံးမကျတာကိုလည်း သိရှိဝန်ခံရသည်။

သူ့ဆီ နောက်ဆုံးရေးလိုက်သည့်စာထဲတွင် ဒီတစ်ခါ အဖြေမရရင် နောက် ဘယ်တော့မှ မနှောင့်ယှက်တော့ဘူးဟု ပါရှိသည်။

ဒါကို သူက ရာဇသံပေးတာပဲဟု အဓိပ္ပာယ်ကောက်သည်။

တကယ်ချစ်ရင် ဘယ်လောက်ကြာကြာ စောင့်နိုင်ရမှာပေါ့၊ ခုတော့ နင်ပါ့ကို မြန်မြန်ချစ်ရင်ချစ်၊ မချစ်ရင် နောက်ဘယ်တော့မှ မမျှော်လင့်နဲ့ ဆိုသည့် သဘောဖြစ်သွား၏။

မိန်းကလေးတစ်ယောက်၏ မာနကို သွားထိခိုက်သည်။

ထို့ကြောင့် ကျွန်တော့်အပေါ် ပြတ်ပြတ်တောက်တောက် ငြင်း ပစ်ဖို့တောင် စိတ်ကူးမိသည်ဟု သူက ပြန်ပြောပြသည်။

နှပ်ချေးကယ်ပေလို့သာ သူ့အချစ်ကို ရခဲ့ခြင်းဖြစ်သည်ဟု အမှန် အတိုင်း ရိုးသားစွာ တင်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ချစ်ကြပြီဆိုတော့လည်း ကျွန်တော်တို့နှစ်ယောက်မှာ တော်တော် သည်းခဲ့ကြသည်။

သူငယ်ချင်းတွေက အမြင်ကတ်လောက်အောင်ပင် ဖြစ်၏။

ကျောင်းတွေ ပြန်ဖွင့်တော့ ကျွန်တော်တို့နှစ်ယောက်ကို တက္ကသိုလ် နယ်မြေထဲမှာ တပူးတွဲတွဲ တွေ့နိုင်သည်။

ချစ်သူဘဝမှာ တစ်ယောက်အကြောင်း တစ်ယောက်ပြောပြကြလျှင်၊ အရင်က ထင်ထားခဲ့တာ တချို့ မဟုတ်မှန်ကြောင်း သိကြရသည်။

သူသည် အဝတ်အစားကို အရက်နှစ်ဆယ်လောက်ထိ မထပ်ရအောင် တစ်နေ့တစ်မျိုး ဝတ်သည်။

ဒီကောင်မလေးကို ယူရင်တော့ အဝတ်အစားဖိုး တော်တော် ကုန်မှာပဲဟု တွေးပြီး ရင်လေးခဲ့မိကြောင်း ပြောပြတော့ သူက ရယ်ပြီး "ဘယ်ကလာ၊ တို့ဆီမှာ အဝတ်အစား လေးငါးစုံပဲ ရှိတာ၊ ဒါပေမဲ့ ညီ အစ်မတွေက များတယ်မဟုတ်လား၊ တစ်ယောက်ဟာကို တစ်ယောက်က အလဲအလှယ်လုပ်ပြီး ယူဝတ်တော့ အများကြီးလို ဖြစ်နေတာပေါ့"

ဟု ပြောပြသည်။

အစပိုင်းတုန်းကတော့ သူ့မိဘများက ကျွန်တော်နှင့် သဘောမတူကြချေ။

ရုပ်ရှင်အသိုင်းအဝိုင်း၊ စာပေအသိုင်းအဝိုင်းကမို့ ရှုပ်တတ် ပွေတတ်လိမ့်မည်ဟု လူအများ ထင်မြင်သလို ယူဆနေမိကြသောကြောင့် ဖြစ်၏။

နောက်မှ ကျွန်တော့်အကြောင်း သိသွားပြီး ကြည်ဖြူလာကြခြင်း ဖြစ်သည်။

သူတို့အိမ်ကို သွားလာလည်ပတ်ခွင့်လည်း ရလာခဲ့သည်။

ကျွန်တော်တို့နှစ်ယောက် မပျက်မကွက် ပြုလုပ်လေ့ရှိသော ကိစ္စတစ်ခု ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့မွေးနေ့ ကျွန်တော့်မွေးနေ့များမှာ ဘုရားသွားလေ့ ရှိခြင်းပင် ဖြစ်၏။

သူရော ကျွန်တော်ပါ အင်္ဂါသားသမီးများဖြစ်၍ အင်္ဂါထောင့်မှာ ပန်းရေချမ်း ကပ်လှူသည်။ ဖယောင်းတိုင်သက်စေ့ ထွန်းသည်။ ပြီးတော့ ကျွန်တော့်မိဘ သူ့မိဘများကို ကန်တော့ကြသည်။

နှစ်စဉ်နှစ်တိုင်း မွေးနေ့လက်ဆောင်များကို မပျက်မကွက် အပြန်အလှန်ပေးကြသည်။ ထိုမွေးနေ့လက်ဆောင်များကိုလည်း အလွန်မြတ်နိုးတန်ဖိုးထားကြသည်။ ဒီအထဲက အမှတ်တရဖြစ်စရာ ပစ္စည်းကလေးများ အကြောင်း ပြောပြပါဦးမည်။

ကျွန်တော်က သူ့ကို မျက်နှာသုတ်ပဝါကလေးတစ်ထည် မွေးနေ့လက်ဆောင် ပေးဖူးသည်။ သူက မသုံးရက်ဘဲ ဗီရိုထဲမှာ သိမ်းထားသည်။

ဒါကို သူ့အစ်မတစ်ယောက်က ယူသုတ်မိသည်။

ဒီမှာတွင် လေးမေနှင့် စကားများကြသည်။

ခါတိုင်း တစ်ယောက်အဝတ်အစားတစ်ယောက် ယူဝတ်နေကျ၊ တစ်ယောက်အသုံးအဆောင်ပစ္စည်း တစ်ယောက်ယူသုံးနေကျ၊ ခုမှ ဥစ္စာခြောက်နေရသလားဟု သူ့အစ်မကလည်း စိတ်ဆိုးသည်။

လေးမေသည် ပစ္စည်းဥစ္စာနှင့် ပတ်သက်၍ တွန့်တိုတတ်သူမဟုတ်သည့်ပြင် ဒေါသတွေ ဘာတွေ ဖြစ်တတ်သူလည်း မဟုတ်သဖြင့် ခုလိုပြဿနာတက်ရတာကို တခြားအိမ်သူအိမ်သား‌တွေကလည်း အံ့သြကြသည်ဟု သိရ၏။

ကျွန်တော်လည်း သူ့လိုဖြစ်ဖူးသည်။

သူက ကျွန်တော့်ကို ပုဆိုးတစ်ထည် မွေးနေ့လက်ဆောင်ပေးဖူးသည်။

အဖိုးထိုက် အဖိုးတန်ကြီးတော့မဟုတ်၊ သို့ရာတွင် နက်ပြာနှင့် မိုးပြာရောင်ကို လက်ရာမြောက်စွာ အဆင်အကွက်ဖော်ထားသော ဟင်္သာတ

www.burmeseclassic.com

www.burmeseclassic.com



ရက်လုံချည်ကလေးဖြစ်၏။

သူပေးသော လက်ဆောင်ဖြစ်သောကြောင့်လည်း ပို၍တန်ဖိုးထားရသည်။

ထိုလုံချည်ကလေးကို သူနှင့်အတူတူ ဘုရားသွားသည့်အခါမျိုးကျမှ အမြတ်တနိုး ဝတ်လေ့ရှိသည်။

တစ်နေ့တော့ သူနှင့်ကျွန်တော် သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်သို့ သွားကြသည်။ ကျွန်တော်က သူပေးထားသော လုံချည်ကလေးကို ဝတ်လာသည်။

လမ်းဘေးလက်ဖက်ရည်ဆိုင်တစ်ဆိုင်ဘေးက ဖြတ်အလျှောက်တွင် ထိုင်နေသူတစ်ယောက်က ပလက်ဖောင်းပေါ် ကွမ်းတံတွေး လှမ်းထွေး လိုက်သည်။ ကွမ်းတံတွေးစက်များက ဖြာထွက်ပြီး ကျွန်တော့်ပုဆိုးကို လာစဉ်သည်။

ကျွန်တော်သည် ရုတ်တရက် ဒေါသဖြစ်ပြီး ထိုသူ့အင်္ကျီရင်ဘတ်စကို လှမ်းဆွဲလိုက်မိ၏။ လေးမေကသာ ဝင်မတားလျှင် ထိုသူကို ဆွဲထိုးမိလိမ့်မည်ထင်သည်။

ပုဆိုးမှာ ပေကျံသွားသော ကွမ်းတံတွေးစက်များကို ဟောလံဒီယားပင်မင်းမှာ ဈေးကြီးပေး၍ ချွတ်ပစ်ရသည်။ ထို့နောက် ထိုပုဆိုးလေးကို မဝတ်ရက်တော့ဘဲ အမြတ်တနိုးသိမ်းဆည်းထားလိုက်တော့သည်။

အထက်ပါ လက်ဆောင်ပစ္စည်းကလေးမှာ နောင်တစ်ချိန်တွင် အရေးပါသည့်အခန်း၌ ပါဝင်လာစရာရှိသောကြောင့် ခုလိုဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

*

ကျွန်တော်တို့နှစ်ယောက်သည် ဘွဲ့ရပြီးနောက် ကျွန်တော်ကလည်း စာပေနယ်မှာ အောင်မြင်ဖို့ ကြိုးစားပြီး သူကလည်း ကျူရှင်သိုလ်စာကြည့်

www.burmeseclassic.com

www.burmeseclassic.com



တိုက်မှာ အလုပ်ဝင်လုပ်သည်။ သူများတွေလို သုံးနှစ်သုံးမိုးတောင်မက ငါးနှစ်ငါးမိုးပင် ကြာသည်ထိ ချစ်သူဘဝနှင့် နေခဲ့ကြလေသည်။

တစ်ခုသော ကျွန်တော်၏မွေးနေ့တွင် ကျွန်တော်တို့ အဖေကို သွားကန်တော့ကြသည်။ ခါတိုင်းဆိုလျှင် အဖေသည် လေးမေကို နောက်လိုက်ပြောင်လိုက်လုပ်တတ်သည်။ ပြန်ခါနီးလို့ သူ့ကို ကန်တော့လျှင် မုန့်ဖိုးတွေဘာတွေ ပေးတတ်သည်။

ထိုနေ့ကတော့ အဖေ့မျက်နှာက သိပ်မလန်းဆန်း၊ စကားလည်းနည်းသည်။ ကျွန်တော်...

"ဖေဖေ နေမကောင်းလို့လား"

ဟု မေးသောအခါ...

"ကောင်းပါတယ်ကွ၊ ညက အိပ်မပျော်လို့ကွာ၊ ခု ခေါင်းတွေ ကိုက်နေလို့ပါ"

ဆိုပြီး သူ့အိပ်ခန်းထဲ ဝင်သွားသည်။ ဆယ့်ငါးမိနစ်လောက်အကြာမှာ ပြန်ထွက်လာပြီး လေးမေကို မုန့်ဖိုးငွေတစ်ရာပေးသည်။

ပြီးတော့...

"သားတို့ ဘယ်တော့လောက် လက်ထပ်မယ်စိတ်ကူးလဲ"

ဟု မေးသည်။

"သီတင်းကျွတ်လောက် ဖြစ်လိမ့်မယ်လို့ မှန်းထားတာပဲ ဖေဖေ"

အဖေက ခေါင်းတစ်ချက်ညိတ်ပြီး...

ကျွန်တော်တို့နှစ်ယောက် ပျော်ရွှင်စွာ ပြန်လာခဲ့ကြသည်။

တကယ်တော့ ထိုအချိန်က အဖေသည် ဆီးကျိတ်ရောင်သည့်ရောဂါကို အပြင်းအထန် ခံစားနေရခြင်းဖြစ်၏။ သို့ရာတွင် ဘယ်သူ့ကိုမှမပြောဘဲ သူ့ဘာသာ ကြိတ်မှိတ်ခံနေသည်။ ကျွန်တော်တို့ရှေ့မှာ ဘာမှမဖြစ်ဟန်ဆောင်နေခြင်း ဖြစ်၏။

နောက်နှစ်ပတ်လောက်နေတော့ အဖေဆေးရုံတက်ရသည်။ ဆီး

www.burmeseclassic.com

www.burmeseclassic.com



ကျိတ်ကို ခွဲထုတ်ရသည်။ ဆေးရုံမှာ နှစ်လနီးပါး ကြာသည်။ အဖေ ဆေးရုံက ဆင်းခါစဖြစ်သောကြောင့် ကျွန်တော်တို့ကိစ္စကို မပြောဘဲနေသည်။ သို့ရာတွင် အဖေက သတိရသည်။

"သီတင်းကျွတ်လောက် လက်ထပ်မယ်ဆိုတော့ ခုလောက် စေ့စပ်ထားမှ စီစဉ်စရာရှိတာ စီစဉ်ဖို့ အချိန်ရမှာပေါ့ကွ"

ဟု ပြောသည်။

"ရပါတယ်။ ဖေဖေ ကောင်းကောင်းနေကောင်းမှ"

"ဟာ... ငါ ကောင်းပါတယ်ကွ၊ ကြာတယ်ကွာ၊ လဆန်းရင် စေ့စပ်ဖို့ အစီအစဉ်လုပ်တော့"

ကျွန်တော်တို့၏ စေ့စပ်ကြောင်းလမ်းပွဲမှာ ပျော်စရာကောင်းသဖြင့် နည်းနည်းတော့ ပြောပြရဦးမည်။

ကျွန်တော်တို့ဘက်က ဂုဏ်ထူးဆောင်လူကြီးသူမအဖြစ် ဆရာကြီး ဦးရန်အောင်ကို ခေါ်သွားသည်။ အဘဦးရန်အောင်မှာ အဖေ၏ စာပေနယ်က ဆရာလိုဖြစ်နေသည့်အပြင် အမေအလုပ်သင်ကျောင်းဆရာမလေးဘဝတုန်းကလည်း သူဆရာလုပ်နေသည့် ကျောင်းမှာပင် လက်တွေ့သင်တန်းဆင်းခဲ့ရဖူးသည်။

ထို့မျှမက လေးမေ စာကြည့်တိုက်ဒီပလိုမာ သင်တန်းတက်စဉ်က ကျမ်းပြုစုရာတွင် ဆရာကြီးဦးရန်အောင်၏ စာစုစာရင်းကို တင်သွင်း၍ ဘွဲ့ယူခဲ့ခြင်း ဖြစ်၏။

အဘ ဦးရန်အောင်ကို အမှူးထား၍ အဖေ၊ အမေနှင့် အစ်တိုသုံးယောက်၊ ပြီးတော့ ဆရာအောင်ပြည့်၊ ဆရာပြည့်သည် လေးမေအစ်ကိုကြီးနှင့် ကျောင်းနေဖက်သူငယ်ချင်းလည်း ဖြစ်၏။

လေးမေတို့အိမ် ရောက်လို့ နေသားတကျ ထိုင်မိကြပြီးနောက် တစ်ဖက်နှင့်တစ်ဖက် မိတ်ဆက်စကားပြောကြရာမှာပင် တိုက်ဆိုင်မှုတစ်ခုကို တွေ့ရလေသည်။ တခြားမဟုတ်...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖေက နားလေးသည်။ လေးမေတို့အမေ အဘွားကြီးက နားလေးသည်။ အဘဦးရန်အောင်ကလည်း နားလေးသည်။

ဒီတော့...

"အခုလာတဲ့ကိစ္စကို သိပ်ရှည်ရှည်ဝေးဝေး စကားပလ္လင်ခံနေဖို့ မလိုတော့ဘူး မှတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ဦးအကြောင်းလည်း တစ်ဦး ကောင်းကောင်းသိနေကြပြီမဟုတ်လား"

ဟု ဆရာကြီး ဦးရန်အောင်က စကား စလိုက်သောအခါ လေးမေတို့အမေ အဘွားကြီးက မကြားသဖြင့် သူ့အဘိုးကြီးကို...

"ဘာပြောတာလဲ"

ဟု မေးသည်။ အဘိုးကြီးက ပြောပြတော့မှ "သြော်...သြော်...ဟုတ်တာပေါ့"ဟု ဆိုပြီး ခေါင်းတညိတ်ညိတ်လုပ်ရင်း ကျားပျံ့မကောက်ဆေးပေါ့လိပ်ကြီးကို မီးညှိ၍ ဖွာနေသည်။ လေးမေတို့အဖေက...

"ဆရာကြီးပြောတာ မှန်ပါတယ်၊ ဒီသူငယ်က ကျွန်တော်တို့အိမ်ကို ဝင်ထွက်သွားလာနေတာ လေးငါးနှစ်ရှိပြီပဲ"

ထိုအခါ ဆရာကြီး ဦးရန်အောင်က လုံးစေ့ပတ်စေ့ မကြားဘဲ ဆရာအောင်ပြည့်ကို တိုးတိုးကပ်ပြောသည်။

"ဟေ့ကောင်...လေးငါးနှစ်လောက် စောင့်ပါဦးလို့ ပြောနေပါလား"

ဆရာအောင်ပြည့်က မဟုတ်ကြောင်း ရှင်းပြရပြန်သည်။ အဖေကတော့ သေသေချာချာ မကြားသော်လည်း မျက်နှာအမူအရာတွေကို ကြည့်၍ အဆင်ပြေမှန်းသိသဖြင့် ပြုံးပြုံးပြုံးပြုံးနှင့် ခေါင်းညိတ်နေသည်။ ပြီးတော့မှ...

"ကျုပ် ဝင်ပြောလို့ ရပြီလား"

လို့ ခပ်တိုးတိုးမေးသည်။ အမေက ခေါင်းညိတ်ပြလိုက်သဖြင့်...

"ကျွန်တော့်အနေနဲ့ ဒီက သမီးကို မြင်ဖူးခဲ့တာ ကြာပါပြီ။ စတွေ့ကတည်းက ကျွန်တော့်သား လူအရွေးတော်တယ်လို့ သိခဲ့ပြီးသားပါ။ ခု

www.burmeseclassic.com

www.burmeseclassic.com



ဒီက သမီးရဲ့ အဖေနဲ့အမေကို မြင်ရတော့ ဒီကောင် ယောက္ခမ ရွေးတာမှာ ပါ မှန်သွားပြန်ပြီလို့ စိတ်ချသွားပါပြီ"

ဟု အရွှန်းဖောက်လိုက်ပြီး နေ့ကောင်းရက်သာ ရွေးဖို့နှင့် မင်္ဂလာ အခမ်းအနားကို ဘယ်လိုလုပ်စေချင်ပါသလဲဟု မေးသည်။ ယောက္ခမ အဘွားကြီးက "ဘာတဲ့တုံး" ဆိုပြန်သဖြင့် ပြန်ရှင်းပြရပြန်သည်။ လေးမေ တို့ အဖေကလည်း...

"ကြိုက်သလိုသာ လုပ်ပါ၊ အားလုံး ကျေနပ်ပါတယ်"

ဟု ပြောသည်။ အဖေက နားရွက်နောက်မှာ လက်ဝါးလေးကာ၍ နားစွင့်သော်လည်း ကောင်းကောင်းမကြားရသဖြင့် အမေက ပြန်ပြောပြ ရသည်။

နောက်ကျတော့ နားလေးသူတွေအချင်းချင်း ကြားရအောင် အော် ကြီးဟစ်ကျယ်တွေ ပြောကြသဖြင့် ဘေးအိမ်တွေကပါ ကြားကြရသည်။

ဒီလိုနှင့် ကျွန်တော်တို့၏ စေ့စပ်မင်္ဂလာသတင်းကို အထူးတလည် မကြေညာရဘဲ အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်က ကြားသိကြရလေ သတည်း။

*

မင်္ဂလာဆောင်ကို ဘယ်မှာလုပ်ချင်သလဲဟု အဖေက မေးသည်။ ကျွန်တော်က ဆရာဝန်အသင်းတိုက်၊ ဝိုင်အမ်စီအေစသော ခန်းမတစ်ခုခု ငှားပြီး လုပ်ချင်သည်။ အဖေက...

"အဲဒီနေရာတွေမှာဆိုရင် အစားအသောက်က ကိုယ့်ဟာကိုယ်စီစဉ် ရမှာ၊ ကရိကထ များပါတယ်ကွာ၊ ကရဝိက်မှာပဲ လုပ်ပါ၊ သိပ်လည်း ဝိုမကုန်ပါဘူး"

ကျွန်တော်က အင်တင်တင်လုပ်နေသဖြင့် အဖေက...

www.burmeseclassic.com

www.burmeseclassic.com



"ငွေရေးကြေးရေးအတွက် မပူပါနဲ့ကွ၊ ဖေဖေ အားလုံး တာဝန်ယူပါတယ်"

ဟု ပြောသည်။ ကျွန်တော်စဉ်းစားနေတာက ကျွန်တော့်မိတ်ဆွေသူငယ်ချင်းအများစုမှာ လူမွဲတွေဖြစ်၍ ကရဝိက်မှာဆိုလျှင် သူတို့လာဖို့ အခက်အခဲများ ရှိနေသလားဟု တွေးမိခြင်း ဖြစ်၏။

တကယ်တမ်းကျတော့ လူစုံတက်စုံ လာရောက်ကြပါသည်။ စာပေအသိုင်းအဝိုင်းက လူတွေသာ များသောကြောင့် ဟန်ကြီးပန်ကြီးတွေ မရှိဘဲ အုပ်စုလိုက် တရုန်းရုန်းနှင့် ပျော်စရာကောင်းသည်။

ဦးလေး သော်တာဆွေသည် ပွဲထွက်တာတွေ ဘာတွေ စောင့်မနေတော့ဘဲ...

"ငါသွားပြီကွ"

ဟု ဆိုပြီး မုန့်တွေ ယူစားသည်။

ကျွန်တော်ကလည်း သတို့သားလို အခန်းကလေးထဲ အောင်းနေပြီးမှ ပွဲထွက်တာမျိုး မလုပ်ဘဲ အစောကြီးကတည်းက ဧည့်သည်တွေကြားမှာ လျှောက်သွားနေခဲ့သည်။

ပွဲထွက်ခါနီးမှ အခန်းထဲဝင်ပြီး ခပ်တည်တည် ပြန်ထွက်လာသည်။

ဧည့်ခံတီးဝိုင်းအဖွဲ့ကလည်း နှစ်ယောက်တည်းသာ ပါသည်။ ဆရာကြီး အလက်ာကျော်စွာ စောင်းဦးဘသန်းနှင့် ဆရာကြီးပဲရော့ဘသန်းလေးတို့ ဖြစ်၏။

ကိုသုမောင်က ပင်တိုင်သီချင်းဆိုသည်။ ဦးလေး သခင်ဘင်ဦး (ဗိုလ်သခင်ဆရာ)က မင်္ဂလာစကားပြောပြီး ဆရာအောင်ပြည့်က အခမ်းအနားမှူး လုပ်သည်။

တစ်ခုပဲ ရှိသည်။ ဒီမင်္ဂလာအခမ်းအနားကြီး ဖြစ်မြောက်အောင် ကမကထ စီစဉ်ခဲ့သော လူတစ်ယောက်ကတော့ ဒီပွဲကို မရောက်ရောက်နိုင်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူကတော့ အဖေပင် ဖြစ်၏။ ဖြစ်ရတာက အဖေသည် မင်္ဂလာဆောင်မှာ ကျွန်တော်တို့ သတို့သား သတို့သမီး စီးဖို့ သူ၏ ခေတ်ဟောင်း ဇိမ်ခံကားကြီးကို စီစဉ်ထားသည်။

မင်္ဂလာဆောင်နေ့ ရောက်ခါနီး သုံးရက်လောက် အလိုမှာ ကားက ပျက်သွားသည်။ အဖေက ကားကို ကိုယ်တိုင် ပြင်ရမှ စိတ်တိုင်းကျသူဖြစ်၍ အပူတပြင်း ပြင်ဆင်သည်။

ထိုရက်ပိုင်းက အခါမဲ့မိုး ရွာသဖြင့် ရာသီဥတုက အလွန်အေးသည်။ ကျန်းမာရေး နည်းနည်း ချူချာနေသော အချိန်လည်း ဖြစ်၍ အအေးမိပြီး အဖေ အပြင်းအထန် ဖျားသည်။

မင်္ဂလာဆောင်နေ့ကျတော့ ခေါင်းတောင် မထူနိုင်တော့ဘဲ အိပ်ရာထဲ လဲနေခဲ့သည်။ မင်္ဂလာညစာခံပွဲပြီးမှပင် အဖေ့ကို သွားကန်တော့ကြရလေသည်။

လေးမေ ကျွန်တော်တို့အိမ်မှာ လိုက်နေမည်ဖြစ်၍ ညနေဘက်ကတော့ သူတို့မိဘတွေ ကန်တော့ရင်း သူ့ပစ္စည်းတွေ သွားသယ်ကြသည်။

ပစ္စည်းတွေ ကားပေါ် တင်ပြီး ထွက်ခါနီးတွင် လေးမေက သူတို့အိမ်ကြီးကို တစ်ချက်မော့ကြည့်ရင်း မျက်လုံးတွေ စွတ်စိုလာသည်။

ကားထွက်လာသောအခါ သူတို့အိမ်ဆီသို့ ကျွန်တော်လှည့်ကြည့်သည်။ မှောင်ရိပ်သန်းခါစ အလင်းရောင် မှုန်ဝါးဝါး အောက်တွင် အိမ်ကြီး၏ ဝရန်တာမှာ ရပ်လျက် ကားထွက်ခွာသွားရာသို့ ငေးကြည့်နေသော ဝိန်ဝိန်ပါးပါး အဘွားကြီးတစ်ယောက်ကို လှမ်းမြင်လိုက်ရလေသည်။

*

ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ မန္တလေးဘက် ဟန်းနီးမွန်း ထွက်ကြသည်။ အဖေက မင်္ဂလာဆောင်၊ အိပ်ရာခမ်းနား၊ ခွခေါင်းအုံးကအစ တာဝန်

www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့သောကြောင့် ခရီးထွက်ဖို့ စရိတ်ကိုတော့ ကိုယ့်ဘာသာ အကုန်အကျ ခံဖို့ ဆုံးဖြတ်ထားသည်။

ကျွန်တော်သည် နာမည်ရခါစ စာရေးဆရာလေးမျှသာ ဖြစ်၍ ငွေကြေး သိပ်များများစားစား စုဆောင်းထားတာ မရှိ၊ ရှိသမျှကိုလည်း အကုန် မသုံးရဲ၊ ရှေ့ရေးက ရှိသေးသည်။

ကိုယ့်ငွေနှင့်ကိုယ်ဆိုတော့လည်း ခြိုးခြံချွေတာဖို့ သတိရသည်။ ထို့ကြောင့် သူများတကာလို ငွေကြေးအပြည့်အစုံနှင့် ဇိမ်ကျကျထွက်ရသော ခရီးတော့ မဟုတ်၊ ဇိမ်ကျတယ်လို့ ပြောနိုင်တာတစ်ခုက ပုဂံက အစိုးရပိုင် ဧရာဧည့်ရိပ်သာမှာ နှစ်ည တည်းခိုခဲ့ရခြင်းသာ ရှိသည်။

လမ်းပန်းဆက်သွယ်ရေးကလည်း သိပ်မချောမွေ့သေးသဖြင့် အဆင်သင့်သလို သွားရသည်။ ရထားကို ရှီးရှီးတန်းကပဲ စီးနိုင်သည်။

ဘတ်စ်ကားကြီးတွေကို ကျပ်ကျပ်သပ်သပ်စီးပြီး အိပ့်အိပ့် သွားရတာမျိုးလည်း ရှိ၏။ ကုန်ကားအကြုံနှင့် လိုက်ရသည့် အခါလည်း ရှိ၏။

မန္တလေးမှာတော့ သူငယ်ချင်း ကိုဗိုလ်မောင်နှင့် တွေ့သဖြင့် အဆင်ပြေသွားသည်။

ပုဂံရောက်တော့လည်း နန္ဒနှင့်ချို့တူးတို့ သူငယ်ချင်းဇနီးမောင်နှံက ကူညီသည်။ သူတို့အဖေကြီးက ပုဂံ ဘုရားပုထိုးများ၏ ဗိသုကာလက်ရာ၊ သမိုင်းကြောင်းတို့ကို နားလည်ကျွမ်းကျင်သူဖြစ်၍ လိုက်လံရှင်းပြသည်။

ပုပ္ပါးကို ရောက်တော့ ဘုန်းကြီးကျောင်းမှာ တည်းကြသည်။ ကျွန်တော်တို့မှာ အိပ်ရာလိပ်၊ စောင်၊ ခြင်ထောင်တစ်ခုမှ မပါ။ ဘုန်းကြီးကျောင်းသားလေးတွေ ဝေမျှပေးသော ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည်ရသည်။

ခေါင်းအုံးက ခပ်ထပ်ထပ်၊ ခပ်ထိုင်းထိုင်း၊ စောင်က ညစ်ထေးထေး။ ဆရာတော်တွေဆီ လျှောက်ပြီး တောင်းရမှာကလည်း အားနာသဖြင့် ဖြစ်သလို အိပ်ဖို့ စီစဉ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စောင်ကို အောက်က ခင်းလိုက်သည်။ ခေါင်းအုံးပေါ်မှာ ကျွန်တော့် ပုဆိုးတစ်ထည် ထပ်ခင်းပြီး သူ့ကို အိပ်ခိုင်းသည်။ ကျွန်တော်က အဝတ်အစားအိတ်ကို ခေါင်းအုံးအိပ်သည်။

ရာသီဥတုက အေးလှသည်။ သို့ရာတွင် သူက နတ်ကြီးသည့်နေရာမို့ ပူးပူးကပ်ကပ်တောင် မအိပ်ရဲဘူးဟု ဆိုသည်။

ညဉ့်နက်ပိုင်းကျတော့ အရမ်းချမ်းလာသည်။ ကျောချင်းကပ် အိပ်တာလောက်တော့ ခွင့်လွှတ်မှာပါဟု သဘောထားပြီး သူ့ဘက် တိုးအိပ်ရသည်။

သိပ်ချမ်းလွန်းသဖြင့် သူလည်း ကျားကိုက်မှာကို မကြောက်နိုင်တော့။

နောက်ပိုင်း ပြန်စဉ်းစားကြည့်တော့ ထိုစဉ်က ကြုံသလိုသွား၊ ဖြစ်သလိုစားပြီး လည်ပတ်ခဲ့ရသော ခရီးမှာ အတော် ပျော်စရာကောင်းခဲ့ကြောင်း တွေ့ရသည်။

ဘယ်လိုအခက်အခဲမျိုးနှင့်တွေ့တွေ့ နှစ်ယောက်ပေါင်း၍ ဖြေရှင်းကျော်လွှားမည်ဆိုသော စိတ်ဓာတ်အခြေခံလည်း ရခဲ့သည်။

အိမ်ထောင်ဦးရက်များသည် ပျော်စရာချည်းဖြစ်၏။

ကျွန်တော်ကလည်း စာပေနယ်တွင် အောင်မြင်မှု အရိပ်ကလေး ရလာပြီ။

သူကလည်း တက္ကသိုလ်စာကြည့်တိုက်မှာ အလုပ်ဆက်လုပ်နေသည်။-

အားလပ်သည့်အခါ ရုပ်ရှင်ကြည့်၊ သူ့မိဘအိမ်သွား၊ သူငယ်ချင်းတွေအိမ်လျှောက်လည်၊ ပျော်စရာကောင်းသော အချိန်ကာလများပေတည်း။

ဒီလိုနှင့် တစ်နေ့တွင် သူက ကျွန်တော့်ကို ပြောသည်။

အိပ်ခန်းထဲကို လက်တို့ခေါ်ပြီး နားနားကပ်၍ ရှက်စနိုး လိုတိုးလေး ပြောခြင်းမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စာရေးနေတုန်း အနားမှာလာရပ်၍ သူမှာ ကလေးရှိနေပြီဖြစ်ကြောင်း ရိုးရိုးရှင်းရှင်းလေး ပြောလိုက်ခြင်းသာ ဖြစ်၏။

ထိုအခိုက်အတန့်တွင် ကျွန်တော့်ရင်ထဲမှာ တစ်ခါမှ မကြုံဖူးသော ခံစားမှုတစ်ခု ဖြစ်ပေါ်လာသည်။

ဘယ်လောက် ထူးဆန်းသလဲ။

တကယ်တမ်း တွေးကြည့်လျှင် လေးမေနှင့် ကျွန်တော်သည် တစ်ယောက်နှင့်တစ်ယောက် ချစ်ကြိုက်ပြီး လင်မယားရယ်လို့သာ ဖြစ်လာသည်။

နဂိုက သူနှင့်ကျွန်တော် ဘာမှတော်စပ်သည်မဟုတ်။

တကယ်သူစိမ်းများပင် ဖြစ်၏။

ခုတော့ ဒီလူနှစ်ယောက်ပေါင်းစပ်ပြီး လူသားမျိုးဆက်ကလေး တစ်ခု ဖြစ်လာပြီ။

ဒီကလေးကျတော့ ကျွန်တော်နှင့်ရော လေးမေနှင့်ပါ သွေးသား တော်စပ်သည်။

နှစ်ဦးစလုံးရဲ့ ရင်သွေးလေ။

သူကလေးက လေးမေနှင့် ကျွန်တော်၏ဘဝကို ပိုမိုခိုင်မြဲအောင် နှောင်ကြိုးတည်း ဆက်သွယ်ပေးသည်။

ခုမှပင် ကျွန်တော်နှင့် လေးမေတို့ အမှန်တကယ် ဆွေမျိုးတော်စပ်သွားကြပြီဟု ယူဆနိုင်လေသည်။

ထိုနေ့မှစ၍ ကျွန်တော်သည် လေးမေ၏ ဝမ်းဗိုက်ကို အရိပ်တကြည့်ကြည့် နေခဲ့သည်။ မြို့နယ်သမဝါယမဆေးခန်းမှာ ထိုင်သော အထူးကုဆရာဝန်မကြီးဆီမှာ ကိုယ်ဝန်အပ်သည်။ မနက်ငါးနာရီလောက်တွေ့ဖြီး စာအုပ်သွားထပ်ရသည်။

ခါတိုင်း ရှစ်နာရီ ကိုးနာရီလောက်မှ အိပ်ရာကထချင်ထတ်သော ကျွန်တော်သည် မနက်လေးနာရီခွဲတာနှင့် ငေါက်ခနဲ ထိုးနေတတ်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးကျန်းမာရေးစာအုပ်တွေ ဝယ်ပြီး ဖတ်ကြသည်။

လိုအပ်နိုင်သည့် ရှားပါးဆေးဝါးတွေ ရှာဖွေစုဆောင်းသည်။

ကျွန်တော့်အနေနှင့် ဒီဗိုက်ကို ဘယ်လောက်စွဲလမ်းသလဲဆိုတာ သိရအောင် ပြောပြရဦးမည်။

တစ်မနက်တွင် အိမ်နားက မုန့်ဟင်းခါးဆိုင်မှာ သွားစားသည်။ ဆိုင်ရှင်မိန်းမကြီးက ကျွန်တော်ဘယ်လိုစားတတ်ကြောင်း သိပြီးသား၊ ညှပ်ခေါက်ဆွဲ ထည့်သည်။ ဘူးသီးကြော်ညှပ်ထည့်သည်။ ဟင်းရည် နံနံပင် ထည့်ပြီး ထုံးစံအတိုင်း ငရုတ်သီးမှုန့်ကို ခပ်ထည့်မည်အပြု...

"ဟိုး...ဟိုး ငရုတ်သီးမထည့်နဲ့ ကျွန်တော်နဲ့ မဟည့်ဘူး"

ဟု ပြောလိုက်မိသည်။

ဆရာဝန်က အပူအစပ်ရှောင်ရမယ် ပြောထားတာ သွားသတိရလို့၊ ပြီးမှ အပူအစပ်က ငါရှောင်ရမှာမှ မဟုတ်ပဲ။ ဗိုက်ကြီးတာက ငါမှမဟုတ်ပဲဟု ပြန်တွေးမိပြီး ကိုယ့်ဘာသာကိုယ် ရှက်တောင်ရှက်သည်။

လေးမေ ရုံးသွားသည့်အခါ အိမ်မှ ကားမှတ်တိုင်သို့ အထွက်တွင် အုတ်ခုံကလေးတစ်ခုပေါ်က ဖြတ်လျှောက်သွားရသည်။

ထိုအုတ်ခုံကလေးမှာ ရေညှိတွေ တက်နေသည်။

မတော်တဆ ချော်လဲလိုက်လျှင် ကိုယ်ဝန်နုနုကို ထိခိုက်နိုင်သည်။

ထို့ကြောင့် အုတ်ခုံပေါ်မှ ရေညှိများကို အုန်းဆံဘရပ်ရှ်နှင့် ပြောင်စင်အောင် တိုက်ပစ်လိုက်သည်။

တကယ်တော့ ကျွန်တော့်အမေသည် ထိုအုတ်ခုံပေါ်မှပင် ဖြတ်လျှောက်၍ ဈေးသို့ နေ့စဉ်သွားနေခဲ့သည်မှာ ဆယ်နှစ်လောက် ရှိခဲ့ပါပြီ။

ဗိုက်ထဲမှာ ရှိနေသည့်ကလေးမှာ ယောကျ်ားလေးလား၊ မိန်းကလေးလားမသိ၊ ဖြူမလား၊ မည်းမလားမသိ၊ လှမလား၊ ရုပ်ဆိုးမလားမသိ။ သို့ရာတွင် ခုကတည်းက ချစ်နေရပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်သက် မရင့်တရင့်မှာ ကျွန်တော်သည် နယ်သို့ စာပေဟော ပြောပွဲ ခရီးထွက်ရသည်။

တကယ်တော့ ဗိုက်ကို စိတ်မချသဖြင့် မသွားချင်၊ အလျှင်နှစ်က တည်းက ကတိပေးထားပြီးဖြစ်၍ နောက်ဆံတငင်ငင် လိုက်သွားရသည်။

အလျှင်နှစ်တွေက စာပေဟောပြောပွဲ ခရီးထွက်လျှင် လေးမေကို လွမ်းနေတတ်သည်။

ဒီနှစ်တော့ သူ့ကိုမလွမ်းဘဲ သူ့ဗိုက်ကို သွားလွမ်းနေမိ၏။

ကြည့်စမ်း၊ ဗိုက်ထဲက ဟာကလေးသည် မိုင်ပေါင်းရာချီ ဝေးသည့် နေရာမှ ကျွန်တော့်ကို *အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်နိုင်စွမ်း* ရှိသည်။

ထိုအကြောင်းကို ကဗျာလေးတစ်ပုဒ်တောင် ရေးမိပါသေးသည်။

"ဖနီးသက်လျှာ
သူ့ဝမ်းကြာထဲ
ငါ၏ကိုယ်ပွား
ရင်နှစ်သားကို
ထားရစ်ခဲ့ရ
အဝေးမှလျှင်
လွမ်းတရတု
မျက်ရည်ဥပြီ
ရီမု(တ်)ကွန်ထရိုးပါတကား။"

မနက်အစောကြီး သူ ကျွန်တော့်ကို နှိုးသည်။ ဗိုက်နာနေပြီဟု ပြော၏။ ကားပြေးခေါ်ရသည်။ လေးမေ၏ အစ်မဆရာဝန်မကို အကြောင်း ကြားရသည်။ ပစ္စည်းတွေ အမြန်ထည့်ရသည်။

မွေးရက်နီးလာကတည်းက ဆေးရုံသို့ သယ်ယူသွားရမည့်ပစ္စည်း တွေကို အဆင်သင့်ပြင်ထားသည်။ ဘာတွေယူရမည်ဟု စာရင်းလည်း ပြုစုထားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံပြည့် အစမ်းမလေ့ကျင့်ရုံတမယ် စီစဉ်ထားခြင်းဖြစ်၏။

ဒါနဲ့တောင် တကယ်တမ်းကျတော့ ယောင်တောင်တောင် ဖြစ်ချင်သေးသည်။

ဆေးရုံကိုရောက်တော့ တာဝန်ကျဆရာဝန်က စမ်းသပ်ပြီး သည်နေ့မွေးလိမ့်မည်ဟု ပြောသည်။

သားအိမ်လှုံ့ဆော်ဆေး သွင်းသည်။ ပြီးတော့ မွေးခန်းထဲ ခေါ်သွင်းသွားသည်။

လေးမေ၏ အစ်မ ဆရာဝန်မလည်း ရောက်လာပြီး မွေးခန်းထဲလိုက်ဝင်သွားသည်။

ကျွန်တော်လည်း သူ့နောက်က ကပ်လိုက်သွားသဖြင့် မွေးခန်းအဝမှာ စောင့်နေခွင့်ရသွား၏။

ကျွန်တော်သည် စိုးရိမ်ပူပန်စွာ၊ စိတ်လှုပ်ရှားစွာ၊ အားငယ်စွာ၊ မျှော်လင့်ခြင်းကြီးစွာ စောင့်စားနေသည်။

လေးမေ၏အစ်မ အပြင်ထွက်လာပြီး…

"မွေးတော့ မွေးခါနီးပြီ ထင်တယ်၊ ဗိုက်တော်တော်နာနေပြီ"

ဟု ပြောသည်။ သို့ရာတွင် သူ့မျက်နှာ အမူအရာက ဇဝေဇဝါဖြစ်နေပုံရသည်။

"စိုးရိမ်ရလို့လား"

"စိတ်မပူပါနဲ့၊ ငါလည်း ရှိသားပဲ"

ပြောပြီး မွေးခန်းထဲ ပြန်ဝင်သွားသည်။

စောင့်ရသည့်အချိန်က တဖြည်းဖြည်း ကြာရှည်လာသည်။

မွေးခန်းထဲက နာကျင်မှုကြောင့် ညည်းတွားသံများ သဲ့သဲ့ကြားနေရသည်။

တခြားလူနာတွေလည်း ရှိနေသဖြင့် ဘယ်သူ့ဆီကမှန်း မသဲကွဲ။ ဆရာဝန်၊ ဆရာမများ အခန်းထဲကို အဝင်အထွက် စိပ်လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



သတိပြုမိ၏။

တစ်ကြိမ်တွင် သူနာပြုဆရာမတစ်ယောက်က အပေါက်ဝခန်းဆီးကို ဖယ်၍ ခပ်သုတ်သုတ် ထွက်လာသည်။ ခန်းဆီးစက နဂိုအတိုင်းပြန်မကျဘဲ လိပ်တင်နေသဖြင့် အခန်းတွင်းကို တစ်ပိုင်းတစ်စ လှမ်းမြင်ရသည်။

လေးမေသည် ခုတင်တစ်လုံးပေါ်မှာ လှဲနေသည်။ သူ့လက်များက ခုတင်တိုင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသဖြင့် ဝေဒနာခံစားနေရကြောင်း ထင်ရှားသည်။

တစ်ဖက်ကို လှည့်နေသောကြောင့် မျက်နှာကိုတော့ မမြင်ရ။ ခဏနေတော့ သူသည် ဆတ်ခနဲ တစ်ချက် တုန်သွားပြီး အော်ဟစ်ညည်းညူလိုက်သည်။

သူ့မျက်နှာက သည်ဘက်ကို လည်ကျလာသည်။

ဟင် မျက်နှာက သွေးဆုတ်နေပါလား၊ မျက်ဖြူတစ်ချက်လန်တက်သွားသောအခါ အခန်းထဲကို ပြေးဝင်သွားမိမလိုပင် ဖြစ်သွား၏။

"ဒီမှာ ဘာလုပ်နေတာလဲ"

ဟု ဆရာမတစ်ယောက်၏ မေးသံ ကြားရသည်။

ကျွန်တော် လှည့်ကြည့်ပြီး...

"ကျွန်တော် အဲဒီလူနာ လေးမေဆိုတာ ဘယ်လိုနေလဲဟင်"

"မမွေးနိုင်သေးဘူး၊ အိုဂျီလာကြည့်လိမ့်မယ်"

ပြောပြီး မွေးခန်းထဲ ဝင်သွားသည်။

ခန်းဆီးစကို ပြန်ဆွဲစေ့သွား၏။

ခဏကြာတော့ အထူးကု ဆရာဝန်မကြီး အခန်းထဲကို ခပ်သုတ်သုတ် ဝင်သွားသည်။ ငါးမိနစ်လောက်ကြာတော့ ခပ်သုတ်သုတ် ပြန်ထွက်လာ သည်။

သူ့နောက်က လိုက်လာသည့် လက်ထောက်ဆရာဝန်ကို...

www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတယ်နော်၊ မြန်မြန်လုပ်"

ဟု ပြောလိုက်သံ ကြားရ၏။

ရင်ထဲက ထိတ်ခနဲ ဖြစ်သွား၏။

ဘာပါလိမ့် လေးမေ၏ အစ်မဆရာဝန်မ ထွက်လာပြီး ကျွန်တော့်ကို လှေကားထိပ်နား ခေါ်သွား၍...

"အချင်းက မွေးလမ်းကြောင်းရှေ့မှာ ပိတ်နေတယ်တဲ့၊ ဒီအတိုင်းတော့ မွေးနိုင်မှာ မဟုတ်ဘူး၊ ဗိုက်ခွဲရလိမ့်မယ်"

ခေါင်းထဲက ဒိန်းခနဲတစ်ချက်ဖြစ်ပြီး တစ်ကိုယ်လုံး ထူပူသွားသည်။

"ဟဲ့...ဟဲ့...ဘာဖြစ်တာလဲ"

ဆိုသော အသံကို ကြားတော့မှ ကျွန်တော်သမီတလင်းပေါ် ဆောင့်ကြောင့်ထိုင်ကျသွားကြောင်း သိလိုက်ရ၏။

စိတ်ကို ချက်ချင်းတင်းပြီး ပြန်ထရပ်လိုက်သည်။

"ဘာမှမဖြစ်ပါဘူး။ မနက်ကတည်းက ဘာမှမစားရသေးလို့ နည်းနည်း မူးသွားတာပါ"

သူ ညွှန်ကြားသည့်အတိုင်း အောက်ထပ်ဆင်းပြီး ဓာတ်လှေကားအဝက စောင့်နေသည်။ လေးမေကို တွန်းလှည်းခုတင်နှင့် သယ်ယူလာသည်။

နောက်ဘက်ရှိ ခွဲစိတ်အဆောင်သို့ တွန်းယူအသွားတွင် ကျွန်တော်ဘေးက လိုက်လာရင်း သူ့ကို အားပေးစကားပြောသည်။

သူကား ယဲ့ယဲ့သာ ရှိတော့သည်။

ခွဲစိတ်ဆောင်ရှိ ဓာတ်လှေကားခန်းထဲသို့ ခုတင်ကိုတွန်းထည့်လိုက်ချိန်တွင် သူ ကျွန်တော့်ကို တစ်ချက် လှမ်းကြည့်သည်။

အားငယ်နေသည့် သူ့မျက်နှာကို မြင်ရ၏။

ကျွန်တော်က ခွဲစိတ်ဆောင်အောက်ဘက် စင်္ကြံမှာ စောင့်နေရသည်။ ကျွန်တော့်တစ်သက်မှာ ဒီလောက်ထိ စိတ်ပူရတာမျိုး တစ်ခါမှ မကြုံဖူးခဲ့။ အဖေ ဆီးကျိတ်ခွဲရစဉ်ကလည်း ခွဲခန်းရှေ့မှာ စောင့်ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ခုလောက်တော့ စိုးရိမ်စိတ် မဖြစ်ခဲ့။ ထိုစဉ်က ညီအစ်ကိုတွေ စုပြီး စောင့်ရခြင်းဖြစ်၍ သိပ်အားငယ်စရာ မလိုသောကြောင့် ဖြစ်ကောင်း ဖြစ်ပါမည်။

ကျွန်တော်သည် ဆေးလိပ်ကို တွင်တွင်ဖွာရုံက လွဲ၍ ဘာမျှ မတတ်နိုင်။ အင်္ဂလိမာလသုတ်လည်း ကျွန်တော်မရ၊ ဘာပဲဖြစ်ဖြစ် အမေက တော့ အိမ်ကနေ ရွတ်ဖတ်ပေးနေမှာ သေချာသည်ဟု စိတ်ကို ဖြေရသည်။

သူငယ်ချင်းတွေ ရောက်လာသည်။ သတင်းကြားသောကြောင့် သွေးလိုအပ်လျှင် လှူရအောင် လာကြခြင်းဖြစ်၏။ နည်းနည်း အားတက်သွားသည်။

"မလေးမေအိမ်က ရှိသလား"

ဟု အပေါက်ဝက ဝန်ထမ်းတစ်ယောက်က လှမ်းအော်သည်။ ကျွန်တော်သည် ကျောင်းမှာတုန်းက ဆရာမနာမည်ခေါ်လို့ ထူးသလို 'ရှိပါတယ်ခင်ဗျ'ဟု အော်ပြီး အပေါက်ဝနားပြေးသွားသည်။

"မွေးပြီ၊ မိန်းကလေးတဲ့"

သမီးလေး...သမီးလေးတဲ့။ ကြည်နူးဝမ်းသာခြင်းက ကျွန်တော့် တစ်ကိုယ်လုံးကို ပဝါတစ်စလို လွှမ်းခြုံရစ်ပတ်သွားသည်။ မိခင်ရော ကလေးပါ ကျန်းမာလျက်ရှိကြောင်း နောက်ဆက်တွဲ သတင်းရရှိသည်။ ထိုအချိန်ကျမှ လုံးဝစိတ်အေးသွားသည်။ စိုးရိမ်ပူပန်ခဲ့တာဟာ ဘယ်သူ့ အတွက်လဲ၊ လေးမေအတွက်လား၊ ကလေးအတွက်လား၊ နှစ်ယောက် စလုံးအတွက်လား။

*

"တို့ကိုယ်တို့ သေလိမ့်မယ် ထင်နေတာ၊ ဒါပေမဲ့ တို့ကိုယ်တား သူ့ အတွက် ကလေးတစ်ယောက်တော့ ရအောင် မွေးပေးခဲ့မယ် ဆိုပြီး စိတ် ကို တင်းထားခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု လေးမေက ပြန်ပြောပြသည်။ သူ့ခမျှာ ဗိုက်လည်း အသားကုန်နာလိုက်ရသည်။ ဗိုက်လည်း ခွဲရသည်။ ကလေးက မွေးလမ်းကြောင်းထဲ တိုးဝင်ထားသဖြင့် ခက်ခက်ခဲခဲ ပြန်ဆွဲထုတ်ယူရသည်။ ဆရာဝန်များ၏ ကျွမ်းကျင်မှုကြောင့်သာ ချောချောမောမော ဖြစ်သွားခြင်းပင်။ နည်းနည်း နောက်ကျလျှင် အခြေအနေတစ်မျိုး ဖြစ်သွားနိုင်သည်ဟု သိရ၏။

ခုလို ခက်ခက်ခဲခဲ သက်စွန့်ဆံဖျား မွေးရကျိုးနပ်သည်ဟုပင် ဆိုရမည်။ သမီးလေးက ချစ်စရာလေး။ တချို့ကလေးတွေလို မွေးခါစမှာ ဆံပင် ကျိုးတိုးကျဲတဲ၊ မျက်နှာရှုံ့တွတွလေးမျိုးမဟုတ်။ မွေးကတည်းက နက်မှောင်ရှည်လျားသည့် ဆံပင်တွေက ကုပ်ပိုးထိ ရောက်သည်။ မျက်နှာကလည်း တိတိရိရိ၊ မျက်လုံးမျက်ခုံး၊ နှာတန် ပါးစပ် ပီပီပြင်ပြင် ထင်ထင်ရှားရှား၊ ကြီးလာလျှင် အဖေအမေမျက်နှာပွင့်မှာ သေချာနေ၏။

ခုလို ရတောင့်ရခဲ သမီးရတနာလေးကို အလွန်ချစ်ကြရသည်။ အလွန်လည်း ဂရုစိုက်ကြသည်။ ကလေးပြုစုပျိုးထောင်ရေးဆိုင်ရာ စာအုပ်တွေက အထပ်လိုက်။ ဒါတွေဖတ်ပြီး ဘယ်လို ထိန်းသိမ်းပြုစုရမယ်ဆိုတာ လင်မယားနှစ်ယောက် တိုင်ပင်ကြရတာလည်း ညစဉ် ညတိုင်း။

သမီး၏ ကျန်းမာရေးအတွက် လိုလေသေးမရှိ ဂရုစိုက်သည်။ အားဆေးများ အချိန်မှန်မှန်တိုက်ကျွေးသည်။ ရေစိမ်းလုံးဝမတိုက်၊ ရေကျက်အေးသာ တိုက်သည်။ မိခင်နို့ကို အဓိကတိုက်ကျွေးသော်လည်း လေးမေ ရုံး သွားနေချိန်တွင် နို့ဘူးတိုက်ရသည်။ နို့ဘူးကို ရေနွေးနှင့်အရင်ပြုတ်ပြီးမှ နို့မှုန့်ဖျော်တိုက်သည်။ ပြီးတာနှင့် နို့ဘူးကို ရေနွေးနှင့် ပြန်ဆေးရသည်။

ဒီလောက်ဂရုစိုက်လွန်းလို့ ခံနိုင်ရည်မရှိဘဲ ဖြစ်သွားသလားမသိ၊ သမီး လေးလသမီး အရွယ်လောက်မှာ ဝမ်းကိုက်ရောဂါဖြစ်သည်။ ထိုနှစ်ကမှ စတင် လူသိများလာသော ရိုဂါလား ဝမ်းကိုက်ရောဂါဖြစ်၏။ ထိုရောဂါမှာ ခုမှ အဖြစ်များခြင်းကြောင့် ကုထုံး အတိအကျ မရှိသေး။ ကျန်းမာရေးဌာနမှ ကုထုံးကို အပူတပြင်း ရှာဖွေနေရချိန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သမီးကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆေးတွေ တိုက်သည်။ သို့ရာတွင် ထူးခြားမှုမရှိ။ ရောဂါလက္ခဏာက ပြင်းထန်သည်။ တစ်ခါမှ ဝမ်းမကိုက်ဖူးသူ ပထမအကြိမ် ခံစားရလျှင် ပို၍ ဝေဒနာခံစားရတတ်သည်။

ကလေးမှာ နာရီဝက် တစ်ခါလောက် ဝမ်းသွားသည်။ သွားလျှင်လည်း အရမ်းညှစ်ရပြီး နည်းနည်းသာသွားသည်။ ဆေးကုလားမလို ခပ်ကြည်ကြည်ချွဲတွေ ပါသည်။ ကလေးသည် ဝမ်းတစ်ခါသွားပြီးတိုင်း အားကုန်မောပန်းနေတတ်၏။ အစပိုင်းတုန်းက ကလေးသည် တကျည်ကျည် အော်ငိုသေးသည်။ နောက်တော့ ငိုဖို့တောင် အားမရှိတော့သလို ပျော့ခွေလာသည်။

ကျွန်တော်တို့လည်း အရမ်းစိုးရိမ်ပြီး တစ်ညလုံး တစ်နေ့လုံး ထိုင်စောင့်ရသည်။ တတိယနေ့ကျတော့ သမီး၏ ကြီးတော် ဆရာဝန်မက ကျန်းမာရေးဌာနမှ ကုထုံးတစ်ခု တွေ့ပြီဖြစ်ကြောင်း ပြော၍ ဖက်စီဂျင်နှင့် အမ်ပီဆလင်ကို တိုက်ခိုင်းသည်။ ဂျင်တာမိုင်စင်ဆေး ထိုးပေးသည်။ ချက်ချင်း မပျောက်သော်လည်း တစ်ရက်နှစ်ရက်နေလျှင် သက်သာသွားမည်ဟု ပြောသည်။

ဝမ်းကတော့ သွားတုန်းပင် ဖြစ်၏။ ဝမ်းတစ်ခါ သွားပြီးတိုင်း အနှီးလဲရသည်။ ချက်ချင်း လျှော်ပြီး လှန်းရသည်။ ဒီရက်မှာ မိုးက ရွာနေသည်။ နေရောင်မထွက်သဖြင့် အနှီးတွေ မခြောက်၊ မီးကင်ရသည်။ ဝမ်းသွားတာ အကြိမ်များသဖြင့် အနှီးတွေ မလောက်တော့။ ပုဆိုး အဟောင်းတွေကို အနှီးလုပ်ရသည်။ ဒါတွေကုန်တော့ ပုဆိုးအကောင်းတွေ၊ ဒါလည်း မလောက်၊ လေးမေ၏ ထဘီတွေကို အောက်က ခင်းရသည်။

"ကဲ...ခင်းစရာ ဘာရှိသေးလဲ"

ကျွန်တော်က မေးလိုက်သည်။ လေးမေက 'ခဏ'ဆိုပြီး ဗီရိုကို ဖွင့်သည်။ ပြီးတော့ ပုဆိုးတစ်ထည် ယူလာပြီး သမီးအောက်က ခင်းပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူ ကျွန်တော့်ကို မွေးနေ့လက်ဆောင်ပေးခဲ့သည့် ပုဆိုးအပြာကလေး။ အမြတ်တနိုး သိမ်းထားခဲ့သော ပုဆိုးကလေး။ လေးမေကို ကျွန်တော်တစ်ချက် လှမ်းကြည့်တော့ သူက ပခုံးတွန့်ပြသည်။

ခဏအကြာတွင် သမီးက ပုဆိုးပေါ်သို့ ဝမ်းသွားချလိုက်ပြန်သည်။ အလျင်လို နည်းနည်းလေးမဟုတ်။ တစ်ခါတည်း ခပ်များများ ပါချလိုက်ခြင်း ဖြစ်၏။ ပြီးတော့ ဝမ်းအရောင်က ပြောင်းသွားသည်။ ချွဲလည်း မပါတော့။ သမီးကို ကြည့်လိုက်တော့ ဒီတစ်ခါ ဝမ်းသွားလိုက်ရသဖြင့် ဗိုက်ထဲမှာ ရှင်းပြီး ပေါ့သွားဟန်တူသည်။ ဝမ်းကောင်းသွားသည့်သဘော။ ထိုအခိုက် သမီးက ပုဆိုးပေါ်ကို ဆီးတွေ သွားချလိုက်ပြန်သည်။

"ဟော...သေးတွေ ပေါက်ချပြီ"

လေးမေက ဝမ်းသာအားရ ပြောလိုက်သည်။ မှန်သည်။ ဝမ်းစကိုက်ကတည်းက သမီးသည် ဆီးလုံးဝမသွားဘဲ ချုပ်နေခဲ့သည်။ ခုလို ဆီးဘက်ကို လှည့်သွားပြီဆိုတော့ ရောဂါသက်သာလာသည့် လက္ခဏာ ပင်ဖြစ်၏။ သမီးမျက်နှာကလည်း လန်းဆန်းလာသည်။

"ဟုတ်တယ်...ဟုတ်တယ်"

လေးမေက သမီးကို ရေဆွတ်ထားသော ဂွမ်းစလေးဖြင့် သန့်ရှင်းပေးနေတုန်း ဝမ်းသွားချထားသည့်ပုဆိုးကို အသာဆွဲ၍ ယူလာခဲ့သည်။ ပုဆိုးကို လျှော်နေတုန်းမှာ တစ်ခါက ဒီပုဆိုးမှာ ကွမ်းတံတွေး စဉ်သွားသဖြင့် လူတစ်ယောက်ကို ဆွဲထိုးမိမလိုဖြစ်ခဲ့တာ သတိရ၏။

ကျွန်တော် အိပ်ခန်းထဲ ပြန်ဝင်လာတော့ သမီးသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေပြီ။ သမီးအောက်မှာ ခင်းပေးထားတာက ကျွန်တော် လေးမေကို မွေးနေ့လက်ဆောင်ပေးခဲ့သော မျက်နှာသုတ်ပဝါပင်ဖြစ်၏။

လေးမေက ကျွန်တော့်ကို ပြုံးပြသည်။ ကျွန်တော်ကလည်း ပြန်ပြုံးပြလိုက်သည်။ သူသည်လည်း တစ်ခါက ဒီမျက်နှာသုတ်ပဝါကို သူ့ အစ်မတစ်ယောက်က ယူသုံးသဖြင့် ရန်ဖြစ်ခဲ့ရတာကို သတိရနေမလားမသိ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခုတင်ပေါ်မှာ တင်ပါးလွှဲ ဝင်ထိုင်ပြီး နှစ်ခြိုက်စွာ အိပ်မောကျနေသည့် သမီးမျက်နှာကို ငေးကြည့်နေမိ၏။

"အိပ်သွားပြီလား"

အမေ့အသံကို ကြားသဖြင့် လှည့်ကြည့်မိသည်။ အမေက ကျွန်တော့်ကို မကြည့်ဘဲ သူ့မြေးကိုသာ စိုက်ကြည့်နေသည်။ လေးမေကို ကြည့်လိုက်တော့လည်း သမီးကိုသာ ငုံ့ကြည့်နေကြောင်း တွေ့ရသည်။

ထို့ကြောင့် ကျွန်တော်လည်း သမီးကိုပဲ ပြန်ငေးကြည့်ရင်း စဉ်းစားနေမိသည်။

ကျွန်တော်သည် လေးမေကို ချစ်ခဲ့သည်။ ပြီးတော့ လက်ထပ်ခဲ့သည်။ ခုဆိုလျှင် သမီးလေးတစ်ယောက်တောင် ရနေပြီ။ အချစ်အကြောင်းကို ငါ ဘယ်လောက် နားလည်နေပြီလဲဟု ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်သည်။ ထိုအခါ အံ့သြဖွယ်အဖြစ်ကို တွေ့ရ၏။

ကျွန်တော်သည် အချစ်နှင့်ပတ်သက်၍ ဘာမျှ ရေရေရာရာ မသိရှိသေးပါကလား။

ကျွန်တော်တို့သည် အချစ်အကြောင်း သိရှိနားလည်ဖို့ ကြိုးစားကြသည်။ ကျွန်တော်တို့က အချစ်အကြောင်း နည်းနည်းလောက်သာ သိလိုက် ရသောအချိန်တွင် အချစ်က ကျွန်တော်တို့အကြောင်းကို အလုံးစုံ သိနှင့်နေ ပြီဖြစ်၏။ အချစ်က ကျွန်တော်တို့အပေါ်မှာ အမြဲတမ်းလက်ဦးမှု ရယူနိုင်ခဲ့သည်။ ကျွန်တော်တို့သည် အချစ်၏နောက်မှာ ခြေတစ်လှမ်း နောက်ကျ ကျန်နေမည်သာ ဖြစ်လေသည်။

မင်းလူ

၁၀–၈–၉၃

www.burmeseclassic.com

www.burmeseclassic.com

## ဘော...အို အချင်းတို့...

ကျွန်တော်သည် 'ပျော်မဆုံး၊ မော်မဆုံး ဘော်လုံးကစားကြသည်' အမည်ရှိ ဝတ္ထုတစ်ပုဒ်ကို ရေးခဲ့ဖူးပါသည်။ ထိုဝတ္ထုမှာ မတည့်သော ရပ်ကွက်နှစ်ခု ဘော်လုံးကန်ကြပုံ၊ ဘော်လုံးပွဲမှာ ကမောက်ကမ ဖြစ်ကြပုံတို့ကို ဟာသနှောရှ၍ ရေးထားခြင်းဖြစ်ပါသည်။

ခုလည်း ဘော်လုံးအကြောင်း ရေးပါမည်။ ဒီတစ်ခါတော့ ဘော်လုံးနှင့် ပတ်သက်၍ ကျွန်တော်လေ့လာထားတာတွေကို တတ်နိုင်သမျှ ကြိုးစားပြီး တည်တည်တံ့တံ့ ရေးမည်ဟု စဉ်းစားထားပါသည်။ ဝါသနာအလျောက် ထွေလုံးငေါ့လုံးကလေးများ ပါလာခဲ့လျှင်တော့ ခွင့်လွှတ်ကြဖို့ ကြိုတင် မေတ္တာရပ်ခံလိုက်ပါသည်။

*

ကျွန်တော်က အရပ်ထဲမှာ ပြောနေကြသည့် အသံထွက်အတိုင်း 'ဘော်လုံး'စာလုံးပေါင်းသော်လည်း ဟိုအရင်က စာဖြင့်ရေးသောအခါ 'ဘောလုံး'ဟု စာလုံးပေါင်းကြသည်။

'ဘောလုံး'ဆိုသည်မှာ မြန်မာစကားစစ်စစ် မဟုတ်။ အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com



ဘာသာမှ မွေးစားထားခြင်းဖြစ်၏။ ဘလွန်း(ဘောလွန်း)ဆိုသော အင်္ဂလိပ်စကားကို အသံဖလှယ်ထားခြင်း ဖြစ်ဖွယ်ရှိ၏။ အဓိပ္ပာယ်မှာ မိုးပျံ့ ပူဖောင်း၊ မီးပုံးပျံဟူ၍ ဖြစ်၏။

ပြီးတော့ 'ဘောလ်'ဆိုသည်မှာလည်း အလုံးကို ဆိုလိုခြင်း ဖြစ်၏။ မြန်မာတို့က 'ဘော်လ်'ကို 'လုံး'ဆိုသော စကားပါ ထပ်ဖြည့်ပြီး 'ဘောလုံး' ဟု ခေါ်ကြခြင်းလည်း ဖြစ်၏။ ထိုဝေါဟာရမှာ ကျစ်ကျစ်လျစ်လျစ် ရှိပြီး အဓိပ္ပာယ်လည်းရှိ၊ လှလည်း လှပပါပေသည်။ အလွန်ကဗျာဆန်သော စကားလုံးဖြစ်၏။ မြန်မာတို့၏ ဘာသာပြန်ကောင်းပုံကိုလည်း သက်သေပြရာရောက်လေသည်။ (ကျွန်တော်ကတော့ ဘော်လုံးဆိုသော စာလုံးပေါင်းကိုသာ ရှေ့ဆက်အသုံးပြု ရေးသားသွားမည်ဖြစ်ပါသည်။)

*

ဘော်လုံးကစားခြင်းကို ဖွတ်ဘောလ်ဟုခေါ်ပြီး နှစ်မျိုးနှစ်စား ရှိ၏။ အမေရိကန်တွေ ကစားလေ့ရှိသော 'ရပ်ဘီ'နှင့် မြန်မာအပါအဝင် တစ်ကမ္ဘာလုံးက စိတ်ဝင်စားကြသော 'ဆော်ကာ'တို့ဖြစ်ကြ၏။

ကျွန်တော်ပြောမည့်အကြောင်းမှာ 'ဆော်ကာ'ဟု ခေါ်သော ဘော်လုံးကန်ခြင်းအကြောင်းပင် ဖြစ်၏။

ဘော်လုံးကစားခြင်း အလေ့အထသည် ဟိုးရှေးခေတ် ဘေဘီလုံနှင့် အီဂျစ်နိုင်ငံတို့ ခေတ်ကောင်းစဉ်ကပင် ရှိခဲ့သည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ဆိုပါသည်။

ထို့နောက် ဂရိနိုင်ငံမှ စပါတန်စစ်သည်တော်များ ကစားကြရာ ရောမအထိ ရောက်လာသည်။ ထိုမှ ရောမစစ်သည်များ အင်္ဂလန်ကိုတိုက်ခိုက်သောအခါ အင်္ဂလိပ်တို့လည်း ဘော်လုံး ကစားတတ်သွားသည်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ၁၄နှင့် ၁၅ရာစုများတွင် ဘော်လုံးကစားနည်းသည် ကြမ်းတမ်းသည်ဆိုပြီး ရာဇဝတ်ပြစ်မှုနည်းတူ ဥပဒေထုတ်ပြီး တားမြစ်ခံခဲ့ရပြန်သည်။ ထိုအချိန်က ဘော်လုံးကစားရာတွင် ဂိုးပေါက်တစ်ခုနှင့် တစ်ခုနှစ်မိုင်သုံးမိုင်လောက်တောင် ကွာသည်။ တစ်ခါကစားလျှင် မွန်းလွဲနှစ်နာရီမှ နေဝင်သည်အထိ ကြာသည်ဟု ဆို၏။

၁၉ရာစုနှစ်ရောက်တော့ အင်္ဂလိပ်တို့က ခုခေတ်ကစားနည်း၏ အခြေခံကို စည်းစနစ်ကျစွာ ရေးဆွဲပြုပြင်ခဲ့သည်။ ဤသို့ဖြင့် အင်္ဂလိပ်တို့သည် နောက်ကျမှ ဘော်လုံးကစားတတ်သည့်တိုင် ဘော်လုံးဘိုးအေဘွဲ့ကို ခံယူနိုင်ကြလေတော့သည်။

(နောက် အဆိုတစ်ခုလည်း ရှိသေးသည်။ နယ်သစ်ပယ်သစ်ရှာသူတို့ အနောက်အိန္ဒိယကျွန်းစုများကို ရောက်ခဲ့စဉ် ကျွန်းသားများ ရော်ဘာပင်မှ ရသည့် အစေးကို အထပ်ထပ်ရစ်ပတ်ထားသော အလုံးတစ်လုံးဖြင့် ပစ်ပေါက်တမ်းကစားနေသည်ကို တွေ့ရာမှ ဘော်လုံး ကစားနည်း စတင်အတုယူ ပေါ်ပေါက်လာသည် ဆို၏။)

မြန်မာနိုင်ငံသို့ ဘော်လုံးကစားနည်းသည် အင်္ဂလိပ်များ ဝင်ရောက်သိမ်းပိုက်ခြင်းနှင့်အတူ ရောက်ရှိလာခဲ့သည်။ အစပိုင်းတွင် အင်္ဂလိပ်စစ်တပ်မှ ဂေါ်ရာများသာ ကစားကြပြီး ၁၉၀၃ခုနှစ်ကျမှ မြန်မာဘော်လုံးအသင်းများ ပေါ်လာခြင်းဖြစ်၏။ ပြည်နယ်နှင့်တိုင်း ဘော်လုံးပွဲများကို ၁၉၅၂ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ ၁၉၆၁ ဘန်ကောက်တွင် ကျင်းပခဲ့သော တတိယအကြိမ်မြောက် အာရှလူငယ် ဘော်လုံးပွဲတွင် မြန်မာလူငယ်အသင်းက ရှုံးပွဲမရှိဘဲ ပထမရွှေဖလား ရရှိခဲ့သည်။ နိုင်ငံတကာပြိုင်ပွဲတွင် ပထမဆုံး ထိပ်တန်းအောင်မြင်မှု ရရှိခြင်းပင် ဖြစ်၏။ (၁၉၅၄ အာရှအားကစားပွဲတွင် တတိယ ရဖူးသည်။)

*

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေး ဆယ်ယောက်တွင် ကိုးယောက်လောက်က ဘော်လုံးဝါသနာ ရှိကြသူများဖြစ်နိုင်၏။ ကိုယ်တိုင် မကန်တတ်တဲ့တောင် ဘော်လုံးပွဲ ကြည့်တာလောက်တော့ ဝါသနာပါကြသည်ချည်း။

ကျွန်တော်တို့ဆိုလျှင် မျိုးနှင့်ရိုးနှင့် ဝါသနာပါကြသည်ဟု ဆိုရမည်။ အဘိုးမှစ၍ အဖေ၊ ထို့နောက် ကျွန်တော်တို့၊ ပြီးတော့ ကျွန်တော်တို့၏ သားသမီးများအထိ။

ကျွန်တော့်အနေဖြင့် ဘော်လုံးကို စတင်ထိတွေ့ဖူးသော အချိန်မှာ လေးဒက်သွားတတ်သည့်အရွယ်ဖြစ်လိမ့်မည်ထင်၏။ ထိုစဉ်က လေမှုတ်ဘော်လုံးအကျားကြီးကို ခေါင်းနှင့်ဝှေ့လိုက်၊ ဘော်လုံးလိမ့်သွားလျှင် လိုက် ဖမ်းလိုက်လုပ်ပြီး ကစားရတာကို ကျွန်တော် အရမ်းသဘောကျတတ်သည်ဟု လူကြီးတွေက ပြန်ပြောပြသောကြောင့် သိရခြင်း ဖြစ်၏။

ကျွန်တော် သုံးနှစ်သားလောက်တွင် လေးဆယ့်ခုနစ်လမ်းမှ သင်္ဃန်းကျွန်းခြံသို့ ပြောင်းလာကြသည်။ ခြံက ကျယ်တော့ ဘော်လုံးကန်လို့ ပိုကောင်းသည်။ ငယ်ရွယ်စဉ်မှာတော့ အနီးအနားမှ ကလေးတွေနဲ့ စုပြီး ဟိုကန်ဒီကန် ဆော့ကြတာပဲ ရှိ၏။

လေးတန်းရောက်တော့ ဘော်လုံးဝါသနာပါသည့် ဆရာဦးအောင်ကြည်အတန်းမှာ နေရသည်။ ဆရာက ပီတီချိန်တွေကျလျှင် တခြားလေ့ကျင့်ခန်းတွေ မလုပ်ခိုင်းဘဲ ဘော်လုံးသာ ကန်ခိုင်းတတ်သည်။ မိုးရွာနေလို့ အပြင်မထွက်ရလျှင် အတန်းထဲမှာပင် ခုံတန်းတွေကို တစ်ဖက်မှာ စုကပ်ခိုင်းပြီး ရသမျှနေရာ ကျဉ်းကျဉ်းကလေးထဲမှာ ကန်ခိုင်းသည်။

ဆရာတွင်လားဆိုတော့ မဟုတ်၊ ကျောင်းအုပ်ဆရာကြီးကပါ ဘော်လုံးဝါသနာအိုးဖြစ်၏။ ဘော်လုံးကို အလွန်အားပေးသည်။ ကျွန်တော်တို့ စိန်ပေါ်ကျောင်းကလည်း ဘော်လုံးမှာ နာမည်ကြီးသည်။ ဘော်လုံးသမားကောင်းတွေလည်း ထွက်ခဲ့သည်။ မြန်မာ့လက်ရွေးစင်များဖြစ်သော ကိုခင်မောင်တင့်တို့၊ ကိုမျိုးဝင်းညွန့်တို့သည် ကျွန်တော်တို့ကျောင်းအသင်း

www.burmeseclassic.com

www.burmeseclassic.com



မှ ဖြစ်၏။ တာလတ်အပြေးချန်ပီယံ ရွှေတံဆိပ်ဆုရှင် ဂျင်မီခရမ်တမ်သည်လည်း ကျောင်းအသင်းမှာ နောက်တန်းက ကစားခဲ့ပြီး နောက်တော့မှ ပြေးခုန်ပစ်ဘက် ပြောင်းသွားခြင်း ဖြစ်၏။

ကျွန်တော်တို့ စိန့်ပေါလ်ကျောင်း (နောင် အ-ထ-က ၆၊ ဗိုလ်တထောင်) ဘော်လုံးအသင်းသည် ကျောင်းပေါင်းစုံပြိုင်ပွဲမှာ မကြာခဏဆိုသလို ပထမဒိုင်းဆုကြီး ရလေ့ရှိ၏။ ထိုအခါ ကျွန်တော်တို့ ကျောင်းသားတွေက 'ဟောလီးဒေး ဟောလီးဒေး'ဟု သံပြိုင်အော်ကြသည်။ ကျောင်းအုပ်ဆရာကြီးကလည်း အောင်ပွဲအထိမ်းအမှတ်အဖြစ် ကျောင်းတစ်ရက်ပိတ်ပေးရလေတော့သည်။

ကျွန်တော်တို့သည် ကျောင်းသားကြီးများ၏ အောင်မြင်မှုကို ကြည့်ပြီး အားကျကြသည်။ တစ်နေ့မှာ သူတို့လို ကျောင်းလက်ရွေးစင်ဖြစ်ချင်သည်။ လောလောဆယ်မှာတော့ ကိုယ့်ဘာသာပဲ ဘော်လုံးအသင်းဖွဲ့ပြီး စိတ်ဖြေရသည်။

ကျွန်တော်တို့အသင်းနာမည်က 'ပျံလွှား'ဖြစ်၏။ ဘော်လုံးပွဲတွေမှာ တူညီဝတ်စုံဝတ်ပြီး ကန်ကြတာကို အတုယူပြီး ကိုယ့်နည်းကိုယ့်ဟန်ကြံကြသည်။ စွပ်ကျယ်အင်္ကျီလက်စကတွေပေါ်မှာ ဆေးရိုက်ခြင်း ဖြစ်၏။ 'ပျံလွှား'ဆိုသော စာလုံးကို ကတ်ထူပြားပေါ်မှာ ရေး၍ ဓားဖြင့်လှီးဖောက်ပြီး စွပ်ကျယ်ပေါ်မှာကပ်၊ စာလုံးနေရာတစ်လျှောက် သင်္ဘောဆေးနှင့်သုတ်ပြီး ကတ်ထူကို ခွာလိုက်တော့ စွပ်ကျယ်ပေါ်မှာ ပျံလွှားစာလုံးထင်နေတော့သည်။

ကျောင်းမှာ ခုလို စာတန်းတံဆိပ်နှင့် ဘော်လုံးအသင်းမျိုး မရှိသေးသဖြင့် အထူးအဆန်းဖြစ်နေကြ၏။ နောက်တော့ တခြားကျောင်းသားတွေကလည်း ဘော်လုံးအသင်းတွေ ဖွဲ့ကြသည်။ ခြင်္သေ့မောင်၊ လင်းယုန်နက်၊ ကျားပျံစသည်ဖြင့်။ ကျွန်တော်တို့ကို အားကျပြီး အင်္ကျီမှာ တံဆိပ်တွေရိုက်ကြသည်။ တချို့ကလည်း ကျွန်တော်တို့လို စာလုံးကို ကတ်ပြားပေါ်

www.burmeseclassic.com

www.burmeseclassic.com



မဖောက်တတ်သဖြင့် ဒီအတိုင်းပင် စုတ်တံနှင့် ရေးကြသည်။ စာလုံးတွေ မညီမညာ ဖြစ်လိုဖြစ်၊ ဆေးတွေပြန့်ပြီး အကျီတွေ ပျက်စီးကုန်သည်။ မိဘတွေသိပြီး အရိုက်ခံရသူတွေလည်း ရှိ၏။

တစ်သင်းနှင့်တစ်သင်း ချိန်းပြီး ကန်ကြသည်။ စောစောရောက် အောင်သွားပြီး ကျောင်းမတက်ခင်မှာ ပထမပိုင်း ကစားကြသည်။ မုန့်စား ကျောင်းဆင်းတော့ ဒုတိယပိုင်း ကစားသည်။ ကျွန်တော်တို့အသင်းတွင် ကျွန်တော့် အစ်ကို ကိုရှူပ၊ ဇော်ဝင်း၊ ဌွန်ဆင်တင့်၊ ဟယ်ရီစိုးတို့ ပါခဲ့တာ မှတ်မိသည်။

*

ငါးတန်းတက်ရသောနှစ်တွင် လေးတန်းကို အမှတ်ကောင်းကောင်း နှင့် အောင်ခဲ့သူများကို ငါးတန်းအေအဖြစ် သီးခြားစုထားလိုက်၏။ ကျွန် တော်က အေတန်းကို ပါသွားသည်။

စာတော်သော ကျောင်းသားတော်တော်များများသည် အားကစား ဘက်မှာ ဝါသနာပါလေ့မရှိ။ ကျွန်တော်တို့ အေတန်းမှ ကျောင်းသား အများစုသည် စာကြမ်းပိုးများသာ ဖြစ်၏။ ဘော်လုံးကန်တာ သိပ်ဝါသနာ မပါကြချေ။ ချားလ်ဘသောင်း၊ သော်တာဌေး စသော ကျောင်းသား အနည်းငယ်လောက်သာ စိတ်ဝင်စားသူ ရှိတော့သည်။ အတန်းတွေ ကွဲ ကုန်သဖြင့် ကျွန်တော်တို့ ဘော်လုံးအသင်းလည်း ပျက်သွားသည်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကတော့ ကျောင်းမှာ မကန်ရ လျှင် အိမ်မှာကန်သည်။ အစပိုင်းတော့ နှစ်ယောက်တည်း တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်ကန်ရုံပဲ။ နောက်တော့ ကျွန်တော်တို့ကန်နေစဉ် ကုလားလေးတစ်ယောက် ဘေးမှ လာရပ်ရပ်ကြည့်နေတာ တွေ့ရသည်။

"ဟော့ကောင် ပါမလား"

www.burmeseclassic.com

www.burmeseclassic.com



မေးတော့ ခေါင်းညိတ်ပြသည်။ သူကား ကျွန်တော်တို့ဘော်လုံး အသင်း၏ ပထမဆုံး အမာခံအသင်းဝင် 'ဘာဘူ'ပင်ဖြစ်၏။ (နောက်ပိုင်းတွင် သူက မြန်မာ့လက်ရွေးစင် နောက်တန်းလူတစ်ယောက်ကို သဘောကျပြီး မောင်မောင်တင်ဟူသော အမည်ကို ယူခဲ့သေးသည်။)

ဘာဘူက သူ့မှာ အစ်ကိုတစ်ယောက် ရှိကြောင်း၊ ဘော်လုံးကန်ကောင်းကြောင်း ပြောပြီး ခေါ်လာသည်။ သူကတော့ ဘဲလူး။ သူတို့နှင့် ဆက်နွှယ်ပြီး နောက်ထပ်ကုလားလေးနှစ်ယောက် ရောက်လာပြန်သည်။ တစ်ယောက်က မရမ်းသီး၊ အားလုံးထဲမှာ အသားအမည်းဆုံး ဖြစ်သောကြောင့် 'ပီလီ'ဟု ခေါ်ကြ၏။ နောက်တစ်ယောက်က နာဆယ် ဖြစ်၏။ (သူကတော့ နောက်ပိုင်း နိုင်ငံခြားထွက်သွားပြီး အထူးကုဆရာဝန်ကြီး တောင် ဖြစ်နေပြီဟု သတင်းကြားရ၏။)

ဒီလိုနဲ့ တဖြည်းဖြည်း လူစုမိလာ၏။ ရပ်ကွက်တွင်းမှ တချို့ကောင် တွေပါ ပါလာပြီး ဘော်လုံးအသင်းကလေး တစ်သင်းဖြစ်လာ၏။ အနီးအနားရှိ တခြားရပ်ကွက်အသင်းများနှင့် ချိန်းကန်ကြသည်။

အစတုန်းက ကျွန်တော် ကစားသည့်နေရာမှာ ရှေ့တန်းညာအစွန် ဖြစ်၏။ တကယ်တော့ ဒီနေရာသည် ကျွန်တော်နှင့် သိပ်မကိုက်ညီလှ။ ကျွန်တော်က ကိုယ်ခန္ဓာ အနည်းငယ်သေးကွေးသဖြင့် တွန်းတွန်းတိုက်တိုက် ကစားရာမှာ အားနည်းနေသည်။

တစ်ရက်မှာတော့ ဘော်လုံးကို တအားကျုံးကန်လိုက်ရာမှာ မြေကြီး ထဲမှ တစ်စွန်းတစ်စ ထိုးထွက်နေသော အုတ်ခဲကို ကန်မိပြီး ခြေမခြေသည်း ပြုတ်ထွက်သွား၏။ ဘော်လုံးကန်လို့ မရတော့။ မကစားဘဲလည်း မနေနိုင်။ ဒီတော့...ခြေထောက်နှင့်မကန်ဘဲ ကစားလို့ရသည့် နေရာမှာ ဝင်ပါလိုက်၏။ ဂိုးစောင့်ခြင်းပင် ဖြစ်၏။

ဒီနေရာသည် ကျွန်တော်နှင့် အကိုက်ညီဆုံးဖြစ်ကြောင်း သိလာ၏။ ရှေ့တန်းမှာ ကစားတုန်းက သိပ်မဟုတ်လှသော ကျွန်တော်သည် ဂိုးဖမ်း

www.burmeseclassic.com

www.burmeseclassic.com



ရာမှာတော့ ကျွမ်းကျင်လှကြောင်း တွေ့ရ၏။ ဂိုးဖမ်းရတာကိုလည်း အရသာတွေ့လာသည်။ ခြေထောက်အနာ ပြန်ကောင်းသွားသည့်တိုင် ရှေ့တန်း ပြန်မတက်ဖြစ်တော့။

ဂိုးဖမ်းရာတွင် ကျွန်တော်၏ ပထမဆုံး ထရိန်နင်မာစတာက ကိုဗလ (သုမောင်)ဖြစ်၏။ ညဘက်ဆိုလျှင် အိမ်ရှေ့ခန်းမှာ မွေ့ရာကြီး ထုတ်ခင်းသည်။ အပေါ်က ခြင်ထောင်ပါထောင်သည်။ ခြင်ထောင်ရှေ့ဘက်ကို လှန်တင်လိုက်သောအခါ ဂိုးတိုင်နှင့် ဂိုးပိုက်လို ဖြစ်သွား၏။ သူကကန်၊ ကျွန်တော်က ဖမ်း။ မွေ့ရာပေါ်မှာဆိုတော့ ဒိုင်ဗင်ထိုးချင်တိုင်း ထိုးလို့ရသည်။ ဒီလိုနဲ့ပဲ ဂိုးဖမ်းရာမှာ ပို၍ ကျွမ်းကျင်လာခဲ့၏။

ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ဒိုင်းပွဲတစ်ပွဲလုပ်မည်ဟု သတင်းကြားသည်။ ကျွန်တော်တို့လည်း ပြိုင်ပွဲဝင်ဖို့ ပြင်ဆင်ရတော့သည်။ သို့ရာတွင် အခက်အခဲတစ်ခုနှင့် ကြုံလာ၏။ ကျွန်တော်တို့အသင်းမှ လူများက သူတို့ အလယ်တန်းကျောင်းအသင်းမှာ ဝင်ကစားရမည်ဆိုပြီး ကျွန်တော်တို့ဆီက နုတ်ထွက်သွားသည်။ ကျွန်တော်တို့အသင်းမှာ ဘဲလူး၊ ဘာဘူ၊ မောင်မောင်နှင့် ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်သာ ကျန်တော့သည်။

ကျွန်တော်တို့လည်း အတော်ပျာသွားသည်။ ဒီလူလောက်နဲ့ ပြိုင်ပွဲဝင်လို့မဖြစ်၊ ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် ကိုဗလတို့ ဘော်လုံးအသင်းမှာ ပါသူ ကိုအောင်လှိုင်မြင့်က သူကူညီမည်ဟု ဆိုသည်။ သူက အ.ထ.က.(၁)က လက်ရွေးစင်ဘော်လုံးသမား။

ကျောင်းသက်လတ်တန်း အသင်း ဘော်လုံးသမားတချို့ကို သူက ခေါ်ပေးသည်။ နှစ်ဖွဲ့ပေါင်းလိုက်သောအခါ တောင့်တင်းသော ဘော်လုံးအသင်းတစ်သင်း ဖြစ်လာ၏။ အသင်း၏ နာမည်ကို 'တိုက်စစ်လူငယ်'ဟု ပေးလိုက်သည်။

သူခေါ်လာသူများမှာ လှမြင့်(ခ)ပတေး (ယခု ရုပ်ရှင်ရိုက်ကွင်း မန်နေဂျာ)၊ ထွန်းထွန်း(ယခု အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး)၊ ကိုနိုင်၊

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်မောင်၊ အောင်ကြည်၊ တိုးမောင်၊ တင်မြိုင်၊ ဘန်းစိုး၊ ကိုတင့်၊ အောင်မြင့်တို့ ဖြစ်၏။

ထိုဒိုင်းပွဲတွင် ကျွန်တော်တို့ထက် အသက်ရော၊ လူကောင်ပါ ကြီးသည့် အသင်းကို အနိုင်ရပြီး ဗိုလ်စွဲခဲ့သည်။

'ငါးဂိုး–သုံးဂိုး အနိုင်ယူ
မဆိုင်သူတွေ မကပ်ကြနဲ့'
'တိုက်စစ်အသင်းကို နိုင်ချင်ရင်
ဆယ်နှစ်ဆယ်မိုး ကြိုးစားပါဦး'

ကျွန်တော်တို့ကို အဖေက သူ၏ ဂျစ်စတေရှင်ဝက်ဂွန်ကားကြီး၏ အမိုးပေါ် တက်ထိုင်စေပြီး မြို့နယ်အနှံ့ လျှောက်မောင်းပေးသည်။ ကျွန်တော်တို့က ဒိုင်းဆုကြီး မြှောက်ပြီး အော်ကြသည်။ ကြီးတော်ကြီးက ကြက်သားနှင့် ဘူးသီးဖာင်း ချက်ကျွေးသည်။

ဒါတွင်မက ကျွန်တော်တို့ ဒိုင်းဆုရသည့် အထိမ်းအမှတ်အဖြစ် အဖေက ပေါက်ခေါ်ငွေမောင်းအငြိမ့်ကို ငှားပြီး ဂုဏ်ပြုကပြစေသည်။ ထိုစဉ်က အငြိမ့်ငှားခက တစ်ဖွဲ့လုံးအတွက်မှ သုံးရာ့ငါးဆယ်လား ပေးရသည်။

*

ဘော်လုံးနှင့် ပတ်သက်၍ အဖေအလိုလိုက်ပုံကို သတိရမိ၏။

အဖေသည် ငယ်ငယ်က ဘော်လုံးအကန်ကောင်းသူ ဖြစ်၏။

အဲ...'ဘော်လုံးကံ'တော့ မကောင်းရှာပါ။ သူတို့ကန်ကြသည့် နေရာက ကုန်ဈေးတန်းလမ်းပေါ်မှာ ဖြစ်သည်။ အဖေက ဖူးလ်ဘက်ခေါ် နောက်တန်းက ကစားရာမှာ အလွန်တော်သည်။ ခံစစ်လုံသဖြင့် အဖေ့ကို အသင်းတိုင်းက ခေါ်ချင်ကြသည်ဟု ဆို၏။

သို့ရာတွင် အဖေက ဆင်းရဲသည်။ မုန့်ဖိုးမှန်မှန်ရဖို့ မပြောနဲ့ ထမင်း

www.burmeseclassic.com



တောင် တစ်ခါတစ်ခါ နပ်မှန်အောင် မစားရ။ တစ်ခုရှိတာက အဖေသည် သွက်လက်ချက်ချာသည်။ ရန်ကုန်မြို့တွင်း ဘယ်ဆိုင်မှာ ဘာပစ္စည်းဝယ်လို့ရမှန်း သိသည်။ ဘယ်ဆိုင်က ပစ္စည်းမှန်ပြီး ဈေးလည်းသက်သာကြောင်း စုံစမ်းထားသည်။

ထို့ကြောင့် လမ်းထဲက လူတွေက ခိုင်းစရာရှိလျှင် အဖေ့ကိုသာ ခိုင်းလေ့ရှိသည်။ အဖေကလည်း စိတ်တိုင်းကျအောင် လုပ်ပေးတတ်သည်။ ကိစ္စပြီးလျှင် မုန့်ဖိုးအဖြစ် တစ်ပြားစ တစ်ပဲစ ရလေ့ရှိ၏။ ဒါဟာ အဖေ့အတွက် မုန့်ဖိုး၊ တစ်ခါတစ်ရံ ညနေစာထမင်းဖိုး။

ဒီတော့ အဖေ့ခမျာ ဘော်လုံးကန်လျှင် တခြားကလေးတွေလို စိတ်လွတ်ကိုယ်လွတ် မကန်နိုင်။ ကစားရင်းက မကြာခဏ ဟိုဒီလှမ်းကြည့်ရသည်။ တစ်ယောက်ယောက်ကများ အိမ်ရှေ့ထွက် ဟိုဒီကြည့်ပြီး လူရှာသလို လုပ်တာတွေ့လျှင် အမြန်ပြေးသွားပြီး

"ဘာရှာတာလဲ ဒေါ်ဒေါ်၊ ဘာခိုင်းစရာရှိလို့လဲ မမ"

ဆိုတာမျိုး သွားမေး၏။ တစ်ခုခု ခိုင်းလိုက်ပြီဆိုလျှင် သူ့နေရာမှာ လူစားလဲပြီး အမြန်ပြေး၊ အမြန်ပြန်လာရသည်။ တစ်ခါတလေကျတော့ ခိုင်းမယ့်လူ ရှိလိုရှိငြား ဟိုဒီမျက်စိကစားနေသဖြင့် တစ်ဖက်လူဘော်လုံးသယ်လာတာ မမြင်လိုက်သဖြင့် မကာကွယ်မိ။ ဂိုးပေးလိုက်ရသောအခါ သူငယ်ချင်းများ၏ အပြစ်တင်ဆူပူခြင်း ခံရတာ မကြာခဏ။

ထိုစံစားချက်ကြောင့် အဖေသည် ကျွန်တော်တို့အလှည့်ကျတော့ ဘော်လုံးကန်ခြင်းကို အသားကုန်အားပေးသည်။ ဘော်လုံးကန်ခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ချုပ်ချယ်ကန့်သတ်ခြင်း မရှိစေရ။ ဘော်လုံးနှင့် ပတ်သက်သော ပစ္စည်းများ အပြည့်အစုံ ဝယ်ပေးသည်။

ကျွန်တော်တို့ငယ်ငယ် စကန်ခါစတုန်းက ဘော်လုံးမှာ ကြိုးချုပ်တဲ့ ခေါ်သည်။ အထဲက ကျွတ်ထည့်ရသည်။ ကျွတ်မှာ တစုသိုဆန်ဆန်ဖြစ်ပြီး လေမှုတ်သွင်းရသည်။ အတံတစ်တံပါသည်။ ဘော်လုံး၏ အပြင်သား

www.burmeseclassic.com

www.burmeseclassic.com



ရေခွံတွင် တစ်မိုက်နီးပါးရှိသည့် အကွဲကြောင်း ရှိ၏။ ထိုအထဲသို့ ကျွတ်ကိုသွင်း၊ လေမှုတ်တံကို အပြင်ထုတ်ထားပြီး လေမှုတ်သွင်း၊ အနေတော်ရပြီဆိုမှ လက်တစ်ညှိုးခန့်ရှိသော လေမှုတ်တံကို ခေါက်ပြီး သားရေပင်နှင့်စည်း၊ အကွဲကြောင်းထဲ ထိုးသိပ်ထည့်၊ အကွဲကြောင်းမှာ တစ်ဖက်တစ်ချက်မှာ ရှိသည့် အပေါက်ကလေးတွေထဲ ကြိုးလျှိုထည့်ပြီး တင်းနေအောင် ဆွဲစေ့ ချည်နှောင်ရသည်။

ဘယ်လောက်ပဲ သပ်ရပ်အောင်လုပ်လုပ်၊ ခေါက်သွင်းထားသည့် လေမှုတ်ပိုက်နေရာကတော့ ဖောင်းထွက်နေတာပါပဲ။ ဘော်လုံးမှာ လုံးဝလုံးစန်း မနေဘဲ ချုပ်ရိုးနေရာက ခပ်စူစူ ဖြစ်နေတတ်၏။ ထိုနေရာကို ကန်မိလျှင် နာသေးသည်။ မြေပေါ်မှာ လိမ့်ဘောသွားလျှင် ခုန်ဆွခုန်ဆွ ဖြစ်နေတတ်သေးသည်။

နောက်တော့ ချုပ်ရိုးပျောက် ဘော်လုံးတွေ ပေါ်လာသည်။ လေထိုးရာမှာ အပ်ပေါက်ကလေးထဲ လေထိုးအပ်ကို သွင်းပြီး ထိုးရုံသာ ဖြစ်၏။ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ လာသည်။ အကွက်အဆင်ကတော့ ပါကေးစီသလို သုံးတန်းဘေးတိုက်တစ်လှည့်၊ ထိပ်တိုက်တစ်လှည့်ဖြစ်၏။

ထိုဘော်လုံးများမှာ သားရေဖြင့် ချုပ်ထားခြင်း ဖြစ်၏။ ကန်ရတာ မဆိုးလှသော်လည်း ရေစိုလျှင် ပွလာပြီး အတော်လေးသည်။ အပေါ်ယံအလွှာ ပါးသွားသည့်အခါ ရေညှိလိုပင် ချောလှ၏။ နောက်ပိုင်းကျတော့ ဘော်လုံးပေါ်မှာ ရာဘာအရည် လောင်းထားသော ရေစိမ်ခံများ ပေါ်လာသည်။ ပလတ်စတစ်ဘော်လုံးဟု လူသိများသည်။

ကမ္ဘာ့ဖလားဘော်လုံးပွဲတစ်ပွဲတွင် အဖြူနှင့်အနက်ကို ပဥ္စဂံအကွက်လို စပ်ထားသော ဘော်လုံးကို စတင်အသုံးပြုသည်။ ခြင်းကျားဟု လူသိများသည်။ ကျွန်တော်တို့လည်း ခြင်းကျားရှူးရှူးကြလေတော့သည်။

ထိုဘော်လုံးမျိုးမှာ ပေါ်ခါစဖြစ်သောကြောင့် မြန်မာ့လက်ရွေးစင်များ ပင်လျှင် ပြိုင်ပွဲရှိမှ ကန်ခွင့်ရခြင်း ဖြစ်၏။ အဖေသည် ဘယ်ကဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ရအောင် ရှာခဲ့မှန်းမသိ။ ကျွန်တော်တို့ကို 'ခြင်းကျား'ဘော်လုံးတစ်လုံး ဝယ်ပေးလေသည်။

ထိုဘော်လုံးမှာ ဂျာမနီနိုင်ငံမှ ထုတ်လုပ်ခြင်း ဖြစ်၏။ လေးဆယ့်ငါးကျပ် ပေးရကြောင်း သိရ၏။ ထိုအချိန်က ကုန်ဈေးနှုန်းနှင့် တွက်လျှင် တော်တော်ဈေးကြီးသည်ဟု ဆိုရမည်။ ခုချိန်ဈေးနှုန်းနှင့် သင့်ကြည့်လျှင် ခုနစ်ထောင်၊ ရှစ်ထောင်လောက် ကျသည့်သဘော။

ထိုဘော်လုံးသည် နှစ်ပတ်လောက်သာ ကစားလိုက်ရသည်။ တစ်ရက်တွင် ကန်လိုက်သည့် ဘော်လုံးသည် ဝင်းတံခါးမှထွက်ပြီး လမ်းမပေါ် လိမ့်သွား၏။ ဖြတ်မောင်းလာသော ဘတ်စ်ကားကြီးက တက်ကြိတ်ရာ ဖောင်းခနဲ ကွဲသွားသည်။

အဖေသိသွားတော့ ဆူလိမ့်မည် ထင်တာ။ အဖေက...

"ဝင်းတံခါး ဘာလို့ ပိတ်မထားသလဲ"

ဟူ၍သာ မေးသည်။

"တံခါးတစ်ဖက်က ပိတ်လို့မရဘူးဖေဖေ။ ပတ္တာပြုတ်ပြီး မြေကြီးပေါ် ကျနေတာ၊ တွန်းလိုက်ရင် မြေကြီးထဲပဲ နစ်နစ်ဝင်သွားတယ်"

ဟု ကျွန်တော်က ဖြေသည်။ အဖေက ဘာမှထပ်မပြောတော့ဘဲ ဝင်းတံခါးကိုသာ ပြင်ပေးသည်။ နောက်နေ့ကျတော့ တီပုံသဏ္ဍာန် အကွက်များ ပါသော ဘော်လုံးတစ်လုံး ထပ်ဝယ်ပေးသည်။

ဒါတွင်မကသေး။ ဘယ်က ဘယ်လို ရှာဝယ်လာသည်မသိ။ တစ်ရက်မှာ အက်ဒီဒက်စ် ဘောကန်ဖိနပ်တစ်ရန်ပါလာသည်။

"ချိုပရာ စတိုးမှာ တွေ့တာကွ၊ ဟိုအရင်က လက်ကျန်ပစ္စည်းလို့ ပြောတယ်၊ အားလုံးပေါင်းမှ ဒီတစ်ရန်ပဲ ရှိတယ်။ တစ်လှည့်စီစီးပြီး ကန်ကြပေါ့ကွာ"

ဟု အဖေက ပြောသည်။

တွေ့တုန်း အမိအရ ဝယ်လာခြင်းဖြစ်၍ ဆိုက်ကိုက်လား၊ မကိုက်

www.burmeseclassic.com

www.burmeseclassic.com



လား မရွေးနိုင်။ အလယ်အလတ်ဆိုက်ဖြစ်သဖြင့် ကိုသုမောင်နှင့် သွား တော်သည်။ သူ့က ကံကောင်းသွား၏။ ကိုရှုပကတော့ တစ်ခါတစ်ခါ ဖိနပ်ထဲ အဝတ်စုတ် ရှေ့ကခံပြီး စီးလေ့ရှိ၏။ ကျွန်တော်ကတော့ ဘယ်လို မှ စီးလို့ မရ။ ကိုရှုပလို လုပ်ပြီး စီးကြည့်သည်။ မရ။ ဘော်လုံးတစ်ခါကန် ဖိနပ်တစ်ခါကျွတ်ပဲ။ ဒီအကြောင်း အဖေ့ကို ပြောပြတော့...

"အေးကွာ၊ ဒီတစ်ခါ မြို့ထဲရောက်ရင် လျှောက်မွှေကြည့်ဦးမယ်" ဟု ပြော၏။

နောက် နှစ်ပတ်လောက်ကြာတော့ အဖေသည် ကျွန်တော့်အတွက် ဘောကန်ဖိနပ်ကလေးတစ်ရန် ဝယ်လာသည်။ ချိုပရာစတိုး၏ ဂိုဒေါင်ထဲ ထိ ဝင်ပြီး မွှေနှောက်ရှာဖွေလာခြင်း ဖြစ်သည်ဆို၏။ မက်ဂရီကာအမျိုး အစား။

ဖိနပ်က ဆိုက်သေးဖြစ်သောကြောင့် ကျွန်တော်နှင့် တော်သည်။ ပုံစံကတော့ ခေတ်မမီ။ ဘားက ပုံလောင်းထားသော နိုင်လွန်သား မဟုတ်။ သားရေတုံးအပိုင်းကလေးတွေကို သံနှင့်ရိုက်ပြီး တပ်ထားခြင်း ဖြစ်၏။ (ထိုစဉ်က ခြောက်ဘားခေါ် သတ္တုဘားမပေါ်သေး။ ပြည်တွင်း ဖြစ် ကျော်စိန် ဘောကန်ဖိနပ်လည်း မရှိသေး။)

ဂိုဒေါင်ထဲမှာ သိမ်းထားတာ ကြာလို့လားမသိ။ သားရေက မာကြွပ် နေ၏။ အမဲဆီသုတ်ပြီး နေပူလှမ်းတော့လည်း မရ။ ဒီဖိနပ်ဝတ်ပြီး ကန်တဲ့ အခါတိုင်း ဖိနပ်ပေါက်လေ့ရှိ၏။ ထို့ကြောင့် မစီးတော့ဘဲ ထားလိုက်ရ သည်။

တကယ်တော့လည်း ထိုအချိန်က ဘော်လုံးကန်ဖိနပ် ရှားပါးလှ သဖြင့် ဆယ့်လေးငါးခြောက်နှစ်အရွယ်တွေအထိ ဖိနပ်မပါဘဲ ကန်ကြရ သည်။ အလွန်ဆုံး 'အန်းကလက်'ဟုခေါ်သော ခြေစွပ်တစ်မျိုး ဒိုသာ ညာခြေ တစ်ဖက်တည်း စွပ်ပြီး ကန်လေ့ရှိ၏။

*

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဘော်လုံးကန်သည့်အကြောင်းပြောရင်း ကျွန်တော်တို့ တိုက်စစ်ဘော်လုံးအသင်း၏ အောင်မြင်မှုများကို ကြွားမိသည်။ အတန်းထဲက ကျောင်းသားတချို့က

"မင်းတို့ သဃ်န်းကျွန်းက တောသားသား ရှိတာပါကွာ။ တောင်ကန်မြောက်ကန် နေမှာပါ"

ဟု ခပ်နှိမ်နှိမ် ပြောလာ၏။ ကျွန်တော်က မခံချင်ဖြစ်ပြီး

"မင်းတို့လို လမ်းကျဉ်းကလေးမှာ ဒဗလျူဘော်လုံးလေးကန်တာမျိုး မဟုတ်ဘူးကွ၊ တကယ့်ကွင်းကြီးမှာ နံပါတ်ဖိုက်ဘော်လုံးနဲ့ ကန်တာ"

ဟု ပြန်ချေပရင်း စကားနိုင်လုကြသည်။ ပြောရင်းပြောရင်း အရှိန်မြင့်လာပြီး ဘော်လုံးချိန်းကန်ကြဖို့ စိန်ခေါ်လိုက်ကြတော့သည်။ လာမည့် တနင်္ဂနွေနေ့ ညနေလေးနာရီ၊ သိမ်ဖြူကွင်းမှာ ကန်ကြမည်။ ရှုံးတဲ့အသင်းက ဆံရာခေါ်ကြေး။ သူတို့က မလာဘဲ မနေနိုင်အောင် ထပ်ပြီး ချည်လိုက်သေးသည်။

"မလာရဲရင် အခြောက်ပဲနော်"

"စိန်လိုက်ကွ"

သို့ရာတွင် ဘော်လုံးပွဲချိန်းပြီး ကျွန်တော်တို့မှာ အခက်ကြုံနေသည်။ သူတို့က မြို့ထဲမှာနေတာ။ သိမ်ဖြူကွင်းကို လာဖို့ လွယ်သည်။ ကျွန်တော်တို့က အဝေးကြီးသွားရမှာ။ မသွားပြန်လျှင်လည်း အခြောက်အခေါ်ခံရမည်။ ကျောင်းမှာ နှိမ်လို့ဆုံးမှာမဟုတ်တော့။

တနင်္ဂနွေနေ့ရောက်တော့ ကျွန်တော်တို့အသင်းက ကောင်တွေ လူစုံတက်စုံ ရောက်လာသည်။ အစည်းအဝေးထိုင်ကြသည်။ သူတို့ကလည်း တောသားသားအရပ်က ကောင်တွေဟု အပြောခံရသဖြင့် ခံပြင်းနေကြသည်။ မရောက်ရောက်အောင် သွားမယ်ဟု ဆုံးဖြတ်ကြသည်။

ကျွန်တော်တို့ ရှုံးစုရုံးစုလုပ်နေကြတာမြင်ပြီး ကြီးတော်ကြီးက မေးသည်။ အကြောင်းစုံသိတော့ စိတ်မချဘူး၊ မသွားရဘူးဟု တားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က မသွားလို့မဖြစ်ဘူး ဆိုပြီး တင်းခံသည်။ ကြီးတော်ကြီးက အမေ့ကို

"ညည်းသားတွေ ညည်းပဲပြောတော့"

ဟု တာဝန်လွှဲသည်။ ဆူပူဆဲဆိုတတ်သော ကြီးတော်ကြီးကိုတောင် မကြောက်တတ်သေးတာ။ "မသွားကြပါနဲ့ ကလေးတို့ရယ်" ဆိုပြီး လေပျော့ကလေးနှင့် ပြောတတ်သော အမေ့လောက်တော့ အေးအေးဆေးဆေးပဲ။

ကြီးတော်ကြီးသည် နောက်ဆုံးလက်နက်ကို သုံးလေသည်။ အဖေ့ကို သွားတိုင်ခြင်းပင်ဖြစ်၏။ အဖေက ကျွန်တော်တို့အားလုံးကို သူ့ရှေ့သို့ ဆင့်ခေါ် လိုက်၏။

"မင်းတို့ ဘော်လုံးကန်ဖို့ကိစ္စက ဘယ်လောက်တောင် အရေးကြီးနေလို့လဲ"

ဟု မျက်နှာထားတည်တည်မေးသည်။ ကျွန်တော်တို့တစ်ယောက်ကို တစ်ယောက် ကြည့်ကြသည်။ ကိုရှုပက မျက်လုံးပေကလပ် ပေကလပ်လုပ်ပြီး

"မဟုတ်ဘူးဖေဖေ၊ ကျွန်တော်တို့ မသွားရင် သူတို့က ကျွန်တော်တို့ကို စကြောက်တွေလို့ ပြောမှာ"

အဖေက ကျွန်တော့်ဘက် လှည့်ကြည့်သည်။ ကျွန်တော်က ပြုနေကျအတိုင်း လက်ကို တင်းတင်းပိုက်ထား၏။ လက်သီးနှစ်လုံးကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ ဒါ ငယ်ငယ်က ကျွန်တော့်စတိုင်ပဲ။ အဖေက ကျွန်တော့်ကို ခဏကြာအောင် စိုက်ကြည့်နေပြီးမှ

"ကဲ...ဟော့ကောင်တွေ၊ အားလုံးကားပေါ်တက်ကြ"

ကျွန်တော်တို့ပျော်သွားပြီး ကားပေါ်တိုးဝှေ့တက်ကြသည်။ သိမ်မြို့ကွင်းသို့သွားရာ လမ်းတစ်လျှောက် လူတွေကားတွေ ရှင်းနေသည်။ တာဝန်နှင့် သွားနေသော ဌာနဆိုင်ရာကားများ၊ စစ်ကားများ၊ ရဲကားများ

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အတွေ့ရများသည်။

သိမ်ဖြူကွင်းရှေ့မှာ ကားရပ်လိုက်တော့ ဟိုဘက်က ကောင်တွေ တစ်ယောက်မှ မရောက်သေး။ လေးနာရီထိုးသောအခါ အဖေက...

"မင်းတို့နဲ့ကန်မယ့်ကောင်တွေ မလာတော့ဘူးထင်တယ်ကွ။ ဒါဆို မင်းတို့နိုင်ပြီပေါ့"

ဘောလုံးပွဲ ထုံးစံအရ ပြိုင်ပွဲစမည့်အချိန်တွင် တစ်ဖက်အသင်းက ရောက်မလာလျှင် ဆယ့်ငါးမိနစ် စောင့်ရသည်။ ဒါမှ ရောက်မလာလျှင် အရှုံး။ ခဏစောင့်ဦးမည်ဟု အဖေ့ကို ပြောသည်။ လေးနာရီ မိနစ်နှစ်ဆယ် အထိ သူတို့ရောက်မလာ။ ကျွန်တော်တို့နိုင်ပြီ။

သို့ရာတွင် ကိစ္စကမပြီးသေး။ ကျွန်တော်တို့ တကယ်လာတယ် ဆိုတာ ဟိုကောင်တွေ ဘယ်လိုလုပ်သိမလဲ။ သက်သေလည်း ရှိတာ မဟုတ်။ တော်ကြာ "မင်းတို့လည်း မလာပါဘူးကွာ"ဆိုပြီး ဖွတ်ငြင်းနေ လျှင် ခက်မည်။ ဒီတော့...

ကျွန်တော်နှင့် အဓိကငြင်းခုံခဲ့တဲ့ကောင်ရဲ့အိမ်ကို ကျွန်တော်သိ သည်။ ထို့ကြောင့် အဖေ့ကို အဲဒီအိမ်ကိုတော့ လိုက်ပို့ပေးပါ။ ကျွန်တော် တို့ တကယ်ရောက်ခဲ့ကြောင်း အသိပေးပြီးလျှင် ပြန်မည်ဟု ပြောကြည့် သည်။ အဖေက သဘောတူသည်။

ရန်ကုန်အရှေ့ပိုင်းရှိ လမ်းတစ်လမ်းထဲသို့ သွားကြသည်။ ဟိုကောင့် အိမ်ရှေ့မှာ ကားရပ်သည်။ ကျွန်တော်နှင့် ကိုရှုပတို့ ဆင်းသွားကြသည်။ အိမ်က နှစ်ထပ်ဖြစ်၏။ တံခါးပိတ်ထားသည်။ ကျွန်တော်တို့က ဟိုကောင့် နာမည်အော်ခေါ်သည်။ အဒေါ်ကြီးတစ်ယောက် တံခါးကို အသာဟ ကြည့်သည်။ ကျွန်တော်တို့ကို မြင်တော့...

"ဘာကိစ္စလဲ"

ကျွန်တော်တို့က ဟိုကောင်နှင့် ဘောလုံးကန်ဖို့ ချိန်းထားကြောင်း သူမလာသဖြင့် လာခေါ်ကြောင်း ပြော၏။ အဒေါ်ကြီးက ပြုံးပြုံးပျာပျာ ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"အလိုတော်...ရှုပ်ရှုပ်ယှက်ယှက်၊ မသိဘူး၊ သွားကြ၊ သွားကြ"

ဟု နှင်လွှတ်သည်။ ကျွန်တော်တို့ကလည်း ဟိုကောင်မရှိဘူးလား မေးသည်။

"မရှိဘူး၊ မရှိဘူး။ ဘယ့်နှယ်တော်၊ ဒီလိုအချိန်ကြီးမှာ ဘော်လုံးချိန်းကန်ရတယ်လို့၊ လိုက်ပို့တဲ့လူကလည်း ပို့သေးတယ်၊ ဘယ်လိုဟာတွေမှန်း မသိဘူး။ အံ့ပါရဲ့"

ဟု ကားထဲမှာ ထိုင်နေသော အဖေ့ကိုပါ မျက်စောင်းလှမ်းထိုးရင်း ပြောသည်။ အဖေက နားလေးသူမို့ ကြားမည်မဟုတ်။ သို့တိုင်အောင် အဒေါ်ကြီး၏ ဟန်ပန်အမူအရာကို ကြည့်၍ သူ့ကိုပါ စောင်းချိတ်ပြောနေမှန်းတော့ ရိပ်မိဟန်တူသည်။ အဖေက ရယ်လိုက်ပြီး...

"သားတို့ရေ၊ သွားကြမယ်ဟေ့"

ကျွန်တော်တို့လည်း ကားပေါ်ပြန်တက်ကြသည်။ ကားထွက်ခါနီး မှာပင် အိမ်ပြတင်းတံခါးကို အသာဟ၍ ချောင်းကြည့်နေသော ဟိုကောင်ကို တွေ့လိုက်ရလေ၏။

"ဟေ့ကောင်၊ အခြောက်"

ကျွန်တော်က မြန်ရည်ယှက်ရည်လှမ်းအော်လိုက်သည်။

*

ကျွန်တော်တို့အသင်းအတွက် ဝတ်စုံအသစ်လိုအပ်လာသည်။ ဆယ်သိန်းရပ်ကွက်ထဲမှာ ဒိုင်းပွဲတစ်ပွဲ ဝင်စရာ ရှိသည်။ ကျွန်တော်တို့မှာရှိသည့် ဝတ်စုံတွေက တော်တော်ဟောင်းနေပြီ။ အရောင်လွင့်တာက လွင့်၊ အပေါက် ပြဲတာက စုတ်ပြဲဖြစ်ပြီး သိပ်မသားနားတော့။

ထို့ကြောင့် အဖေ့ကို အပူကပ်ကြပြန်သည်။ ထိုအချိန်က ဘော်လုံးကန်အကျႌ မပြောနှင့်၊ စွပ်ကျယ်တောင် အတော်ရှားပါးနေသည့် ဆိုရှယ်

www.burmeseclassic.com

www.burmeseclassic.com



လစ်ခေတ်ဦး ဖြစ်သည်။ မြို့နယ်ဘော်လုံးအသင်းများသာ အားကာ၏ ထောက်ခံစာဖြင့် ဝယ်နိုင်သည်။ ဒါတွင်မက… ကျွန်တော်တို့ဆိုက်က သက်လတ်တန်း စကဆိုက်ဖြစ်၍ ပိုတောင်ရှားသေးသည်။

အဖေက မာလကျင်ဖြစ်ဖြစ်၊ ဇင်ပီတ်ဖြစ်ဖြစ် ရှာပြီး ကိုယ်ဟာကိုယ် ချုပ်ဖို့ အကြံပေးသေးသည်။ ကျွန်တော်တို့ကလည်း ဘော်လုံးကန်အကျီ မှ ဝတ်ချင်သည်။

ဒီမှာတွင် ကျွန်တော်တို့အသင်းမှ လှမြင့်က…

"ငါတို့အဖေရဲ့အသိ ကုန်တိုက်မှာ ရှိတယ်ကွ။ မစ္စတာပတေးတဲ့၊ အဖေ့ကို စာရေးခိုင်းပြီး သွားဝယ်ရင်ရတယ်"

ဟု ပြောသည်။ ကျွန်တော်တို့က မယုံ။ သူခဏခဏပြောလွန်းတော့ ဟုတ်လိုဟုတ်ငြား သွားကြည့်သည်။ ဟုတ်သည်။ ပြည်သူ့ကုန်တိုက်မှ အားကစားပစ္စည်းတာဝန်ခံ မစ္စတာပတေးမှာ လှမြင့်အဖေ ဦးလှတင်၏ သူငယ်ချင်း။ ထို့ကြောင့် ဝတ်စုံဝယ်ခွင့်ရလိုက်သည်။

လှမြင့်သည် ဂုဏ်ယူ၍မဆုံးတော့။ မစ္စတာပတေး သဘောကောင်း ကြောင်း၊ သူ့အဖေနှင့် ဘယ်လိုခင်ကြောင်း၊ ခဏခဏပြောသည်။ သို့နှင့် ပတေးအကြောင်း ပြောလွန်းသော လှမြင့်ကို ပတေးဟု နာမည်ပေးလိုက် လေတော့သည်။ ဒီနာမည် ဘယ်လောက်တွင်သွားသလဲ ဆိုတော့…အခု ဒီကောင် ရုပ်ရှင်ရိုက်ကွင်း တာဝန်ခံဖြစ်နေတာတောင် ဒီနာမည်ကို နာမည် ရင်းထက် ပို၍ လူသိများသည်။ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲ စာတန်းထိုးလျှင် တောင် ရိုက်ကွင်းတာဝန်ခံ ကိုပတေးဟု ထိုးရသည်။ (ဒီကောင်သည် မစ္စတာပတေးအကြောင်းကို ခုထိလည်း အရက်မူးလာ လျှင် ပြောတုန်းဖြစ်၏။)

*

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကျောင်းပြောင်းခဲ့တာလည်း အဲဒီ ပတေးလှမြင့်ကြောင့်ပဲ။ တစ်ရက်မှာ သူက ပြောသည်။

"မင်းတို့ညီအစ်ကို၊ ငါတို့ကျောင်းမှာရှိရင် ကောင်းမယ်ကွာ၊ ကျောင်းအသင်း ပိုတောင့်သွားမှာပဲ"

ဆိုပြီး ကျောင်းက ဘော်လုံးအားပေးပုံ၊ ဘော်လုံးသမားတွေကို ပစားပေးပုံ၊ စာမေးပွဲ မဖြေနိုင်ရင်လည်း ကိစ္စမရှိ၊ ဘော်လုံးသမားဆို အအောင် ပေးတတ်သလိုလို ပြောလာ၏။ ကျွန်တော်တို့က စိတ်ဝင်စားမိသည်။ အဓိကကတော့ သူတို့နှင့်အတူ တစ်စုတစ်ဝေးတည်း ကျောင်းတက်လိုခြင်း၊ ကျောင်းလက်ရွေးစင်အသင်းမှာ ပါဝင်ကစားလိုခြင်းတို့ကြောင့် ဖြစ်၏။

"မင်းတို့ ကျောင်းပြောင်းလာခဲ့မယ်ဆိုရင် ဆရာဦးစိန်ဝင်းကို ငါပြောပေးမယ်"

ဟု ပတေးက ထပ်ဆွယ်ပြန်သည်။ ဆရာဦးစိန်ဝင်း ဆိုသည်မှာ သယ်္ဃန်းကျွန်း အ.ထ.က(၁)မှ အားကစားဆရာဖြစ်၏။

"အေးကွာ၊ ငါတို့ အဖေ့ကို ပြောကြည့်ဦးမယ်"

ကျွန်တော်တို့က ကျောင်းပြောင်းချင်ကြောင်း ပြောသောအခါ အဖေက...

"ဘာဖြစ်လို့ ပြောင်းချင်တာလဲ"

မေးသည်။ ကျွန်တော်တို့ကလည်း ညာမပြော။ အမှန်အတိုင်းပင် လှမြင့်တို့ ထွန်းထွန်းတို့နှင့်အတူ ကျောင်းဘော်လုံးအသင်းမှာ ပါချင်လို့...ဟု ဖြေသည်။ အဖေက ပြောင်းချင်လည်း ပြောင်းဆိုပြီး သူ့ တပည့်ထဲက ချက်ချက်ချာချာ ရှိသော ကိုကြီးကိုသောင်းကို တာဝန်ပေးလိုက်သည်။

ကိုကြီးကိုသောင်းက လူကြီးလုပ်၍ ကျွန်တော်တို့ တက်နေသော စိန့်ပေါလ်ကျောင်း (ထိုအချိန်တွင် ပြည်သူပိုင် သိမ်းပြီး၍ အ.ထ.က(၆)

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်တထောင် ဖြစ်နေပြီ။ ) သို့ လိုက်လာပြီး ကျောင်းထွက်ဖို့ စီစဉ်သည်။

ရုတ်တရက် ကျောင်းထွက်မည် ဆိုသဖြင့် အတန်းပိုင်ဆရာမက အံ့ဩသွားသည်။ စိတ်မကောင်းဖြစ်သွားဟန်လည်း တူသည်။ ကျောင်းအုပ်ဆရာကြီးကလည်း ဒီကျောင်းမျိုး နောက်တစ်ကြိမ် ပြန်ဝင်ခွင့်ရဖို့ မလွယ်ကြောင်း၊ သေသေချာချာ စဉ်းစားဖို့အကြောင်း၊ အခက်အခဲရှိလျှင်လည်း ပြောပါ။ သူကူညီမည်ဖြစ်ကြောင်း ပြောသည်။

ကျွန်တော်တို့က ကျောင်းကဝေးလို့ပါ ဟူ၍သာ အကြောင်းပြသည်။ ဘော်လုံးကန်ချင်လို့ ဆိုပြီး ပြောလို့ကတော့ ဘယ်ဖြစ်ပါ့မလဲ။ ကျွန်တော်က အေတန်းမှဖြစ်သောကြောင့် ဆရာကြီးက လက်လွှတ်ချင်ပုံမရ။

ကိုကြီးကိုသောင်းက အဖေရေးပေးလိုက်သောစာကို ထုတ်ပြသည်။ ထိုအခါ ဆရာကြီးလည်း ဘာမှ ထပ်မပြောတော့ဘဲ ကျောင်းထွက်လက်မှတ် ထုတ်ပေးလိုက်၏။

ထိုအကြောင်း အမေ့ကို ကြိုတင်အသိမပေးခဲ့။ ကျောင်းထွက်လာပြီးတော့မှပင် ပြောပြလိုက်၏။ အမေက တဖျစ်တောက်တောက် ဖြစ်နေသည်။ (ခုချိန်မှာ တချို့မိဘတွေ မြို့ထဲက ကျောင်းတွေမှာ သားသမီးကို ထားခွင့်ရဖို့ ငွေကုန်ကြေးကျခံပြီး ကြိုးစားကြတာ မြင်တော့ ကျွန်တော်ရယ်ချင်သည်။)

ကျွန်တော်တို့လည်း ကျောင်းထွက်လာခဲ့ပြီဖြစ်ကြောင်း ပတေးကို ပြောလိုက်သည်။ ပတေးက

"ဟင်...မင်းတို့က ကျောင်းတောင် ထွက်လာခဲ့ပြီလား။ ငါက ဆရာဦးစိန်ဝင်းကို ပြောတောင် မပြောရသေးဘူး"

"ဒါဆိုလည်း ပြောလိုက်တော့လေကွာ"

"ငါ မပြောရဲဘူး"

"ဟာ...ဘယ်လိုလဲ။ မင်းပဲ ပြောပေးမယ်ဆို"

"အေးလေ...ငါက ပြောကြည့်ပေးမယ်လို့ ပြောတာ။ ဆရာက

www.burmeseclassic.com

www.burmeseclassic.com



လက်ခံမှ ကျောင်းပြောင်းရမှာပေါ့၊ ခုတော့...မင်းတို့က ကိုယ့်ဟာကိုယ် ကျောင်းထွက်လာတယ်ဆိုတော့..."

"ဘာပဲဖြစ်ဖြစ်၊ ဆရာ့ကို ပြောကြည့်ပေးပေါ့ကွ"

"ဟာ...မဖြစ်ဘူး။ သူ့ကို ကြိုတင်မတိုင်ပင်ရကောင်းလားဆိုပြီး ငါ့ကို နားရင်းအုပ်မှာကွ"

တကယ်တော့ ကျွန်တော်တို့ ကလေးတွေးတွေးပြီး လုပ်ခဲ့ကြခြင်း ဖြစ်၏။ ကျောင်းပြောင်းတာ လွယ်လွယ်လေးဟု ထင်နေသည်။ ပတေးက လည်း ကလေးတို့သဘာဝ သူငယ်ချင်းနှင့်အတူတူနေချင်သဖြင့် သူ စိတ် ကူးယဉ်မိတာကို တကယ်လိုလို လျှောက်ပြောခဲ့ခြင်းဖြစ်၏။ ကျွန်တော် တို့ကလည်း ဘော်လုံးကန်ချင်ဇောနှင့် ဘာမှမစဉ်းစားဘဲ ဖွတ်လုပ်ခဲ့ခြင်း ဖြစ်၏။

တကယ်တမ်း သဃ်န်းကျွန်းကျောင်းမှာ သွားအပ်တော့ ကျောင်း အုပ် ဆရာကြီးက ကျောင်းမှာ လူများနေပြီ၊ ပြီးတော့ ကျောင်းဖွင့်တာ လည်း တစ်လတောင် ကျော်နေပြီ ဖြစ်၍ လက်မခံနိုင်တော့ဟု ပြောလိုက် လေသည်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်မှာ ဘာ့လုပ်ရမှန်းမသိတော့ဘဲ ငိုမဲ့မဲ့ မျက်နှာလေးများဖြင့် အိမ်ပြန်လာကြသည်။ ဒီကျောင်းမှာ ဝင်ခွင့်ရ ဖို့ အားလုံးစီစဉ်ပြီးသယောင် အပိုင်ပြောခဲ့မိသဖြင့် အဖေ့ကိုလည်း ဒီကိစ္စ မတင်ပြရဲတော့။

အမေ့ကိုတော့ ပြောပြရသည်။ အမေက မူလတန်းကျောင်းအုပ် လုပ်ခဲ့ဖူးသဖြင့် ဆရာကြီးတွေထဲမှာ အသိအကျွမ်း ရှိနိုင်သည်။

"ဟဲ့...အဲဒီ ကျောင်းအုပ်ကြီး နာမည်က ဘယ်သူတဲ့တုံး"

ဟု အမေက မေးသည်။ ဆရာကြီး ဦးအောင်ခင်လို့ ပြောတော့...

"နေဦး...ငါ့သူငယ်ချင်း ကိုအောင်ခင်များ ဖြစ်နေမလား မသိဘူး"

ဆိုပြီး ကျောင်းကို လိုက်လာသည်။ ရုံးခန်းထဲ ရောက်တော့

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ၊ အမေနဲ့ သူငယ်တန်းကတည်းက ကျောင်းအတူနေလာခဲ့သည့် သူငယ်ချင်းဖြစ်နေ၏။ ဒါတွင်မက ဆရာကြီးသည် အဖေ့စာဖတ်ပရိသတ်လည်း ဖြစ်၏။ အမေက ကျွန်တော်တို့ကျောင်းအပ်ဖို့ကိစ္စ ပြောတော့ ဆရာကြီးက

"မိခင်ညိုရဲ့၊ နင်လည်း ကျောင်းအုပ်လုပ်ခဲ့တာပဲ။ ခုလို ကျောင်းဖွင့်လို့ တစ်လကျော်လောက်ကြာမှ လာအပ်တာ စည်းကမ်းနဲ့မညီဘူးဟဲ့၊ ဝန်ထမ်းမို့လို့ နယ်ပြောင်းလာတာဆိုလှည်း ထားတော့..."

အမေက...

"နင် စည်းကမ်းကြီးတယ်ဆိုတာ ငါသိပါတယ် ကိုအောင်ခင်ရယ်၊ ဒါပေမဲ့ ဖြစ်ပုံကတော့..."

ဆိုပြီး ကျွန်တော်တို့လုပ်ပေါက်ကို ပြောပြသည်။ ဆရာကြီးက တွေ၍ နားထောင်နေပြီးမှ ကျွန်တော်တို့ကို မျက်မှောင်ကုတ်ကြည့်ပြီး

"ဩော်... လက်စသတ်တော့ မင်းတို့က ဘော်လုံးကန်ချင်လို့ ငါ့ကျောင်းကို လာတာကိုး...ဟုတ်လား"

ကျွန်တော်တို့လည်း မျက်နှာငယ်လေးများနှင့် ခေါင်းညိတ်ပြလိုက်ရ၏။ ဆရာကြီးက ကျောင်းစာရေးကို လှမ်းခေါ်ပြီး

"ဟေ့...ဒီကောင်နှစ်ကောင်ကို ခုနစ်တန်းအေကို သွားပို့ပေးလိုက်"

ထိုအခါကျမှ အမေလည်း သက်ပြင်းချနိုင်သည်။ ကျွန်တော်တို့လည်း ရင်ထဲက အလုံးကြီးကျသွား၏။ ထိုအလုံးကြီးကား ဘော်လုံးကြီးပင် ဖြစ်လေသည်။

(ပတေးဆိုတဲ့ကောင် ဘယ်လောက်များ ဇာတ်ရှုပ်သလဲဆိုရင် ကျွန်တော်တို့ ကိုးတန်းတက်သောနှစ်တွင် သူ မြို့ထဲက ကျောင်းသို့ ပြောင်းသည်။ သူပြောင်းသွားသောကျောင်းကား၊ ကျွန်တော်တို့ထွက်လာခဲ့သည့် စိန်ပေါ်ကျောင်းပင်တည်း။)

*

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့လည်း ထိုနှစ်တွင် ဘော်လုံးမကန်လိုက်ရပါ။ ကျောင်းပေါင်းစုံဘော်လုံးပွဲကို ထိုနှစ်က မဝင်ဖြစ်ခဲ့သောကြောင့် ဖြစ်၏။ နောက်တစ်နှစ်ကျမှ သက်လတ်တန်း လက်ရွေးစင်အဖြစ် ကန်ခွင့်ရသည်။

အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောရလျှင် ကျွန်တော်တို့သည် သဃ်န်းကျွန်းကျောင်းမှာ ပို၍ ပျော်ခဲ့ပါသည်။ ဟိုကျောင်းမှာတုန်းက သူငယ်ချင်းဆိုတာ ကျောင်းမှာပဲ တွေ့ရသည်။ ကျန်တဲ့အချိန်တွေမှာ မတွေ့နိုင်။ အိမ်ချင်းက အဝေးကြီး။ ဒီကျောင်းမှာကျတော့... အတန်းထဲက သူငယ်ချင်းသည် ရပ်ကွက်ထဲမှာလည်း ပြန်ဆုံနိုင်သည်။ တစ်မြို့နယ်ထဲမှာ မနီးမဝေးနေကြသူများမို့ ကျောင်းပိတ်ရက်တွေမှာတောင် တတွဲတွဲ ရှိကြ၏။ ထို့ကြောင့် ပို၍ သံယောဇဉ် တွယ်မိခြင်း ဖြစ်မည်။ ဘော်လုံးကန်ခွင့် ရတာကလည်း အဓိကအကြောင်းတစ်ကြောင်း။

ဆရာကြီးသည် ကျွန်တော်တို့ကို သူ့ကျောင်းမှာ လက်ခံလိုက်ခြင်းမှာ အမေ့မျက်နှာကြောင့်ဆိုတာတော့ မှန်သည်။ ဘော်လုံးသမားဆိုသော အချက်ကလည်း အထိုက်အလျောက် အထောက်အကူပြုခဲ့လိမ့်မည်ဟု ထင်၏။

ဆရာကြီးကလည်း ဘော်လုံးဝါသနာအိုးကိုး။ သူက ဘော်လုံးသမားတွေကို အလွန်အရေးပေးသည်။ ဘော်လုံးပွဲရှိတဲ့နေ့ဆိုလျှင် သူကိုယ်တိုင် လိုက်အားပေးလေ့ရှိ၏။

ဆရာဦးညွန့်ရင် ဆိုတာလည်း ရှိသေးသည်။ ဆရာက သင်္ချာဆရာဖြစ်သော်လည်း ဘော်လုံးကိစ္စမှာ ဝင်မပါဘဲ မနေနိုင်။ ကျွန်တော်တို့ ဘော်လုံးသမားများ၏ ကျန်းမာရေး၊ အာဟာရပြည့်ဝအောင် စားရေး၊ စနစ်တကျ လေ့ကျင့်ရေးတို့ကို အကြံပေးသည်။

နောက်တစ်ဦးကတော့ ပတေးလှမြင့်တို့ ထွန်းထွန်းတို့ အလွန်ကြောက်ရသည်ဆိုသော အားကစားဆရာ ဦးစိန်ဝင်း။ ကျောင်းလက်ရွေးစင်အတွက် လူရွေးသည့်ပွဲမှာပင် ဆရာနှင့် နဖူးတွေ့ဒူးတွေ့ ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လာရောက် အရွေးခံသည့် ကျောင်းသားလေးဆယ်ကျော်လောက်ရှိရာ...ဆရာက

"ကဲ...တိုက်စစ်အသင်းက ခွေးသားတွေ၊ ဒီဘက်ထွက်ပြီး ရပ်စမ်း"

ဟု အမိန့်ပေးသည်။ ကျောင်းမှာ ကျွန်တော်တို့အသင်းက ခုနစ်ယောက် ရှိသည်။ သီးခြားတန်းစီနေသော ကျွန်တော်တို့ရှေ့မှ ဖြတ်လျှောက်ရင်း ဆရာက တစ်၊ နှစ်၊ သုံး၊ လေး ဟု ရေတွက်သွား၏။ ရိုးရိုး ရေတွက်ခြင်းမဟုတ်။ နဖူးကို တစ်ချက်စီ ထိုးပြီး ရေတွက်ခြင်းဖြစ်၏။ တကယ်ပင် နဖူးတွေ့တွေ့ရခြင်း။

အမှန်တော့ သူသည် ကျွန်တော်တို့အသင်းကို အမှာခံထားပြီး လူရွေးဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။ ဆန်ရင်းနာနာထိုးသည့်သဘောဖြင့် ထိပ်တစ်ချက်စီ ထိုးပြီး သတိပေးလိုက်ခြင်းလည်း ဖြစ်၏။

တို့နောက် တစ်ဖက်မှ ရပ်နေသူတွေထဲက လေးယောက်ရွေးထုတ်ပြီး ကျွန်တော်တို့အသင်းကို ဖြည့်ပေးသည်။ ကျန်တဲ့ထဲက နေရာအလိုက် လူဆယ့်တစ်ယောက်ရွေးပြီး တစ်သင်းဖွဲ့ပေးသည်။ ပြီးတော့ ကျွန်တော်တို့အသင်းနှင့် ကန်ခိုင်းသည်။ ဒီကြားထဲ တစ်ဖက်အသင်းအတွက်သာ လူတွေ လဲလဲသွားပြီး ကျွန်တော်တို့ကတော့ ပင်တိုင် ကစားပေးရသည်။

တကယ်တမ်း လူရွေးတော့လည်း ကျွန်တော်တို့အသင်းကို အခြေခံပြီး လိုတာထပ်ဖြည့်ခဲ့ခြင်း ဖြစ်၏။ ဆရာ့စိတ်ကူးက မှန်သည်။ ကျွန်တော်တို့အသင်းသားအများစုသည် သက်ငယ်တန်းတုန်းက လက်ရွေးစင်များ ဖြစ်၏။ ပြီးတော့ တွဲကစားနေကျဖြစ်၍ တစ်ယောက်အထာ တစ်ယောက် သိနေပြီ။ အသင်းလိုက်စုစည်းမှုအတွက် အထူးလေ့ကျင့်ပေးစရာ မလိုတော့။

ဆရာဦးစိန်ဝင်းနှင့် နဖူးတွေ့တွေ့ပြီးနောက် ဒူးတွေ့တွေ့ရပြန်သည်။ ဒူးတွင်မက ပေါင်တွေ့၊ ခြေသလုံးတွေ့ ဆိုတာလည်း ပါသေးသည်။ အကြောင်းမှာ...

www.burmeseclassic.com

www.burmeseclassic.com



ဆရာသည် ဘောလုံးကန်တာကို ဘယ်လောက် ဝါသနာကြီးသလဲ ဆိုရင် စကားပြောရာမှာတောင် ဟိုကန်ဒီကန်လုပ်ရင်း ပြောတတ်သူ ဖြစ်၏။ သူနှင့် ဆုံမိသည့်အခါ "ဟေ့ကောင်"ဆိုပြီး ခြေထောက်နှင့် လှမ်း ကန်ရင်း နှုတ်ဆက်သည်။ ပြီးမှ 'ဘယ်က လာသလဲ'ဆိုသော စကားကို ဆက်သည်။

ဒူးဖြစ်ဖြစ်၊ ခြေသလုံးဖြစ်ဖြစ်၊ ပေါင်ဖြစ်ဖြစ် အရင်လှမ်းကန်ပြီးမှ စကားပြောတတ်သူဖြစ်၏။ အစပိုင်းမှာ ခဏခဏထိသည်။ နောက်ကျ တော့...သူ့ကိုတွေ့လျှင် အနားမကပ်ဘဲ ခွာပြီး ရပ်ရသည်။ သူ့မျက်နှာ မကြည့်ဘဲ ခြေထောက်ကို သတိထားရသည်။ သူလှမ်းကန်သည့်အခါ အသာလေးရှိုပြီး ရှောင်ရသည်။ သူကား...သူများတကာတွေ ပခုံးကို ပုတ် ပြီး နှုတ်ဆက်သလိုမျိုး ခြေထောက်နှင့်ကန်ပြီး နှုတ်ဆက်တတ်သူ တစ်ယောက် ဖြစ်လေ၏။

ဘောလုံးသမားတွေက သူ့ကို ကွယ်ရာမှာ 'ဂျပန်'ဟု ချစ်စနိုးခေါ် ကြ၏။ ထရိန်နင်ပေးရာမှာ ကြမ်းလွန်းသောကြောင့် ဖြစ်၏။ ကျွန်တော် တို့ကိုပဲ ကြည့်။

မနက် ခနစ်နာရီအရောက် ကျိုက္ကဆံဘုရားအနီးရှိ ဘောလုံးကွင်း သို့ အရောက်သွားရသည်။ ရောက်တာနဲ့ ကွင်းကို ပတ်ပြေးရသည်။ ပြီး လျှင် အကြောလျှော့လေ့ကျင့်ခန်းလုပ်။ ကွင်းကို ပတ်ပြီး ထပ်ပြေး။ ပြီး တော့မှ ဘောလုံးနှင့် ဆိုင်သော လေ့ကျင့်မှုများ လုပ်ရသည်။

စပရင်ဆွဲခြင်းခေါ် ခေါက်တုံ့အမြန်ပြေးခြင်း၊ ခေါင်းတိုက်လေ့ကျင့် ခြင်း၊ ထောင့်ကန်ဘောကျင့်ခြင်း၊ ဖရီးကစ်အကန်ကျင့်ခြင်း၊ ခွေးရူးကစား ခြင်း၊ ဘောလုံးကို မြွေလိမ်မြွေကောက် ဆွဲပြေးခြင်း၊ ဂိုးသွင်းကျင့်ခြင်း၊ ခံစစ်ကြောင်း ကျင့်ခြင်း၊ တစ်ချက်ထိ နှစ်ချက်ထိ ကျင့်ခြင်း၊ ဂိုးဖမ်းလေ့ ကျင့်ခြင်းတို့ ဖြစ်၏။

ဒါတွေကို မရပ်မနား လုပ်လိုက်ရတာ ဆယ်နာရီထောက်မှပြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေများ ကျွန်တော်တို့ ထရိန်နင်ဆင်းရာက အပြန် တခြား ကျောင်းသားကျောင်းသူတွေ နေ့လယ်ပိုင်း ကျောင်းတက်ဖို့အလာနှင့် တောင် ဆုံသည်။

ကျွန်တော် ဂိုးဖမ်းကျင့်ရပုံကိုလည်း ကြည့်ဦး။

ဘော်လုံးမပါဘဲ ဘယ်ညာအလွတ် ဒိုင်ဗင်ထိုးနေရတာကပဲ တစ်နေ့ အခါတစ်ရာမက။ ဂိုးတိုင်အတွင်း ဟိုဘက်ဒီဘက်ပြေးရင်း ဘားတန်းကို ခုန်ခုန်ပုတ်ရတာလည်း ပါသေးသည်။ သက်လတ်တန်းအရွယ် တစ် ယောက်အဖို့ (ကျွန်တော်က လူကောင်လည်း နည်းနည်းသေးသဖြင့်) ဘားတန်းကို ထိအောင် ခုန်ပုတ်ရတာ မလွယ်လှ။

နောက်ပြီး ရိုးလ်အထိုးကျင့်ရသည်။ ဘော်လုံးကို ခပ်လှမ်းလှမ်းမှာ ချထားပြီး အလျားထိုး၍ ခုန်အုပ်ရခြင်း ဖြစ်၏။ ဘော်လုံးကို ပိုက်မိသည့် အခါ တစ်ပတ်ကျွမ်းလိမ့်ပြီး တစ်ဖက်မှာ မတ်တတ်ရပ်လျက် ထပြီးသား ဖြစ်အောင် ချိန်ကိုက်လုပ်ရသည်။ ဘော်လုံးအကွာအဝေးကို တဖြည်းဖြည်း တိုးသွားရာ နောက်ဆုံး ဆယ်ပေလောက်အထိ မရရအောင် ထိုးယူရ၏။

ဒါ ပထမအဆင့်ပဲ ရှိသေးသည်။ ဒုတိယအဆင့်ကတော့ ဘော်လုံးကို အငြိမ်မထားဘဲ လိမ့်နေတုန်း ရအောင် လိုက်ပစ်ရတာ။ တတိယအဆင့် ကျတော့ တစ်ဖက်လူ ခြေထောက်ထဲက ဘောလုံးကို ဒိုင်ဗင်ထိုးပြီး လုယူရခြင်း ဖြစ်၏။

ပြီးတော့ ဘော်လုံးကို ကိုယ့်ရှေ့တန်းလူဆီ ရောက်အောင် ကန် တင်ရာမှာ စင်တာ (ကွင်းလယ်စည်း)ကို ကျော်အောင် ကန်နိုင်ဖို့ ကျင့်ရ သည်။ ကန်ရာမှာလည်း ဒရော့ပ်ခေါ် မြေထောက်ဘောအဖြစ် ကန်ရခြင်း ဖြစ်၏။ ဘော်လုံးကို လေထဲ မြှောက်ပြီး ကန်ခြင်းထက်၊ မြေထောက် ဘော ကန်ရခြင်းက ပိုခက်သည်။ သို့ရာတွင် ကန်တတ်လျှင် လိုရာကို ပိုပြီး တိကျ စွာ ရောက်စေသည်။ ကိုယ့်လူဆီ ဘော်လုံးကျသည့် အခါမှာ လည်း ဖမ်းရထိန်းရ လွယ်ကူစေသည်။ ရှစ်တန်းအရွယ် ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က စင်တာစည်းကျော်အောင် ကန်တင်ပေးနိုင်ခြင်းအတွက် ဟိုအချိန်ကတော့ ချီးကျူးစရာဖြစ်ခဲ့၏။

အနီးကပ် ကန်ချက်တွေကို မိအောင် ဖမ်းဖို့ လေ့ကျင့်ရတာကို ပြော ပြရဦးမည်။ ဘော်လုံးသမားထဲက ခြေအပြင်းဆုံးကောင်ကို ရွေးပြီး ဆယ့် ငါးပေ အကွာလောက်ကနေ ကန်ခိုင်းသည်။ ဒါကို ကျွန်တော်က မိအောင် ဖမ်းရသည်။

ဒီလိုကန်ဖို့ ဘဲကြီးဆိုသောကောင်က အမြဲအလှည့်ကျသည်။ သူ့ နာမည်ရင်းက ကိုနိုင်။ ဘယ်သန်ဖြစ်သောကြောင့် 'ဘယ်ကြီး၊ ဘယ်ကြီး' ခေါ်ရာက 'ဘဲကြီး'တွင်သွားခြင်းပင် ဖြစ်၏။ ဒီကောင်ကြီးကလည်း သူ့ ခြေပြင်းမှန်း လူတိုင်း သိလျက်နဲ့ မညှာမတာ အသားကုန်ကန်သည်။ ကျွန်တော့်မှာ အလူးအလဲ ဖမ်းရ၏။

"ဟေ့ကောင် နင်းကန် စွတ်လုပ်နေတာပဲ။ သေတော့မယ်ကွ"

ဟု ကျွန်တော်က ကျိတ်ပြီးပြောမှ လျှော့ပေးသည်။ ဒီလိုလုပ်ပြန် တော့လည်း ဆရာဦးစိန်ဝင်းက လျှော့ကန်ရပါ့မလားဆိုပြီး ဘဲကြီးကို ထိပ် ထိုးသည်။

ဒီလိုကျင့်ခဲ့ရလို့လည်း ကျွန်တော့်အတွက် များစွာအထောက်အကူ ဖြစ်ခဲ့၏။ တစ်ဖက်ရှေ့တန်းလူကို လုံးဝမကြောက်တော့။ ခြေထောက် ထဲက ဘော်လုံးကို ဒိုင်ဗင်ပစ်ပြီး အတင်းဝင်လုရဲသည်။ ဆယ်ပေလောက် က ကပ်ကန်တာကို လက်ဖျားမှာ ထပ်ခနဲ ကပ်နေအောင် ဖမ်းနိုင်သည်။ တစ်ခါတလေများ ဂိုးဧရိယာ အစပ်လောက်က ဖရီးကစ်ကန်တာကို ရှေ့က တစ်ယောက်မှ ကာမခိုင်းဘဲ ဖွင့်ပေးထားပြီး နှစ်ယောက်ချင်း ရင်ဆိုင်ဖမ်းပြလိုက်နိုင်၏။

ကျွန်တော်ဘော်လုံးကစားခဲ့သမျှ ကာလအတွင်း ပင်နယ်တီဘော အတော်များများ ဖမ်းခဲ့ဖူးရာ သုံးလုံးမှာ နှစ်လုံးလောက် ကာကွယ်နိုင်ခဲ့ သည်။ ဒါလည်း ဆရာဦးစိန်ဝင်း ကျေးဇူးပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပင်နယ်တီ ဖမ်းခါနီးတွင် တည်ထားသော ဘော်လုံးဆီသို့ လျှောက်သွားပြီး ဘော်လုံးကိုယူ၍ လက်နှင့်ဖိကြည့်၊ မြေပေါ် ပုတ်ကြည့် လုပ်ပြီး တစ်ဖက်က ကန်မည့်သူကို တစ်ချက်စိုက်ကြည့်ပြီး ပြုံးပြလိုက်သည်။ ဒါက စိတ်ဓာတ်စစ်ဆင်ရေး လုပ်လိုက်ခြင်း။

ပင်နယ်တီ ကန်ကြရာတွင် ဂိုးသမားဘက်က အသာချည်း ဖြစ်၏။ ဂိုးဝင်သွားလည်း ဂိုးသမားမှာ အပြစ်မရှိ။ ကာကွယ်လိုက်နိုင်လျှင် သူ့ရဲ့ကောင်းဖြစ်မည်။ ဒါကို သဘောပေါက်လိုက်တာနဲ့ ကိုယ့်ဘက်က စိတ်ဓာတ် တက်သွားပြီ။

ကန်တဲ့လူကျတော့ ဂိုးဝင်သွားလည်း ပင်နယ်တီပဲ။ ဝင်မှာပေါ့ဟု ဆိုကြမည်။ ဂိုးမဝင်ခဲ့လျှင် နာမည်ပျက်မည်။ ဒီမှာပဲ သူ့ဘက်က တစ်ပန်းရှုံးနေပြီ။ စိတ်ဓာတ်ရေးရာအရ ဂိုးသမားက သာနေသည်။

ကျွန်တော်က ပင်နယ်တီကန်ခါနီးတွင် ကန်မည့်သူကိုမကြည့်။ ဘော်လုံးပေါ်မှာသာ အာရုံထားပြီး စိုက်ကြည့်သည်။ ဒီတော့ သူဘယ်လိုပဲ လှည့်စားလှည့်စား မမြင်ရတော့။ စိတ်မထွေပြားတော့။ သူပြေးပြီးကန်လို့ ဘော်လုံးနှင့် ခြေထောက်ထိချိန် အခိုက်အတန့်တွင် ဘော်လုံးဘယ်လမ်းကြောင်းလာမလဲဆိုတာ ခန့်မှန်းရသည်။ ဒီအချိန် အရေးအကြီးဆုံး။ များသောအားဖြင့်တော့ ဒီနည်းက အောင်မြင်လေ့ရှိ၏။

အဲယားဒိုက်ခေါ် လေထဲမှာ ကိုယ်ကိုလွှင့်၍ ဘော်လုံးကို ဖမ်းပြီး ကိုယ်တစ်ပတ်လှည့်၊ မြေပေါ်အကျမှာ ကျွမ်းထိုးပြီး မတ်တတ်ရပ်လျက် ပြန်ထနိုင်သည့်နည်းကို စပါယ်ရှယ် ကျင့်ထားသည်။

ထို့ကြောင့် ကျွန်တော်သည် ငယ်ငယ်က အကောင်းဆုံး ဂိုးသမားဆုကို သုံးကြိမ်ရခဲ့ဖူးသည်။ ခုချိန်မှာ ကျွန်တော့်ကို မြင်ဖူးသူတွေက ကျွန်တော်သည် ငယ်စဉ်က မြို့နယ်အတွင်းမှာ နာမည်ကျော်ဂိုးသမားဖြစ်ခဲ့တယ်ဆိုတာ ယုံချင်မှ ယုံကြလိမ့်မည်။ မယုံလျှင် တက္ကသိုလ်နည်းပြဆရာ ဦးမြင့်ထူးကို မေးကြည့်။ သူက ပွဲတချို့မှာ ကျွန်တော်တို့အသင်း အုပ်ချုပ်

www.burmeseclassic.com



သူနည်းပြ အဖြစ် တာဝန်ယူခဲ့ဖူးသည်။ ဒါမှမဟုတ် ကျွန်တော်နှင့် ကစားဖော်များဖြစ်ခဲ့သော ကိုမျိုးဝင်း(မြန်မာ့ရေနံ)၊ ကိုထွန်းထွန်း (အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး)တို့ကို မေးကြည့်နိုင်သည်။ (ကျွန်တော်တို့အသင်း ဒိုင်းဆုရတဲ့အခါတိုင်း ဝမ်းသာလွန်းလို့ ငိုလေ့ရှိသော အစ်ကိုကြီးကိုအောင်သန်းကိုလည်း သတိရမိပါသေးသည်။)

*

ကျွန်တော်တို့ ဘော်လုံးအသင်းသည် အပြင်းအထန် လေ့ကျင့်မှုကြောင့် ဒေါင်ဒေါင်မြည် ဖြစ်ခဲ့၏။ ဘယ်လောက်ဒေါင်ဒေါင်မြည်ခဲ့သလဲ ဆိုလျှင်...

ကျောင်းပေါင်းစုံ ဘော်လုံးပွဲတွေ မစခင်မှာ တခြားကျောင်း တစ်ကျောင်းနှင့် မိတ်ဆက်ခြေစမ်းပွဲတစ်ပွဲ ချိန်းကန်ကြသည်။ နှစ်ဖက်စလုံး ခြေညီသဖြင့် အကြိတ်အနယ် ကစားကြရသည်။ သူတို့က ကျွန်တော်တို့ ထက် အသက်ကြီးကြသည်။ ပွဲပြီးတော့ ဂိုးမရှိ သရေ။ သူတို့မှာ ပင်ပန်းလွန်းသဖြင့် ကွင်းထဲမှာ ပိုးလိုးပက်လက်ဖြစ်သူဖြစ်၊ ခြေပစ်လက်ပစ် ထိုင်သူထိုင်။

ထိုအချိန်မှာပင် ဆရာဦးစိန်ဝင်းက ခွိခနဲ ခရာမှုတ်လိုက်ပြီး

"တို့ကျောင်းက ကောင်တွေ တန်းစီ၊ ထရိန်နင်ဆက်လုပ်မယ်၊ ကွင်းပတ်ပြေး"

ကျွန်တော်တို့လည်း ခေါက်ခနဲ ထပြီး ပြေးကြလေသည်။ တစ်ဖက်ကျောင်းက ကောင်တွေမှာ 'ဘယ်လိုကောင်တွေပါလိမ့်'ဆိုသောအသံဘာ တအံ့တသြငေးကြည့်နေရတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်ဆေးတပ်ထဲက ဘော်လုံးအသင်းတစ်သင်းနှင့် မိတ်ဆက်ကစားခဲ့ဖူးသည်။ လက်ရွေးစင်ဟောင်း(ဦး)ရန်မျိုးအောင် လေ့ကျင့်ပေးထားသော လူငယ်အသင်းဖြစ်၏။

ကစားကြရာမှာ သုံးဂိုးစီ သရေဖြစ်သွား၏။ ကျွန်တော်တို့အသင်းက သက်လုံနှင့် ခွန်အားမှာသာသည်။ တစ်ဦးချင်း အစွမ်းပြနိုင်သည်။ သူတို့အသင်းက အနည်းငယ် ပျော့သည်ဟု ဆိုနိုင်သော်လည်း အသင်းလိုက်စုစည်းညီညွတ်မှု ရှိ၏။ အထူးသဖြင့် သူတို့ကစားကွက်မှာ အလွန်လှသည်။

ထိုကစားကွက်မှာ (ဦး)ရန်မျိုးအောင် စမ်းသပ်ထားခြင်း ဖြစ်သည်ဟု သိရ၏။ နောက်တန်းအစွန်လူ၊ အလယ်တန်းလူနှင့် ရှေ့တန်းအစွန်လူတို့ သုံးပွင့်ဆိုင် အပေးအယူလုပ် တွဲကစားသည့်နည်းဖြစ်၏။ နောက်တန်းအစွန်လူက တိုက်စစ်ဆင်ရာမှာ လိုက်ပြီး အားဖြည့်ပေးသည့်နည်း။ ခုခေတ် ကစားနေကြပုံ၏ ရှေ့ပြေးဖြစ်သည်ဟု ဆိုနိုင်၏။ ဟိုအချိန်က (၄-၂-၄) ကစားပြီး ခုချိန်မှာ (၃-၅-၂)ကစားခြင်းသာ ကွာသည်။

ကျွန်တော်တို့က ထိုနည်းစနစ်အကြောင်း ဆရာဦးစိန်ဝင်းကို ပြောပြသည်။ ဆရာကလည်း သဘောကျပြီး ထိုအတိုင်းကစားစေသည်။ သက်လုံနှင့် တစ်ဦးချင်းစွမ်းရည်ရှိပြီး ဖြစ်သဖြင့် နည်းစနစ်ပါ ပေါင်းလိုက်သောအခါ ကျွန်တော်တို့ကျောင်းသည် မြို့လယ်က နာမည်ကြီးကျောင်းတွေကို အနိုင်ရပြီး အဆင့်ဆင့်တက်လာသည်။

ကွာတားဖိုင်နယ်ကျမှ ကျွန်တော်တို့ ရှုံးသည်။ ဒါကလည်း တစ်ဖက်အသင်းက သက်ကြီးပုတွေကို အသက်လိမ်ပြီး သက်လတ်တန်းမှာ ဆင်းကစားနိုင်းသောကြောင့် လူချင်းမမျှဘဲ ရှုံးရခြင်းဖြစ်၏။ ဒါတောင် အကြိမ်အနယ်ကစားပြီး တစ်ဂိုးတည်း ကပ်ရှုံးရခြင်းဖြစ်၏။

ကျွန်တော်တို့၏ကိုယ်ပိုင် "တိုက်စစ်လူငယ်" ဘော်လုံးအသင်းကတော့ အောင်မြင်မှုတွေ တော်တော်များများ ရခဲ့ပါသည်။ ဒိုင်းပွဲတွေ

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကန်ခဲ့ရာမှာ ပထမဆု လေးကြိမ်ရသည်။ ဒုတိယနှစ်ကြိမ်ရသည်။ လူကြီးတန်းမှာ တက်ကန်ခဲ့ရာမှာတောင် တတိယဆု ရခဲ့သေးသည်။

ရတာလည်း မပြောနဲ့။ ကျွန်တော်တို့က လေ့ကျင့်မှု အလွန်များသည်။ ကျောင်းက ပြန်ရောက်တာနဲ့ လွယ်အိတ်ပစ်ချပြီး အိမ်နားက ကွက်လပ်ထဲ ဆင်းသည်။ 'ရှီ...ရှီ'ဆိုပြီး လက်ခေါက်မှုတ်လိုက်လျှင် ဘဲလူးနှင့် ဘာဘူ၊ ကုလားညီနောင်တို့ ရောက်လာကြသည်။ ညီအစ်ကိုဝမ်းကွဲ တော်သူ တိုးဝင်းကတော့ ကွင်းထဲမှာ ရောက်နှင့်ပြီးသား။

ကျောင်းပိတ်ရက်တွေမှာတော့ တစ်သင်းလုံးစုံအောင် လာကြသည်။ အပတ်တိုင်းလိုလို ဘော်လုံးချိန်းပွဲတွေ ရှိသည်။ နေရာအနှံ့ လိုက်ပြီးကန်ကြသည်။ ကျွန်တော်တို့အသင်းသည် မြို့နယ်ထဲမှာ နာမည်ကြီး။ ဒိုင်းပွဲတွေ ဆိုလျှင် နောက်ဆုံးဗိုလ်လုပွဲအတွက် တစ်နေရာကို ကျွန်တော်တို့အသင်းအတွက် သတ်မှတ်ပြီးသား။ နောက်တစ်သင်း အတွက် ဘယ်သူဖြစ်မလဲ စောင့်ကြည့်ကြရသည်။ မျိုးဝင်းတို့၊ ခင်မောင်သန်းတို့၏ ၁၆/၁ ရပ်ကွက် အသင်းသာ ကျွန်တော်တို့နှင့် သူတစ်ပြန် ကိုယ်တစ်ပြန် နိုင်လေ့ရှိ၏။

ကျွန်တော်တို့များ ဘယ်လောက်ထိ ဘော်လုံးကို စွဲလမ်းသလဲ ဆိုလျှင် ဆယ်တန်းစာမေးပွဲဖြေခါနီး စာကျက်ဖို့ ကိုယ်ပိုင်အားလပ်ချိန် ပေးထားသော ရက်များအတွင်း သူများတွေ စာအုပ်နှင့် မျက်နှာ မခွာဘဲ အသည်းအသန် စာကျက်နေကြစဉ် ကျွန်တော်တို့က ဒိုင်းပွဲ တစ်ခုအတွက် ရေရေလည်လည် ဘော်လုံးကန်လို့ ကောင်းတုန်း။

ထိုနှစ်က ကျွန်တော် ဆယ်တန်းစာမေးပွဲကို ဘော်လုံးကန်ရင်း စာကျက်ရင်း ဖြေခဲ့သည်ဟု ဆိုရမည်။ ဒီကြားထဲကပင် နှစ်ချင်းပေါက် အောင်ခဲ့သည်။ ကျွန်တော် ရရှိခဲ့သည့် အမှတ်ပေါင်းမှာ စက်မှုတက္ကသိုလ်ဝင်ခွင့်ရဖို့ ဆယ့်နှစ်မှတ်ပဲ လိုသည်။

"ဘော်လုံးရဲ့ တစ်ဝက်လောက်သာ စာထဲမှာ စိတ်ဝင်စားခဲ့ရင် ငါ့

www.burmeseclassic.com



သား ဆရာဝန်တောင်ဖြစ်နိုင်တယ်"

ဟု အမေက မချင့်မရဲ ပြောခဲ့ရာ၏။

တကယ်တော့ ကျွန်တော်ဝါသနာပါခဲ့တာက ဘော်လုံးကန်ခြင်းနှင့် စာဖတ်ခြင်းသာဖြစ်၏။ ထို့ကြောင့် ငယ်စဉ်က ဘော်လုံးသမားဖြစ်ခဲ့ပြီး ကြီးလာတော့ စာရေးဆရာဖြစ်ခဲ့ခြင်းသည် ဘာမှမဆန်း။ တကယ်လို့ မတော်တဆ ဆရာဝန်ဖြစ်ခဲ့လျှင်တောင် ဆရာ ဒေါက်တာငွေစိုးတို့လို ဘော်လုံးပွဲကြည့်တာ ဝါသနာပါသော ဆရာဝန်စာရေးဆရာသာ ဖြစ်ခဲ့ပေလိမ့်မည်။

*

တစ်ရက်တွင် အဖေ့ညီဝမ်းကွဲ ဦးလေး ကိုသန်းညွန့်က

"မင်းတို့နှစ်ကောင် ငါနဲ့လိုက်ခဲ့၊ အစ်ကို့ကို ပြောပြီးပြီ"

ဆိုပြီး ခေါ်သွားသည်။ အောင်ဆန်းကွင်းမှာ အထက်မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံတို့ ခြေစမ်းပွဲ ရှိသောကြောင့်ဖြစ်၏။

ထိုစဉ်က အောင်ဆန်းကွင်းသည် မပြင်ရသေး။ ငါးကြိမ်မြောက် ကျွန်းဆွယ်အားကစားပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပတော့မှ ကွင်းကို ပြင်ခဲ့ခြင်း ဖြစ်၏။

ဟိုတုန်းကတော့ တောင်ဘက်တန်းနှင့် မြောက်ဘက်တန်းမှာ အမိုးပါသည့် သစ်သားအဆောက်အဦကြီးများသာဖြစ်၏။ ကျွန်တော်တို့က မြောက်ဘက်တန်းက ကြည့်ကြသည်။ ဝင်ကြေးတစ်ယောက် ပြား သုံးဆယ် ဖြစ်၏။

ထိုပွဲတွင် အထက်မြန်မာပြည်က နိုင်သွားသည်ဟု ထင်သည်။ ရှေ့တန်းမှ ကစားကြသော ကိုကိုကြီးနှင့် စတိုင်လ်တို့ကို မှတ်မိသည်။ ဂိုးသမားများမှာ လှဘော်နှင့် သန်းအောင်တို့ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲကြည့်ပြီးသည့်နောက် ကိုရှုပနှင့် ကျွန်တော်တို့မှာ ဘော်လုံးပွဲ ပိုးဝင်သွားသည်။ လက်ရွေးစင်ခြေစမ်းပွဲများ၊ နိုင်ငံခြားအသင်းများနှင့် ချစ်ကြည်ရေးပွဲများကို မကြည့်ရ မနေနိုင်တော့။

ဒီတုန်းက ရုပ်မြင်သံကြားလည်း မပေါ်သေး။ တိုင်းနှင့်ပြည်နယ်ပွဲတွေကို မြန်မာ့အသံမှ တိုက်ရိုက်အသံလွှင့်ပေးတာသာ ရှိ၏။ သူ့ခေတ်နဲ့သူတော့ ရေဒီယိုကနေ ဘော်လုံးပွဲ ကြေညာတာ တော်တော်စိတ်လှုပ်ရှားဖို့ ကောင်းသည်။ ပြောတဲ့လူ ကောင်းရင်ကောင်းသလောက် တကယ်ကြည့်နေရသလို ခံစားရသည်။

ထိုစဉ်က နာမည်ကြီးသူမှာ ဦးဝင်းမြင့်ဖြစ်၏။ သူ၏ပြောဟန်ဆိုဟန်များကို နားထောင်ဖူးသူတို့ ခုထိ စွဲစွဲလမ်းလမ်း ရှိကြလိမ့်ဦးမည်ဟု ထင်သည်။ ခုထိတိုင် သူ၏လေသံမျိုးကို လိုက်၍ အတုယူပြောနေကြသည်။

"တင်အေးက လှရွှေဆီ ဖြတ်ပေးတယ်။ လှရွှေးရသွားပြီ ခင်ဗျာ၊ ထိုင်းနောက်တန်းလူ ဝင်ကပ်တယ်။ လှရွှေ ဘယ်ပြညာဆွဲတယ်။ ပါတယ် ခင်ဗျ။ တစ်ယောက်လိမ်တယ်၊ ရတယ်၊ ဘယ်အစွန်ကို ဖြတ်ချပေးလိုက်ပြီ။ ဘပုလိုက်တယ်ခင်ဗျ။ ဘပုရတယ်၊ ထိုင်းနောက်တန်းလူအသေလိုက်ကပ်တယ်။ ဘပုဆွဲပြေးပြီ၊ ရတယ်၊ ပါတယ်ခင်ဗျ၊ ဘပု ဘပု၊ ကန်တင်လိုက်ပြီ၊ အောင်ခင်ခေါင်းတိုက် အမလေးလေ၊ ဂိုးဘားတန်းပေါ်က ပွတ်ကာသီကာလေး ကျော်ထွက်သွားပါတယ်ခင်ဗျာ။ ဒီလိုမှမဟုတ်လို့ကတော့ ဘော်လုံးနဲ့ ပိုက်နဲ့ မိတ်ဆွေဖြစ်ပြီပေါ့ခင်ဗျာ"

ရေဒီယိုနားမှာ ဝိုင်းအုံနားထောင်နေသူတို့လည်း ကိုယ်ကိုယ်တိုင်မြင်လိုက်ရသလို 'ဟာခနဲ' 'ဟင်ခနဲ' ဖြစ်သွားကြရလေသည်။ ဒီအရသာကလည်း တစ်မျိုး။ အချိန်နှင့် တစ်ပြေးညီ လိုက်ပြီးကြေညာပေးရသဖြင့် တစ်ခါတစ်ခါ လျှာခလုတ်တိုက်ပြီး ရယ်စရာလေးတွေ ဖြစ်သွားရသေးသည်။ တစ်ခါက မကွေးဂိုးသမားကို မကိုးဝွေးသမားဟု ရားပြီးပြောမိတာမှတ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားမှာ သွားကန်တဲ့ပွဲတွေကျတော့ ကြည့်လည်း မကြည့်ရ။ တိုက်ရိုက်ကြေညာတာလည်း မရှိ။ သတင်းကြေညာတော့မှသာ နိုင်သလား၊ ရှုံးသလား၊ ဘယ်နဂိုးလဲ သိကြရသည်။ နှစ်ရက်လောက်နေမှ သတင်းစာထဲ ပါလာသော ဂိုးသွင်းနေပုံ သတင်းဓာတ်ပုံလေးကို ကြည့်ပြီး အာသာဖြေကြရသည်။ အာရှအားကစားပွဲတို့ ဘာတို့ကို ရုပ်ရှင်ဓာတ်ကားအဖြစ် ရုံတင်တော့မှ တိုးဝှေ့ပြီး ကြည့်ကြရသည်။ ကမ္ဘာ့ဖလားပွဲဆိုလျှင် ပြိုင်ပွဲပြီးလို့ နှစ်နှင့်ချီပြီးကြာမှ သတင်းမှတ်တမ်းကားအဖြစ် ရုံတင်လေ့ရှိ၏။

ဒီတော့ အောင်ဆန်းကွင်းမှာ လက်ရွေးစင်ပွဲတစ်ခု ရှိပြီဆိုလျှင် ပြေးကြည့်ရသည်။ ဤသို့ဖြင့် မဖြစ်မနေ ကြည့်ရမည့် ပွဲကြီးတစ်ပွဲနှင့် ကြုံခဲ့ရလေသည်။

*

ငါးကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။ ထိုစဉ်က အင်ဒိုချိုင်းနား ကျွန်းဆွယ်ရှိ နိုင်ငံများသာ ပါဝင်ခဲ့ပြီး နောက်မှ အရှေ့တောင်အာရှနိုင်ငံများအားလုံး တိုးချဲ့ပါဝင်လာခြင်း ဖြစ်၏။ ထို့ကြောင့် ကျွန်းဆွယ်ပွဲဟုခေါ်ခဲ့ကြသည်။

အောင်ဆန်းကွင်းကို ယခုလက်ရှိ အခြေအနေမျိုးဖြစ်အောင် ပြုပြင်ထားသည်။ (ဘေးပတ်လည်မှာတော့ ခုလိုဆိုင်ခန်းတွေ၊ ရုံးခန်းတွေ မရှိသေး။) သူ့ခေတ်နှင့်သူ အတော်ကြီးကြီးကျယ်ကျယ်ပြုလုပ်ခဲ့ခြင်း ဖြစ်၏။ မြန်မာနိုင်ငံက ရွှေတံဆိပ်အများဆုံး ရရှိပြီး ပထမနေရာယူခဲ့သော အားကစားပွဲ၏ အသက်ဖြစ်သော ဘောလုံးပွဲတွင်လည်း နောက်ဆုံး ဗိုလ်လုပွဲတက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အားကစားပြိုင်ပွဲတွေမှာ ဘော်လုံးကို လူစိတ်ဝင်စားဆုံး ဖြစ်တတ်တာ ထုံးစံပဲ။ ဖြစ်လည်း ဖြစ်လောက်သည်။ ဟိုစဉ်က ဘော်လုံးဗိုလ်လုပွဲနှင့် ကွင်းပိတ်ပွဲကို တစ်ဆက်တည်း ကျင်းပသည်။ အားကစားပွဲတွေထဲမှာ ဘော်လုံးပွဲသည် နောက်ဆုံးပွဲ။ ထိုပွဲမှာ ပေးမည့် ရွှေတံဆိပ်ကလည်း ကွင်းပိတ်ရွှေတံဆိပ်။

ပြီးတော့ အနိုင်ရသည့် အသင်း၏ အလံကို အားကစားအဖွဲ့တွေရော၊ ပရိသတ်ပါ စုံစုံညီညီရှေ့မှာ လွှင့်တင်ရမည်။ ထိုနိုင်ငံ၏ အမျိုးသားသီချင်းကိုလည်း တီးမှုတ်ကြရမည်။ ဒီအချိန်မှာ အားလုံးက ထိုနိုင်ငံအလံကို အလေးပြုကြရမည်။

ဒီတော့ ဘော်လုံးပွဲမှာ ဗိုလ်စွဲခြင်းသည် အားကစားပွဲတစ်ခုလုံးကို ဗိုလ်စွဲသကဲ့သို့ မှတ်ယူနိုင်သည်။ တခြားပွဲတွေမှာ မနိုင်သည့်တိုင် ဘော်လုံးပွဲနိုင်လျှင် ကျန်တာကို လွှမ်းခြုံသွားနိုင်သည်။ ဒီလိုပွဲမျိုးကိုမှ မကြည့်ရလျှင် ဒီတစ်သက် လူဖြစ်ကျိုးနပ်မှာ မဟုတ်တော့ဟု ကျွန်တော်တို့ ခံယူထားကြ၏။

ဗိုလ်လုပွဲမှာ မြန်မာနှင့် ထိုင်း ကစားရမည်။ မြန်မာက နိုင်ဖို့ အခွင့်အလမ်း အလွန်များသည်။ ထိုင်းကလည်း အသေအလဲ ခံကစားမှာ သေချာသည်။ ပွဲကြီးပွဲကောင်းပဲ။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်မှာ နေမထိထိုင်မသာ ဖြစ်နေကြ၏။ ကြည့်ချင်လိုက်တာ တစ်ပိုင်းသေနေပြီ။ ပွဲမှာ လူအလွန်များမည်ဖြစ်သောကြောင့် အိမ်က စိတ်မချ။ မတော်တဆ ရန်းရင်းဆန်ခတ်ဖြစ်လျှင် လူနင်းခံရပြီး ဒုက္ခများနိုင်သည်ဟု အကြောင်းပြသည်။ ထုံးစံအတိုင်း ထိုကိစ္စ အဖေ့ဆီတက်သွားသည်။ အဖေကလည်း ထုံးစံအတိုင်းပဲ...

"သွားစေ"

လက်မှတ်ရဖို့ အရင်ကြိုးစားရသည်။ လွယ်လွယ်နှင့် ဝယ်လို့ရတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ မနက်လေးနာရီလောက်ကထပြီး ကျိုက္ကဆံကွင်း နောက်ဘက်ခြမ်းရှိ လက်မှတ်ရောင်းသည့်နေရာမှာ သွားတန်းစီရသည်။ ထိုစဉ်က မှောင်ခို ဆိုတာ ရှိတော့ရှိသည်။ ပေါ်ပေါ်ထင်ထင် မရောင်းရဲ။ သူ့အဆက်အသွယ်နှင့် သူ လက်သိပ်ထိုးဝယ်မှ ရသည်။ ဒီတော့ ကိုယ့်အားကိုယ်ကိုးပြီး တန်းစီဝယ်မှ စိတ်ချရမည်။

ကျွန်တော်တို့ရောက်သွားတော့ မနက်လေးနာရီသာသာ ရှိသေးသော်လည်း ရှေ့မှာ လူတစ်ရာလောက် တန်းစီနှင့်နေပြီ။ ကျွန်တော်တို့လည်း နောက်ဆုံးမှ ဝင်စီသည်။ ကျွန်တော်တို့နောက်မှာလည်း တဖွဲဖွဲရောက်လာကြရာ လူတန်းရှည်ကြီး ဖြစ်လာ၏။

လက်မှတ်က မနက်ရှစ်နာရီကျမှ စရောင်းမည်။ ထိုင်သူထိုင်၊ ရယ်သူရယ်၊ စကားပြောသူပြော။ ခုနစ်နာရီခွဲလောက်မှာ လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ ရဲတပ်ဖွဲ့ဝင်များလည်း ရောက်လာကြပြီး စည်းကမ်းရှိရှိတန်းစီဖို့နှင့် ခုချိန်ကစပြီး ကိုယ့်နေရာမှာကိုယ် ရပ်နေကြရန်၊ လူတန်းအပြင်ထွက်ပြီးလျှင် ပြန်ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း သတိပေးသည်။

ဒီလိုကြပ်မတ်နေတဲ့ကြားက ဘယ်လိုဖြစ်တယ်မသိ။ တစ်နေရာကထပြီး ပြဿနာဖြစ်ကြလေသည်။ ထိုးကြကြိတ်ကြ၊ နေရာမှတ်ခဲ့သောအုတ်ခဲနှင့် ထုကြ၊ ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်။ ရဲတပ်ဖွဲ့များလည်း ရန်ပွဲကို ထိန်းရတာတစ်ဖက်၊ လူတန်းမပျက်အောင် ထိန်းရတာတစ်ဖက်နှင့်အလုပ်ရှုပ်ကုန်သည်။

တန်းစီနေသူများလည်း ဟိုယိမ်းဒီယိမ်း ကွေ့ကွေ့ကောက်ကောက်ဖြစ်ကုန်သည်။ ကျွန်တော်တို့နှစ်ယောက်မှာ လူကြားထဲ ညပ်နေသည်။ အတန်းပြင် မရောက်အောင် ကိုရှုပက သူ့ရှေ့ကလူကြီး၏ ပုဆိုးကို ခါးမှဆွဲထား၊ ကျွန်တော်က သူ့ခါးကိုဖက်ထား။

ထိုစဉ်မှာပင် နောက်ဘက်မှ တစ်ချက်ဆောင့်တွန်းတာ ခံလိုက်ရသည်။ လူတန်းကလည်း ကောက်ကွေ့နေသောအချိန် ဖြစ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တို့နှစ်ယောက်မှာ အပြင်သို့လွင့်စဉ်ပြီး လဲပြိုကျသွားတော့သည်။

လူလဲထပြီး ကြည့်လိုက်တဲ့အချိန်မှာ လူတန်းက ပြန်စေ့သွားပြီ။ ကျွန်တော်တို့တန်းစီခဲ့သည့် နေရာကလည်း ဘယ်ရောက်နေမှန်းမသိ။ ထို့ကြောင့် နီးစပ်ရာနေရာကို ဝင်တိုးကြသည်။ လူတွေက ကျွန်တော်တို့ကို ပြန်တွန်းထုတ်ပြီး...

"ဟေ့၊ ဘာလို့ ကြားဝင်တိုးတာလဲ၊ သွား၊ သွား"

"မဟုတ်ဘူး၊ ကျွန်တော်တို့အစောကြီးကတည်းက တန်းစီနေတာ၊ ခုနနောက်ကတိုးလို့ အပြင်ကို လွင့်ထွက်သွားတာ"

ဟု ပြောသော်လည်း မရ။ ရဲတစ်ယောက် အနားရောက်လာပြီး ဟေ့ ဟေ့ ဘာလို့ ကြားဖြတ်တာလဲဆိုပြီး ကျွန်တော်တို့နှစ်ယောက်ကို ဆွဲထုတ်သည်။ ကျွန်တော်တို့မှာ 'အစောကြီးကတည်းက တန်းစီထားတာ' ဆိုတာကို တတွတ်တွတ် တောင်းပန်ရင်း ငိုသံပါလာသည်။ မျက်ရည်လည်း ဝဲလာသည်။ ရဲက သနားသွားသလားမသိ။ ဟုတ်သလားဟု အနားက လူတွေကို မေးသည်။ မဟုတ်ဘူး၊ တွေ့တောင်မတွေ့ဘူးဟု ပြောကြ၏။ ကျွန်တော် တို့မှာ ထိုင်ငိုမိတော့မည်။ ထိုစဉ်...

"ဟာ...ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီကလေးတွေ မိုးမလင်းခင်ကတည်းက တန်းစီနေတာ၊ ကျုပ်တောင် အပေါ့သွားချင်လို့ သူတို့ကို နေရာ ကြည့်ခိုင်းခဲ့ရသေးတယ်၊ သူတို့က ကျုပ်ရှေ့က"

ဟု ရှေ့နားခပ်လှမ်းလှမ်းက လူကြီးက လှမ်းအော်သည်။ ထိုအခါကျမှ ကျွန်တော်တို့လည်း ထိုလူကြီး၏ ရှေ့မှာ ဝင်တန်းစီခွင့်ရသွားတော့သည်။

ကိုရှုပသည် လူကြီးကို လှည့်ကြည့်လှည့်ကြည့် လုပ်နေသည်။ ပြီးတော့ ကျွန်တော့်ကို တိုးတိုးလေး ကပ်ပြောသည်။

"ဟေ့ကောင်...ဒီဦးလေးကြီး ငါတို့ကို တစ်ခါမှ နေရာစောင့်မကြည့်

www.burmeseclassic.com

www.burmeseclassic.com



နိုင်းဖူးပါဘူး"

"ဟုတ်တယ်၊ ကျွန်တော်လည်း မမြင်ဖူးဘူး၊ တန်းစီနေတုန်းက ကျွန်တော်တို့နောက်မှာ ကုလားကြီးပဲဟာ"

နောက်လူကြီးက ကျွန်တော့်ပခုံးကို ဖျစ်ညှစ်ပြီး လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဟော့ကောင်လေးတွေ၊ တိတ်တိတ်နေစမ်း၊ မင်းတို့နေရာရအောင် လည်း အကြံအဖန် လုပ်ပေးရသေးတယ်၊ အတော်လေရှည်တဲ့ကောင် တွေ"

*

လက်မှတ်ကို မျက်ရည်နှင့် ရင်း၍ ဝယ်ခဲ့ရပြီးနောက် ဘော်လုံးပွဲကို ချွေးနှင့်ရင်းပြီး ကြည့်ခဲ့ရပြန်သည်။ ဘော်လုံးပွဲက လေးနာရီမှ ကန်မည်။ သို့ရာတွင် နေရာရအောင် နေ့လယ် ဆယ့်နှစ်နာရီလောက်ကတည်းက ရောက်အောင် သွားရ၏။ ငှက်ပျောသီး၊ ပြောင်းဖူး၊ ပဲကြီးလှော်၊ ဆီးငန်စေ့၊ ရေပုလင်းတို့ကို တစ်ပါတည်း ယူသွားရသည်။

မြောက်ဘက်တန်း ပွဲကြည့်စင်ဖြစ်သောကြောင့် ခုံနံပါတ်တွေ ဘာ တွေ မရှိ။ ဦးတဲ့လူက ဦးတဲ့နေရာမှာထိုင်။

အတော်ပြင်းထန်သော မွန်းလွဲနေဒဏ်ကို ခံပြီး စောင့်ရသည်။ ပါလာ သည့် မုန့်ကလေးတွေ စားလိုက်၊ ရေသောက်လိုက်၊ တံခွန်အားကစားစာ စောင် ဝယ်သည်။ ဖတ်ပြီးသည့်အခါ...တချို့စာရွက်တွေ အောက်မှာခင်း ထိုင်၊ တချို့စာရွက်တွေကို ကတော့ချွန်လုပ်ပြီး ဦးထုပ်လိုဆောင်း၊ အပေါ့ သွားချင်တဲ့အခါ တစ်ယောက်တစ်လှည့်စီ ဆင်းရသည်။ ပွဲချိန်နီးလာသည် နှင့်အမျှ လူတွေက ပိုများလာပြီး ကျပ်ကျပ်ညပ်ညပ် ထိုင်ကြရသည်။ လုံးဝ မထရဲတော့။ ထလိုက်တာနဲ့ ကိုယ့်နေရာပျောက်သွားနိုင်သည်။

ဒီလို ပင်ပင်ပန်းပန်း ကြိုးစားကြည့်ရကျိုး နပ်လှပါသည်။ ဘော်လုံး

www.burmeseclassic.com

www.burmeseclassic.com



ပွဲမှာ တကယ်ကောင်းသည်။ မြန်မာက ခြေစွမ်းပြပြီး ထိုင်းကို သုံးဂိုး ဂိုးမရှိဖြင့်နိုင်၍ ရွှေတံဆိပ်ဆု ဆွတ်ခူးသွားသည်။

ဆုချီးမြှင့်ပြီးနောက် မြန်မာနိုင်ငံတော်အလံကို ထိပ်ဆုံးမှထား၍ အလံတင်အခမ်းအနား ပြုလုပ်သည်။ တစ်ပြိုင်နက်တည်းမှာ မြန်မာနိုင်ငံ၏ အမျိုးသားသီချင်းကို တီးမှုတ်လေသည်။ ပရိသတ်အားလုံး မတ်တတ်ရပ်ပြီး အလေးပြုကြသည်။ ထိုအခိုက်အတန့်မှာ ခံစားရသော ပီတိနှင့် စိတ်ဓာတ်တက်ကြွမှုကို ခုထိမမေ့နိုင်သေး။

(ကျွန်တော့်တစ်သက်တွင် ဒီခံစားမှုမျိုး နောက်တစ်ကြိမ် ကြုံချင်ပါသေးသည်။)

✱

၁၉၆၀ ကျော်နှစ်များ၏ အလယ်ပိုင်းမှ ၁၉၇၀ ကျော်လောက်အထိ ကာလသည် မြန်မာ့ဘော်လုံး ရွှေခေတ်ဖြစ်လေ၏။ ခုအခါ ပြောနေကြသော 'ဝတ္ထုတိုရွှေခေတ်'၊ 'မော်ဒန်ရွှေခေတ်'၊ 'ကဗျာရွှေခေတ်' စသည်များကဲ့သို့ တင်စားရုံသက်သက်မဟုတ်။ တကယ်ကို ရွှေတံဆိပ်တွေ၊ ရွှေဖလားတွေ၊ ခဏခဏရသည့် ရွှေခေတ်ဖြစ်၏။

ဘော်လုံးပြိုင်ပွဲတွေကလည်း များလှသည်။ နိုင်ငံအလိုက် အလှည့်ကျ ကျင်းပသည့် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပွဲ၊ အာရှအားကစားပွဲတော်၊ အာရှဖလားဘော်လုံးပွဲ၊ မလေးရှားမှာ ပြုလုပ်သော မာဒေးကားဖလားပွဲ၊ အင်ဒိုနီးရှားမှာ ပြုလုပ်သော ဂျာကာတာဖလားပွဲ၊ တောင်ကိုရီးယားမှာ ပြုလုပ်သော ပတ်ချုံဟီးဖလားပွဲ၊ ထိုင်းနိုင်ငံမှာ ပြုလုပ်သော ထိုင်းဘုရင့်ဖလားပွဲ၊ မာရာဟာလင်ဖလားပွဲ။

ထိုပွဲတွေမှာ မြန်မာ ဗိုလ်မစွဲဖူးသောပွဲဟူ၍ မရှိ။ မြန်မာဘော်လုံးအသင်းသည် ဖလားတွေ၊ ဆုတံဆိပ်တွေ လှည့်ယူနေသော အသင်းဖြစ်၏။ အာရှတစ်တိုက်လုံးမှာတောင် ချန်ပီယံဖြစ်ခဲ့ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



(ခုခေတ်လိုသာ ရွှေတံဆိပ်တစ်ခုအတွက် တိုက်ခန်းတစ်ခန်းပေးမည်ဆိုလျှင် ဘော်လုံးသမားတစ်ယောက်လျှင် နှစ်ခန်းတွဲ ရှစ်ထပ်တိုက် တစ်လုံးစီလောက် ပေးရလိမ့်မည် ထင်၏။ ဟိုတုန်းက ခုချိန်လောက် ရက်ရက်ရောရော ဂုဏ်ပြုဆုတွေ မပေးသေး။ အာရှအားကစားပွဲမှာ အီရန်ကို တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပြီး အာရှချန်ပီယံဖြစ်တုန်းက ဟွန်ဒါဆိုင်ကယ်တစ်စီးစီ ချီးမြှင့်သည်ဟု ကြားဖူးသည်။)

"မြန်မာနိုင်ပြီ၊ တို့မြန်မာနိုင်ပြီ၊ တိုင်းပြည်ကပေး...ပေးအပ်ခဲ့တဲ့ တာဝန်များ...ကျေပွန်ပါပြီ။ အဟုတ်ကို ကျေပွန်ပြီ၊ သောင်းသောင်းဖြဖြ ကြိုဆိုလို့သာ ပြည်သူများ ဂုဏ်ပြုကြပေသည်"

ဆိုသော သီချင်းခေတ်ပြားကို မြန်မာအသင်း အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲ ကစားနေလျှင် မြန်မာ့အသံက လွှင့်ဖို့ အဆင်သင့်လုပ်ထားရသည်။

နိုင်လာခဲ့ပြီဆိုလျှင်လည်း တကယ်ကို သောင်းသောင်းဖြဖြ ကြိုကြသည်။ မင်္ဂလာဒုံလေဆိပ်မှ အောင်ဆန်းကွင်းရောက်သည်အထိ ဘော်လုံးသမားတစ်ယောက်လျှင် အမိုးဖွင့်ကားတစ်စင်းစီဖြင့် တင်ခေါ်လာသည်။ ရှေ့ဆုံးက အသင်းခေါင်းဆောင်က ဆုဖလားကြီး မြှောက်လို့၊ လမ်းတစ်လျှောက် ဝဲယာမှာ ပြည်သူလူထုက သြဘာပေးကြ၊ ပန်းကုံးတွေစွပ်ကြ၊ ပျော်စရာ၊ စိတ်အားတက်ကြွစရာ။

ထိုစဉ်က အာရှထိပ်သီး ဘော်လုံးအသင်းများမှာ မြန်မာ၊ အီရန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယားတို့ ဖြစ်ကြပြီး တစ်လှည့်တစ်ပြန်စီ ဗိုလ်စွဲလေ့ရှိကြ၏။ မြန်မာက နိုင်တာများသည်။

ထူးခြားမှုအဖြစ် မြောက်ကိုရီးယားက ကမ္ဘာ့ဖလားဘော်လုံးပွဲ ခြေစစ်ပွဲအောင်ဖူးသည်။ မြန်မာအသင်းက ကမ္ဘာ့အိုလံပစ်ပွဲ ဝင်နွှဲခဲ့ရာ ဆိုဗီယက်(ရုရှား)နှင့် ပွဲဦးထွက်မှာ သရေကစားခဲ့သဖြင့် ဘော်လုံးနိုင်ငံကြီးတွေ မျက်လုံးပြူးသွားခဲ့ရ၏။ မက္ကစီကိုကို ရှုံးပြီးသော်လည်း ဆူဒန်ကို နိုင်ခဲ့သည်။ ခုပ်စုဒုတိယအတွက် အမှတ်ချင်းတူသော်လည်း ဂိုး အရေ

www.burmeseclassic.com

www.burmeseclassic.com



အတွက်အရ ကပ်ခံလိုက်ရပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရ၏။ သို့ရာတွင် အသန့်ရှင်းဆုံး ဘော်လုံးအသင်းဆုကို ရရှိခဲ့သည်။

(အစ္စရေးအသင်းသည် ခြေစွမ်းခြေစ ထက်သော်လည်း သူပါလျှင် ပွဲဆူလွန်းသဖြင့် နောက်ပိုင်း ဥရောပအုပ်စုဘက်သို့ ရွှေ့ပြောင်းကစားစေခဲ့ရာ ခုထိပင် ဖြစ်၏။)

အာရှနိုင်ငံတွေမှာ ပြုလုပ်သည့် ဖလားပွဲတွေဆိုလျှင် မြန်မာအသင်းကို မရရအောင် ဖိတ်ကြားကြရသည်။ မြန်မာမပါလျှင် ပြိုင်ပွဲအဆင့်အတန်း နိမ့်သည်ဟူ၍ပင် ယူဆကြသည်။

အာရှတစ်လွှားရှိ ပရိသတ်တွေကလည်း မြန်မာအသင်းကို ချစ်ခင်အားပေးကြသည်။ အိမ်ရှင်အသင်းကို နိုင်ခဲ့လျှင်တောင် အိမ်ရှင်ပရိသတ်က ကျေကျေနပ်နပ် လက်ခံကြသည်အထိပင်ဖြစ်၏။

တစ်ခါက အာရှလူငယ်ဘော်လုံးပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း ဗိုလ်လုပွဲ ကစားရသည်။ တစ်ဖက်အသင်းက ညစ်ချင်သည်။ ဘာမှမဖြစ်ဘဲ မြေပေါ်မှာ လှဲချလူးလိမ့်ပြီး ပြစ်ဒဏ်ဘောတောင်းတာတို့ မသိမသာ လူချတာတို့ လုပ်သည်။ မြန်မာက ဘောလုံးပညာပြည့်ပြည့်ဝဝ သန့်သန့်ရှင်းရှင်း ကစားသည်။

တကယ်တော့ မြန်မာအသင်း နိုင်သင့်သည်။ တစ်ဖက်အသင်း၏ ညစ်ပတ်မှုကြောင့် မြန်မာအသင်း ကစားရာမှာ အနှောင့်အယှက်ဖြစ်ပြီး ပွဲပြီးတော့ သရေကျသွားသည်။ ဟိုအချိန်က စည်းမျဉ်းဥပဒေအရ ပူးတွဲချန်ပီယံသာ ဖြစ်ခဲ့ရ၏။

ပွဲမှာ ကြားနိုင်ငံတစ်ခုတွင် ကျင်းပခြင်းဖြစ်၏။ အိမ်ရှင် ပရိသတ်က မြန်မာကိုသာ နိုင်စေချင်သည်။ တစ်ဖက်အသင်း၏ အားကစားသဘော မပီသမှုများအတွက် မကျေမနပ် ဆူပူအော်ဟစ်ကြသည်။

ပွဲပြီးတော့ တစ်ဖက်အသင်းကလူများကို လုံခြုံရေးတပ်ဖွဲ့အစောင့်အရှောက်ဖြင့် ကွင်းပြင်ခေါ်ထုတ်သွားရသည်။ မြန်မာဘော်လုံးအသင်းက

www.burmeseclassic.com

www.burmeseclassic.com



တော့ ကွင်းထဲမှာပင် နေရစ်ခဲ့ပြီး ပရိသတ်၏ တစ်ခဲနက်ကြိဘာပေးခြင်းကို ခံယူရင်း အောင်ပွဲခံနေခဲ့လေသည်။

*

မြန်မာဘော်လုံးအသင်းပေါ်တွင် ပရိသတ်သာမက အခြားနိုင်ငံများက ခေါင်းဆောင်များကပါ အလေးထားကြရသည်။ ဆရာ 'မိုးမိုးတာရောစန်'၏ ဆောင်းပါးတစ်ပုဒ်ထဲမှ မှတ်မိသမျှ ပြန်လည်ကိုးကားဖော်ပြပါမည်။

နိုင်ငံတကာပြိုင်ပွဲတစ်ခုတွင် ဖြစ်၏။ မြန်မာအသင်းက ဗိုလ်လုပွဲကစားရ၏။ ဆရာမိုးမိုးတာရောစန်က မြန်မာအသင်း၏ အုပ်ချုပ်သူအဖြစ် တာဝန်ယူရသည်။ ပွဲကြည့်စင်၏ ဗီအိုင်ပီများအတွက် သီးသန့်ထားသော နေရာမှာ ထိုင်ရသည်။ ဒါတွင်မကသေး၊ ဆရာ၏ ဘေးချင်းကပ်ခုံမှာ ထိုင်သူက ထိုအိမ်ရှင်နိုင်ငံ၏ သမ္မတကြီးဖြစ်လေ၏။

ဘော်လုံးပွဲ စလို့ မကြာခင်မှာပင် မြန်မာသံရုံးမှ အရာရှိတစ်ဦးရောက်လာပြီး ဆရာ့ကို အရေးကြီးကိစ္စရှိသဖြင့် မီရာလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ အမြန်ပြန်ခဲ့ဖို့ ရန်ကုန်မှ အကြောင်းကြားလာကြောင်းလာပြောသည်။ ရန်ကုန်သို့ ပျံမည့် လေယာဉ်ကလည်း မကြာခင် ထွက်တော့မည်။ ထို့ကြောင့် ဆရာလည်း အားနာနာနှင့်ပင် ခုချက်ချင်း လေဆိပ်ဆင်းရမည် ဖြစ်၍ ဘော်လုံးပွဲ ဆက်မကြည့်နိုင်သည်ကို ခွင့်လွှတ်ပါရန်အကြောင်း သမ္မတကြီးကို တောင်းပန်ရလေသည်။ ထိုအခါ သမ္မတကြီးက...

"ပထမပိုင်း ပြီးအောင်တော့ ကြည့်သွားပါဦးဗျာ"

ဟူ၍သာ ပြန်ပြောသည်။

သမ္မတကြီးတစ်ယောက်လုံး၏ စကားဖြစ်သောကြောင့် ဆောဒကမတက်ရဲတော့ဘဲ ဘော်လုံးပွဲကိုသာ ဆက်ကြည့်နေရ၏။ စိတ်ထဲကတော့

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကို ပြန်ဖို့ လေယာဉ်မမီနိုင်တော့တာကို တွေးပြီး နေမထိထိုင်မသာ ဖြစ်နေရ၏။

ပထမပိုင်းပြီးတော့ ဂိုးမရှိသရေ။ သမ္မတကြီးက ပြောသည်။

"ကဲ... ခင်ဗျား လေဆိပ်ကို တန်းဆင်းပေတော့၊ ကျွန်တော့်လူတွေ ကြည့်လုပ်ပေးလိမ့်မယ်။ စိတ်ချသာသွားပါဗျာ။ ဒီခြေအရဆိုရင် မြန်မာပဲ နိုင်မှာပါ"

ဆရာလည်း လေဆိပ်ကို အလျှင်အမြန်သွားရသည်။ ဟိုရောက်တော့... လေယာဉ်မှာ ထွက်ခွာရမည့်အချိန်လွန်နေပါလျက် မထွက်သေးဘဲ ရှိနေကြောင်း တွေ့ရ၏။ နိုင်ငံတော် အထူးဧည့်သည်တော် တစ်ယောက် လိုက်ပါရန်ရှိသဖြင့် မရောက်မချင်း လေယာဉ်မထွက်ဘဲ စောင့်နေရန် သမ္မတကြီးက အမိန့်ပေးထားပါသတဲ့။ ထိုဧည့်သည်တော်ကား မြန်မာဘော်လုံးအသင်း၏ အုပ်ချုပ်သူ ဆရာမိုးမိုးတာရောစနပင် ဖြစ်လေ၏။

ထိုအခါကျမှ ဆရာလည်း သက်ပြင်းလည်းချ၊ ဂုဏ်လည်းယူရင်း လေယာဉ်ပေါ် တက်ခဲ့ရလေသည်။ လေယာဉ် ထွက်ခွာပျံသန်းလာပြီး မိနစ်အနည်းငယ် အကြာတွင် လေယာဉ်မယ်ကလေးက ဆရာ့နားလာရပ်ပြီး အောက်ပါအတိုင်း အစီရင်ခံလိုက်၏။

"သမ္မတကြီးက ရေဒီယိုတယ်လီဖုန်းကတစ်ဆင့် လူကြီးမင်းဆီ သတင်းပို့ခိုင်းလိုက်ပါတယ်၊ အခု မကြာခင် အချိန်ကလေးကပဲ မြန်မာ ဘော်လုံးအသင်းက ဖွင့်ဆော်ဦးအနိုင်ဂိုးကို စသွင်းလိုက်ပါပြီတဲ့ရှင်"

*

ကျွန်တော်တို့ငယ်ငယ်က အားကျခဲ့ရသော ဘော်လုံး အကျော် အမော်များမှာ မှတ်မိသမျှ

ကိုကိုကြီး၊ စတိုင်လ်၊ ဗဟာဒူး၊ လှဌေး၊ အောင်ခင်၊ ပုညနှင့် ဝင်းမောင်

www.burmeseclassic.com

www.burmeseclassic.com



(နှစ်ယောက်)၊ ဘပု၊ တင်အောင်မိုး၊ လှကြည်၊ ဆတ်သီး(သန်းစိုး)၊ ပန်စစ်၊ နာသန်၊ စီဘီလားမား၊ တင်အေး၊ ခင်မောင်လတ်၊ မြင့်သန်း၊ အေးမောင်ကြီး၊ အေးမောင်လေး၊ ခင်မောင်ဇော်၊ ခင်မောင်တင့်၊ မျိုးဝင်းညွန့်၊ အုန်းမြင့်၊ ကျော်သောင်း၊ တင်ဟန်၊ မောင်မောင်၊ စိုးမြင့်၊ မောင်မောင်တင်၊ မောင်မောင်မြင့်၊ ဟန်သိန်း၊ စောညီညီထွန်း၊ စိန်ဝင်းကြီး၊ စိန်ဝင်းလေး၊ ကျော်တင့်၊ ခင်မောင်ထွန်း၊ တင်အောင်၊ ကျော်မင်း၊ တင်ဝင်း (မျိုးလှိုင်ဝင်းအဖေ)စသည်တို့ ဖြစ်ကြ၏။

ဗဟာဒူး၊ ခင်မောင်ထွန်း၊ တင်အောင်တို့သည် အာရှလက်ရွေးစင်ဖြစ်ခဲ့ဖူးသည်။ (မောင်မောင်တင်လည်း အရွေးခံရဖူးသည် ထင်၏။)

ဗဟာဒူးသည် အာရှ၏ အကောင်းဆုံး ဘော်လုံးသမားဖြစ်ခဲ့၏။ မြန်မာအသင်း၏ ခေါင်းဆောင်ဖြစ်ခဲ့သလို အာရှလက်ရွေးစင်အသင်းရွေးချယ်ဖွဲ့စည်းရာတွင် သူပဲ အသင်းခေါင်းဆောင်ဖြစ်ခဲ့၏။

သူထူးချွန်ရသည့်အကြောင်းတွေ ရှိ၏။ သူက ဘဝကို ဘော်လုံးထဲမှာ နှစ်မြှုပ်ထားသူ။ စိတ်ကိုလည်း ဘော်လုံးထဲမှာပဲ ဝင်စားထားသူဖြစ်၏။

သူက မနက်တိုင်း လေ့ကျင့်ခန်း မှန်မှန်ဆင်းသည်။ ပျက်ကွက်မှုမရှိသလောက် နည်းပါးသည်။ သူဘော်လုံးကွင်းထဲသွားလျှင် သူ၏ ခွေးကလေးကို ခေါ်သွားတတ်သည်ဟု ကြားဖူးသည်။ ခွေးကလေးက ဘော်လုံးကို လိုက်လုသည်။ သူက ရအောင် ကွေ့ပတ်ရှောင်ရင်း ဘော်လုံးထိန်းသိမ်းမှုကို တိုးတက်စေသည်။ ပြီးတော့ ဘော်လုံးကို ဆွဲပြေးသည်။ ခွေးကလေးက နောက်မှလိုက်သည်။ သူက လွတ်အောင်ပြေးသည်။

ဒီလိုနဲ့ သူ၏ လျင်မြန်မှု၊ ကြံ့ခိုင်မှုတို့ကို ထိန်းသိမ်းမြှင့်တင်ခဲ့သည်။

ဗဟာဒူး ကစားခဲ့သည့် ပွဲတစ်ပွဲအကြောင်း သတိရမိ၏။ အာရှဖလား ခြေစစ်ပွဲအတွက် အိန္ဒိယအသင်းနှင့် မြန်မာ့မြေပေါ်မှာ ကန်ခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယအသင်း၏ ဂိုးသမားမှာ ဗီသံနန့်ဂရပ်ချ်ဆိုသော လူထွားကြီး ဖြစ်၏။ အရပ်က ခြောက်ပေကျော်သည်။ လူကလည်း တုတ်ခိုင်တောင့် တင်းသည်။ အိန္ဒိယအသင်း၏ အားအထားရဆုံး အုတ်တံတိုင်းကြီးဟု နာမည် ကြီးသည်။ သူစောင့်သော ဂိုးတိုင်ထဲကို ဝင်အောင် ကန်နိုင်ဖို့ မလွယ်ဟု ဆိုကြသည်။

ထိုပွဲတွင် ဗဟာဒူးက ဂိုးဧရိယာအပြင်ဘက် အတော်ဝေးဝေးမှ ခပ် ပြင်းပြင်း ကန်လိုက်သည့် ဘော်လုံးကို သန့်ဂရပ်ချ် ဘယ်လိုမှ မဖမ်းနိုင် ဘဲ ဂိုးဝင်သွားခဲ့၏။ ထိုပွဲကို ကြည့်ဖူးသူတိုင်း ထိုမြင်ကွင်းကို ခုထိ မျက်စိ ထဲ စွဲနေကြပါလိမ့်မည်။

ဒီနောက်ပိုင်းမှာ ဗဟာဒူးကို အိန္ဒိယနိုင်ငံ ကလပ်အသင်းတစ်ခုက လာကစားပေးဖို့ ခေါ်ခဲ့သည်။ ဗဟာဒူးက ခဏသာ မေတ္တာဖြင့် သွား ကစားပေးခဲ့၏။ ဟိုက ငွေပုံပေးပြီး သူ့တို့ဆီမှာ အမြဲကစားဖို့ တောင်းပန် တာကို ငြင်းခဲ့သည်။

ဒီလို တိုင်းပြည်ဂုဏ်ကို ဆောင်နိုင်ခဲ့လို့လည်း တပ်သားလေးဘဝမှ ဗိုလ်မှူးထိ အဆင့်ဆင့် တိုးမြှင့်ပေးခြင်း ခံခဲ့ရသည်။

(ခုတော့ အငြိမ်းစားဖြစ်ပြီး ကျန်းမာရေးလည်း မကောင်းလှဟု သိရ၏။ ဟိုအရင်နှစ်ပိုင်းလောက်ကတော့ သူ့ကို ချစ်ခင်လေးစားသူတွေ က ဝိုင်းဝန်း ချီးမြှင့်ထောက်ပံ့ခဲ့ကြကြောင်း စာနယ်ဇင်းတွေမှာ ဖတ်လိုက် ရ၏။ စာပေနယ်မှာလို ဘော်လုံးကသိုလ်တော်ပွဲခင်းလေးရှိလျှင် ကောင်း မည် ထင်၏။)

နောက်တစ်ယောက်က လှဌေး။

မြန်မာ့ရိုးရာ ခြင်းခတ်ကစားနည်းတွင် 'ခြင်းမင်းသား'ဆိုတာ ရှိ၏။ သူက စလွယ်၊ ဝိုက်ကြီး၊ ဝိုက်ကလေး၊ မြင်းစီး၊ မဟာညွန့်၊ နဂါးလိမ် စသည်တို့ကို ကျွမ်းကျွမ်းကျင်ကျင် လှလှပပ ခတ်ကစားပြတတ်ရသည်။ ကစားဖော်တွေက သူ့ကို ဦးတည်၍ ပို့ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



လှဋ္ဌေးကို ဘောက်လုံးမင်းသားဟု ခေါ်ကြ၏။ သူက အလိမ်အခေါက် အလှည့်အပတ်များဖြင့် လှလှပပ ကစားတတ်သည်။ ဥရောပအကောင်းဆုံး ဘောက်လုံးသမားဆိုသော ဟော်လန်မှ ဂျိုဟာန်ခရုပ်ပ်လိုပင် တစ်ဖက်လူကို အရှုံးလုပ်ကစားရာမှာ အလွန်ကျွမ်းကျင်သည်။ လူနှစ်ယောက် သုံးယောက်ကို အသာလေး လိမ်ခေါက်ထွက်သွားနိုင်သည်။ တစ်ခါတလေများ တစ်ယောက်တည်းကို နှစ်ပတ်သုံးပတ် ပတ်လိမ်လိုက်သေးသည်။

သူ ကစားလျှင် ရုပ်ရှင်မင်းသားကြီး ကောလိပ်ဂျင်နေဝင်း သရုပ်ဆောင်သလို ခြေရော လက်ရော ရှုပ်ယှက်ခတ်နေတတ်သည်။ တချို့က ကစားလျှင် လက်ကို အသေကြီး ထားတတ်သည်။ တကယ်တော့ ပခုံးနှင့် လက်တို့၏ လှုပ်ရှားမှုသည်လည်း တစ်ဖက်လူကို လှည့်စားရာမှာ အလွန်အထောက်အကူပြုလေသည်။

လှဋ္ဌေးက လိမ်ခေါက်လှည့်ပတ်နေသဖြင့် တစ်ဖက်နောက်တန်းလူများသည် သူ့ကို ကပ်ဖို့ အလုပ်များနေခြင်း၊ သူ့အပေါ် အာရုံရောက်နေခြင်းတို့ကြောင့် ကစားဖော် ရှေ့တန်းသမားများဖြစ်ကြသော အောင်ခင်၊ ဝင်းမောင်၊ ဟန်သိန်းတို့ကို ကပ်ဖို့ သတိလစ်သွားရသည်။ ထိုအခါကျမှ လှဋ္ဌေးက လွတ်လွတ်ကျွတ်ကျွတ် ဖြစ်နေသော ကိုယ့်လူဆီ ထိုးပေးလိုက်သောအခါ ဂိုးသွင်းခွင့် ရသွားလေတော့သည်။

တစ်ခါက မြန်မာနှင့် ဆိုဗီယက်မှ နာမည်ကြီးကလပ်အသင်း (ဇိုင်ယာအသင်း ထင်၏။) တို့ ချစ်ကြည်ရေး ခြေစမ်းပွဲ ကစားကြသည်။ အောင်ဆန်းကွင်းမှာ ကစားခြင်း ဖြစ်၏။ အလွန်ကြည့်ကောင်းသော ပွဲတစ်ပွဲဖြစ်ခဲ့ပြီး သရေကျခဲ့သည်။

ဆိုဗီယက်အသင်း နောက်တန်းလူတစ်ယောက်က လှဋ္ဌေးကို အသေ ကပ်ထားသည်။ သူက လူကောင်ကြီးကြီး ထောင်ထောင်မောင်းမောင်း ဖြစ်သောကြောင့် ကလေးထိန်းကြီးတစ်ယောက်လို ဖြစ်နေ၏။ လှဋ္ဌေးကလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေတဲ့ကြားက ကလေးဆိုး

www.burmeseclassic.com



တစ်ယောက်လို ဘယ်ဘက်ပြေးလိုက်၊ ညာဘက်ရောက်လိုက်၊ ကွင်းလယ် ဆင်းကစားလိုက် လှစ်ခနဲလှစ်ခနဲ ပျောက်သွားတတ်သည်။ တစ်ခါခါ ဆိုဗီယက်ကြီးမှာ လှဒွေးကို ရှာမတွေ့သဖြင့် ခေါင်းကုတ်ပြီး ပြူးပြူးပျာပျာ ဖြစ်နေပုံမှာ ပရိသတ်များ ပွဲကျစရာဖြစ်ခဲ့၏။

(လှဒွေးကစားပုံကို အနီးစပ်ဆုံး မြင်ယောင်ကြည့်ချင်လျှင် သန်းတိုးအောင်ကို ညွှန်းလိုပါသည်။)

မြန်မာ့လက်ရွေးစင် ဂိုးသမားခင်မောင်ထွန်းသည် ကျွန်တော်၏အသည်းစွဲဖြစ်၏။ ကျွန်တော်ကလည်း ဂိုးသမားမဟုတ်လား။ ကျွန်တော်သာမက မြန်မာဘော်လုံးပရိသတ်၊ အာရှဘော်လုံးပရိသတ်ကပါ အသည်းစွဲကြသည်။ သူ့ကို နိုင်ငံခြားမှာ 'စူပါမင်း'ဟု ခေါ်ကြသည်။

သူက လေထဲမှာ ဘော်လုံးဖမ်းရာမှာ အလွန်ကျွမ်းကျင်သည်။ အရပ်အမောင်းရော၊ ကိုယ်လုံးကိုယ်ထည်ပါ ထွားကျိုင်းသဖြင့် အလွန်လုံခြုံသော ဂိုးသမားတစ်ယောက်ဖြစ်၏။ လေထဲမှာ ဒိုင်ဗင်ပစ်ပြီး ဘော်လုံးကို အမိဖမ်းပုံမှာ အလွန်လှသည်။ မန်ချက်စတာ ယူနိုက်တက်အသင်းမှ ဒိန်းမတ် ဂိုးသမားကြီး ရှမိုက်ကယ် ဖမ်းပုံကို ကြည့်ပြီး သူ့ကို သတိရမိ၏။

သူ့ကို အင်္ဂလန်နိုင်ငံမှ ဒုတိယတန်း ကလပ်အသင်းတစ်ခုမှာ ကြေးစားကစားဖို့ ခေါ်သေးသည်။ သူက မသွား။ ဟိုခေတ်က မူဝါဒအရ သက်ဆိုင်ရာမှ ခွင့်မပြုခဲ့တာလည်း ဖြစ်နိုင်၏။

တင်အောင်သည်လည်း နာမည်ကျော် လက်ရွေးစင်ဂိုးသမားဖြစ်၏။ သူက ဂိုးဖမ်းရာမှာ တည်ငြိမ်သည်။ လက်မြဲသည်။ အာရှအားကစားပွဲ ဗိုလ်လုပွဲတွင် အီရန်အသင်းမှ ရှေ့တန်းလူတစ်ယောက်က အခရီဘတ်ခေါ် လေထဲတွင် နောက်ပြန်ကန်သည့်နည်းဖြင့် ကန်လိုက်သော ဘော်လုံးမှာ ဂိုးဝင်ပြီဟု ထင်လိုက်ရသည်။ သို့ရာတွင် ထိုဘော်လုံးသည် တင်အောင်၏ လက်ဖျားမှာ ထပ်ခနဲ ကပ်လျက် ဖမ်းမိသွားသည်။ အားလုံးဟင်ခနဲ

www.burmeseclassic.com



ဟာခနဲ ဖြစ်သွားရတာ ရုပ်ရှင်သတင်းကားထဲမှာ ကြည့်ဖူးသူများ မှတ်မိပါလိမ့်မည်။

ကျွန်တော်တို့ ငယ်ငယ်ကတော့ တင်အောင်ကို သိပ်ကြိုက်လှတာမဟုတ်။ ထိုစဉ်က လေထဲမှာ ဒိုက်ပစ်ထိုးပြီး ဖမ်းရသော အဲယားဒိုက်ဆိုတာ သိပ်ခေတ်စားသည်။ တင်အောင်က ဒါမျိုး သိပ်လုပ်လေ့မရှိ။ ထို့ကြောင့် 'တင်အောင်က အဲယားဒိုက်လည်း မထိုးတတ်ဘူး'ဆိုပြီး သိပ်သဘောမကျ ခြင်းဖြစ်၏။ ကျွန်တော်က အဲယားဒိုက်ကို အလွန်ဝါသနာပါတဲ့သူကိုး။

ခုနောက်ပိုင်း ကမ္ဘာကျော် ဂိုးသမားများဖြစ်ကြသော ဒိန်းမတ်မှ ရှမိုက်ကယ်၊ ဘရာဇီးမှ တာဖာရယ်၊ အင်္ဂလန်မှ ဆီးမင်း၊ ဩစတြေးလျမှ ဘော့စနစ်၊ မက္ကဆီကိုမှ ကမ်ပို့စ်၊ ချက်မှ ကူဘားတို့ ဖမ်းပုံကို မြင်ရပြီးမှ သဘောပေါက်သည်။

ဘော်လုံးလာမည့် လမ်းကြောင်းကို မှန်းဆပြီး နေရာယူမှန်လျှင် မမီမကမ်း ဒိုက်ထိုးနေစရာမလို။ ဘော်လုံးက ကိုယ့်ဆီတည့်တည့် ဝင်လာအောင် ကြိုတင်ရောက်နှင့်နေနိုင်သည်။ ပြီးတော့ အန်ဂယ်လ်ပိတ်သည်ဟု ခေါ်သော တစ်ဖက်ရှေ့တန်းလူ ကန်သွင်းနိုင်သည့် လွတ်ကွက်ဟာကွက်ဧရိယာကို ကျဉ်းသွားအောင် ပိတ်ဆို့နိုင်သည်။

တင်အောင် ဖမ်းပုံမှာ ဒါမျိုးပင်ဖြစ်၏။ ဒီတော့မှပင် တင်အောင်သည် ခေတ်ရှေ့ပြေးခဲ့သော ကမ္ဘာ့အဆင့်မီ ဂိုးသမားဖြစ်ခဲ့ကြောင်း သိလာရ၏။ (ယခု မြန်မာ့လက်ရွေးစင် ဂိုးသမား အောင်အောင်ဦးသည်လည်း ဆက်ပြီး ကြိုးစားသွားလျှင် တင်အောင်လို ဖြစ်လာမည့် အလားအလာရှိသည်။)

ဂိုးသမား ကျော်မင်းသည် ဂိုးဖမ်းရာမှာ ရဲရဲတင်းတင်းရှိ၏။ သနားခံပြီး ဖမ်းလေ့ရှိ၏။ မျိုးလှိုင်ဝင်းတို့အဖေ တင်ဝင်းကတော့ ဂိုးဖမ်းလျှင် သေသပ်မှု ရှိသည်။ ကျွမ်းဘားသမားတွေလို တစ်ပတ်ကျွမ်းထိုးပြီး

www.burmeseclassic.com

www.burmeseclassic.com



လေထဲမှာ ဖမ်းတာ သိပ်လှသည်။ မြန်မာလူငယ်အသင်း ဆုဖလားတွေ ရအောင် အစွမ်းပြကာကွယ်ခဲ့သူ ဖြစ်၏။

နောက်ပိုင်း သူတို့နှစ်ယောက် ရှေ့တန်းတက်ကစားကြရာမှာလည်း ထူးချွန်ခဲ့ကြသည်။

(ထိုဘောလုံးသမားဟောင်းကြီးများသည် ကျွန်တော့်ထက် အများကြီး အသက်ကြီးကြပါသည်။ ခုချိန်ဆို အနည်းဆုံးငါးဆယ်အထက်မှာ ရှိကြလိမ့်မည်။ သို့ရာတွင် ရုပ်ရှင်မင်းသားတွေလိုပင် နာမည်ရှေ့မှာ 'ဦး' မတပ်ဘဲ အားပါးတရ ခေါ်ဝေါ်သုံးနှုန်းခဲ့သည်ကို ခွင့်လွှတ်ကြစေချင်ပါသည်။)

*

တချို့က ခုအခါ မြန်မာဘောလုံးအသင်း အဆင့်အတန်း နိမ့်သွားပြီဟု ဆိုနေကြသည်။ ကျွန်တော်တို့ကတော့ ဒီလိုမထင်။ တစ်ချိန်တစ်ခါက အရှိန်အဟုန်နှင့် တိုးတက်ခဲ့ပြီး တစ်ချိန်မှာ ရုတ်တရက် တန့်သွားခဲ့သည်။ ထိုအချိန်တွင် ပြိုင်ဘက်နိုင်ငံတွေက အရှိန်ကောင်းစွာ တိုးတက်ပြီး မြန်မာကို ကျော်တက်သွားခဲ့ကြသည်။

ခုနောက်ပိုင်းကျမှ အားလုံးဝိုင်းဝန်းပြီး မြန်မာ့ဘော်လုံး အဆင့်အတန်း ပြန်လည်မြင့်တက်လာဖို့ ကြိုးစားရခြင်း ဖြစ်၏။ ဒီအခါမှာ ပြိုင်ဘက်တွေရှေ့မှာ အကျောရနေသည့်အပြင် ကြိုးစားမှုကိုလည်း မလျှော့သဖြင့် ကိုယ်က ခြေတစ်လှမ်းနောက်ကျနေရခြင်းသာ ဖြစ်၏။ အင်အားကို ညှစ်ထုတ်နိုင်လျှင် မီနိုင်သေးသည်။

ပရိသတ်အနေဖြင့် ကိုယ့်နိုင်ငံအသင်းကို နိုင်စေချင်ကြသည်ချည်း ဖြစ်၏။ တစ်ချိန်က လျှမ်းလျှမ်းတောက်ခဲ့သော မြန်မာတွေအဖို့ ပိုတောင် နိုင်ချင်ကြတာ သဘာဝကျပါသည်။ အောင်မြင်မှု မရသောအခါ ကရုဏာဒေါသော ဖြစ်ကြရတာလည်း အပြစ်ဆိုစရာ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးသမားတွေဘက်က ကြည့်တော့ သူတို့လည်း နိုင်ချင်ရှာကြမှာ သေချာသည်။ အတတ်နိုင်ဆုံး ကြိုးစားကစားခဲ့ကြတာ အားလုံးအသိပါပဲ။

ပရိသတ်၏ အလိုဆန္ဒကို ဖြည့်စွမ်းပေးနိုင်ဖို့ ဘောလုံးသမားများနှင့် အုပ်ချုပ်သူများဘက်မှာလည်း အခက်အခဲတွေ၊ အကန့်အသတ်တွေ ရှိနေကြကြောင်း သတိပြုသင့်သည်။

အားကစားနည်းပေါင်း မြောက်မြားစွာကို မျှတအောင် ချီးမြှောက်ရသည်။ ဘောလုံးတစ်ခုတည်း ကွက်ပြီး အားပေးလို့ ဖြစ်တာမဟုတ်။ ချမ်းသာသော နိုင်ငံတွေလို ငွေပုံအောပြီး သုံးဖို့ အခြေအနေလည်း မပေးနိုင်သေး။

မြန်မာအသင်း အောင်မြင်မှုမရတာ ဝါရင့်ဘောလုံးသမားတွေ မပါလို့ဟု ပြောကြတာ ရှိသည်။ ဒါလည်းဖြစ်နိုင်သည်။ အရေးအကြောင်းကျတော့ အတွေ့အကြုံက စကားပြောသည်။ အကျဉ်းအကျပ်ထဲမှာ အဆုံးအဖြတ် ဂိုးတစ်ဂိုးသွင်းနိုင်လျှင် ခေါင်းရကျိုးနပ်သည်။ သို့ရာတွင် တစ်ဖက်က ကြည့်တော့လည်း ဒီလူတွေပါလျှင် နိုင်ကိုနိုင်ရမည်ဟု ဘယ်သူက အာမခံနိုင်လို့လဲ။ တကယ်တော့ ဒီလိုကိစ္စမျိုးတွေမှာ ကမ္ဘာ့ထိပ်တန်းဘောလုံးနိုင်ငံကြီးများ ဖြစ်ကြသော ဘရာဇီးတို့၊ အင်္ဂလန်တို့မှာတောင် ဖြစ်တတ်သည့် ပြဿနာဖြစ်၍ မထူးဆန်းလှပါ။

ပြီးခဲ့သည့် အကြိမ်နှစ်ဆယ်မြောက် အရှေ့တောင်အာရှ အားကစားပွဲမှာ မြန်မာဘောလုံးအသင်း အရေးနိမ့်ခဲ့၏။

ကျွန်တော့်အမြင်ကတော့ မြန်မာအသင်း ကစားပုံကို ကြိုက်သည်။ တချို့အသင်းတွေ ခွန်အားနှင့် သက်လုံကို သုံးပြီး လျင်လျင်မြန်မြန် ကစားတာသာ ရှိသည်။ ကစားကွက်မရှိ။ မြန်မာအသင်းမှာ ကစားကွက် ရှိသည်။ အဝင်အထွက်ရှိသည်။ ဘောလုံး အထိန်းအသိမ်းကောင်းသည်။ အပြီးသတ် ဂိုးသွင်းနိုင်မှု အားနည်းခြင်းနှင့် အတွေ့အကြုံနုသူတွေ များ

www.burmeseclassic.com

www.burmeseclassic.com



နေခြင်းသာ ပြောစရာ ရှိ၏။

ဗီယက်နမ်နှင့် ပွဲတွင် ပယ်နတီ မပေးရခင်အထိ မြန်မာက နိုင်ခြေ တောင် ရှိနေသည်။ ပထမပိုင်း ပြီးသောအခါ ဒီပွဲရှုံးလျှင်တောင် ကစားပုံ ကစားကွက်ကိုတော့ ကျေနပ်ရမည်ဟု ကျွန်တော်ကောက်ချက်ချမိ၏။ ကံအကြောင်းမလှ၍ ဂိုးရှုံးသော်လည်း ခြေမရှုံးဟု ဆိုနိုင်သည်။

လာအိုနှင့်ပွဲ သရေကျတာကိုလည်း အပြစ်ပြောလို့ မရပါ။ မြန်မာ အသင်းသည် ဗီယက်နမ်ပွဲတွင် ရေကုန်ရေခန်း ကစားခဲ့ရသောကြောင့် လူတွေ အတော် ပင်ပန်းနေကြသည်။ လာအိုကလည်း ခပ်ညံ့ညံ့အသင်း မဟုတ်။ တစ်နှစ်ပြီးတစ်နှစ် ခြေတက်လာသော အသင်းဖြစ်၏။ အင်္ဂလန် မှ နံပါတ်တစ်အသင်း ဖြစ်သော မန်ချက်စတာ ယူနိုက်တက်ပင်လျှင် ဒုတိယတန်း ပြန်ဆင်းရတော့မည့် အောက်ဆုံးကလပ်အသင်းကို သရေ ကျအောင် မနည်းကစားခဲ့ရသည့် သာဓကရှိ၏။ ဒါမျိုးတွေက ဘော်လုံး လောကမှာ ဖြစ်လေ့ရှိတတ်သည်။

ထိုင်းနှင့်ပွဲမှာတော့ မြန်မာအသင်းမှာ စိတ်ရောလူရော ခြေကုန် လက်ပန်းကျနေပြီ။ ထိုင်းကလည်း အုပ်စုဗိုလ်ဖြစ်ရေးအတွက် ဂိုးအပြတ် သွင်းမှဖြစ်မည်။ ထို့ကြောင့် မြန်မာတို့ ဂိုးအပြတ် ရှုံးခဲ့ရခြင်းသည် ဘာမျှ မဆန်း။

မြန်မာအသင်း အောင်မြင်မှု မရခဲ့သော်လည်း မျှော်လင့်ထားတာ ထက်တော့ ပိုပြီး ကျေနပ်စရာ ကောင်းခဲ့တာကိုတော့ ဝန်ခံကြရမည်။

ခြေစွမ်းထက်သော လူငယ်လူသစ်ကလေးများ ပေါ်ထွက်လာခြင်း သည် အမြတ်ဟု ဆိုနိုင်သည်။

တကယ်တော့ အခုလို အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းအတွက် ဘယ်သူ့မှာ မှ အပြစ်မရှိဟု ထင်၏။

ဘာပဲဖြစ်ဖြစ် မြန်မာ့ဘော်လုံးလောက ရေစုန်မျောသွားပြီဆိုသော အယူအဆကို ကျွန်တော်လက်မခံနိုင်။ ဘော်လုံးသမားများကို စနစ်တကျ

www.burmeseclassic.com

www.burmeseclassic.com



စည်းနှင့်ကမ်းနှင့် ကိုင်တွယ်ပြီး တစ်ဖက်ကလည်း သူတို့အတွက် လိုအပ်သော အာဟာရ၊ နည်းပညာ၊ ဆေးဝါးနှင့် လိုလောက်သောငွေကြေး ထောက်ပံ့မှု ပေး၍ ပြင်းပြင်းထန်ထန် ကြိုးစားလျှင် တစ်နှစ်၊ နှစ်နှစ်အတွင်းမှာပင် ၁၉၉၃ခုနှစ်တုန်းက အောင်မြင်မှုမျိုး ပြန်ရနိုင်မည်ဟု ယုံကြည်သည်။

*

ဘော်လုံးသည် ကမ္ဘာ့လူကြိုက်အများဆုံး အားကစားဖြစ်၏။ ဒါနဲ့ဆက်နွှယ်ပြီး မီဒီယာလုပ်ငန်း၊ အားကစားပစ္စည်းရောင်းဝယ်ခြင်းလုပ်ငန်း၊ ဘော်လုံးကွင်းများ ဆောက်လုပ်သည့်လုပ်ငန်း၊ ဘော်လုံးပွဲကြီးများကို မှီ၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများပါ တွဲဖက်ဖွံ့ဖြိုးလာသည်။

ဘော်လုံးသည် အားကစားသက်သက်ဖြစ်သော်လည်း ခေတ်အခြေအနေအရ စီးပွားရေးလုပ်ငန်းတစ်ခု အသွင်ကိုပါ ဆောင်လာခဲ့သည်။

ကမ္ဘာ့ဖလားပွဲလို ပွဲကြီးမျိုး အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရလျှင် နိုင်ငံအတွက် နိုင်ငံခြားငွေ သောက်သောက်လဲ ရနိုင်သည်။ ထို့ကြောင့် အိမ်ရှင်ဖြစ်ခွင့်ရဖို့ အပြိုင်အဆိုင် ကြိုးစားကြသည်။ ခုနောက်ပိုင်း ရွေးချယ်ရေး အဖွဲ့ဝင်တွေကို အခွင့်အရေးတွေ၊ လက်ဆောင်ပစ္စည်းတွေ၊ ငွေကြေးတွေ လာဘ်ထိုးပြီး စည်းရုံးတာမျိုးတောင် ရှိလာသဖြင့် ပြဿနာဖြစ်နေရသည်။

အိမ်ရှင်နိုင်ငံလုပ်ဖို့ ဆိုတာကလည်း သိပ်တော့မလွယ်လှ။ ဒေါ်လာသန်းထောင်ပေါင်းများစွာ ကြိုတင်ရင်းနှီးမြှုပ်နှံနိုင်ဖို့ လိုသည်။ အားကစားကွင်းကို ကမ္ဘာ့အဆင့်မီ အကောင်းဆုံး တည်ဆောက်ရမည်။ နိုင်ငံတကာက ပရိသတ်တွေ လာသောအခါ တည်းခိုဖို့ အဆင့်မြင့်ဟိုတယ်တွေ အလုံအလောက် ရှိရမည်။ သွားရေးလာရေးအတွက် အဆင်ပြေအောင် ပြုလုပ်ပေးရမည်။ မီဒီယာလုပ်ငန်းတွေအတွက် သတင်းပေးဖို့ ဖြန့်ချိရေးကွန်ရက်

www.burmeseclassic.com

www.burmeseclassic.com



တွေ စနစ်တကျ ဆောင်ရွက်ပေးရမည်။

အမေရိကန်မှာ ၁၉၉၄ ကမ္ဘာ့ဖလားပွဲ ကျင်းပခဲ့သည်။ ဘော်လုံးကွင်းကို စပါယ်ရှယ်လုပ်ထားသည်။ မြက်ပင်များကို သမားရိုးကျအတိုင်း ကွင်းအတွင်းမှာ မစိုက်ဘဲ အပြင်မှာ သီးခြားမွေးယူသည်။ ဗဟုဂံပုံစံ အကန့် ကလေးတစ်ခုစီဖြင့် မွေးပြီး ကွင်းထဲရောက်မှ ဆက်စပ်ယူသည်။ အရုပ်ဆက်ကစားနည်းသဘောပင်ဖြစ်၏။ ဘော်လုံးပွဲတစ်ပွဲပြီးလို့ ပျက်စီးသွားသော နေရာရှိလျှင် ထိုအပိုင်းကို ဖယ်ထုတ်ပြီး အသင့်မွေးထားသော အရန်ကွက်ဖြင့် အစားထိုးသည်။ ထို့ကြောင့် ဘော်လုံးကွင်းမှာ အမြဲတမ်း စိမ်းလန်းညီညာနေသည်။

(ဒါကို ကြည့်ပြီး ကျွန်တော်တောင် တစ်စု စိတ်ကူးမိသေးသည်။ အင်းလေးကန်ထဲမှာ ကျွန်းမျောတွေကို ဆက်ပြီး ဘော်လုံးကွင်းဆောက်ဖို့ ဖြစ်၏။ ဒါဆိုလျှင် ကမ္ဘာ့ပထမဆုံး ရေပေါ်ဘော်လုံးကွင်းအဖြစ် နာမည်ကြီးသွားနိုင်သည်။)

အမေရိကန်ပွဲတွင် ဘော်လုံးသမား ထိခိုက်အနာတရဖြစ်သောအခါ သူနာပြုတွေက ခြေလျင်ပြေးဝင်သွားစရာမလို။ ဂေါက်ကွင်းမှာသုံးသော မော်တော်ကားမျိုးလေးဖြင့် ကွင်းထဲ မောင်းဝင်သွားသည်။ လူနာကို သယ်ထုတ်ရမည်ဆိုလျှင်လည်း ကားနောက်ပိုင်းမှာပါသော စင်ကလေးပေါ် တင်ပြီး မောင်းထွက်သွားရုံပဲ။ အချိန်ကုန် လူပင်ပန်း သက်သာစေသောနည်း ဖြစ်၏။

ကမ္ဘာ့ဖလားပွဲပြီးသောအခါ အမေရိကန် ဘော်လုံးအုပ်စုဘက်မှ အသံ ထွက်လာသည်။ ဘော်လုံးပွဲတွေမှာ ကစားချိန်ထက်စာလျှင် သွင်းသည့်ဂိုး အရေအတွက်က နည်းနေသည်ဟု ဆို၏။ သူတို့လူမျိုးက ဘတ်စကတ် ဘောကိုသာ အကြည့်များခဲ့သဖြင့် ဟိုဘက်ဂိုးသွင်းလိုက်၊ ဒီဘက် ဂိုးသွင်းလိုက်၊ တရွှတ်ရွှတ် သွင်းနေကြတာကိုသာ အရသာခံသည့် အကျင့် ပါနေသည်။ ဘော်လုံးပွဲတွေမှာ ဂိုးတစ်ဂိုးရဖို့ အကြာကြီးစောင့်နေရတာ

www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်မရှည်နိုင်။ ထို့ကြောင့် ဂိုးများများသွင်းနိုင်ရေးအတွက် ဂိုးတိုင်တွေကို ချဲ့သင့်သည်ဟု အဆိုတင်လာ၏။

ထိုအခါ ဘော်လုံးသမား အများအပြားက မကျေမနပ် ဝေဖန် ပြစ်တင်ကြလေသည်။ ရှေ့တန်းလူတွေကလည်း ဂိုးတစ်ရဂိုးရဖို့ ခက်ခက်ခဲခဲ သွင်းယူရခြင်းသာလျှင် သူတို့၏ ပညာစွမ်းကို ဖော်ထုတ်တင်ပြရာ ရောက်သည်ဟု ယူဆကြ၏။ ဂိုးသမားတစ်ယောက်ကတော့...

'ခုအခါမှာ ဘော်လုံးတွေရဲ့ အဝန်းကိုလည်း အရင်ကထက် ယောင်ယောင်လေး သေးထားတယ်၊ ဘော်လုံးကို ပိုပြီး ပေါ့ပါးအောင် ကန်ချက်ပြင်းအောင် ပြုပြင်ထားသေးတယ်၊ ဒီကြားထဲ ဂိုးတိုင်ကို ချဲ့ဦးမယ်ဆိုရင် သေရချေရဲ့။ မထူးပါဘူး၊ ကျုပ်တို့ဂိုးသမားတွေကို လက်ထိတ်ခတ်ပြီး တော့သာ ဂိုးဖမ်းခိုင်းလိုက်ပါတော့"

ဟု ခပ်ငေါ့ငေါ့ ပြောခဲ့သဖြင့် ထိုကိစ္စ ရှေ့မဆက်ဖြစ်ဘဲ ရပ်ဆိုင်းသွားရ၏။

၁၉၉၈ ပြင်သစ် ကမ္ဘာ့ဖလားဘော်လုံးပွဲမှာကျတော့ သတင်းနည်းပညာကို ပို၍ အသုံးပြုလာသည်။ ကမ္ဘာ့ဖလားပွဲနှင့် ပတ်သက်သမျှ သတင်း အချက်အလက်မျိုးစုံကို အင်တာနက်မှတစ်ဆင့် စုံစမ်းကြည့်ရှုနိုင်အောင် အထူးလိုင်းတစ်ခု ဖွင့်ပေးခဲ့သည်။

ဥပမာ၊ ယနေ့ ကန်မည့် ဘော်လုံးအသင်းနှစ်သင်း၏ အကြောင်းကို သိလိုသမျှ ပြည့်ပြည့်စုံစုံ ရှာနိုင်သည်။ ထိုအသင်းများ၏ ရာဇဝင်၊ ယခင်ကစားခဲ့သော ပွဲများအကြောင်း၊ ဘော်လုံးသမားတစ်ဦးစီ၏ အကြောင်းတို့ကို အင်တာနက်မှတစ်ဆင့် ချက်ချင်းသိနိုင်အောင် စီစဉ်ပေးခဲ့သည်။

*

ဘော်လုံးပွဲတွေကို လူတွေက ပိုစိတ်ဝင်စားလာကြသည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ဘော်လုံးကိုမှီသော စီးပွားရေးလုပ်ငန်းတွေလည်း အလွန်ကြီးကျယ်လာသည်။ နာမည်ကြီး ဘော်လုံးအသင်းတို့၏ ဝတ်စုံများကို ပုံတူချုပ်ရောင်းတာ၊ ဘော်လုံးသမားပုံများ ရိုက်နှိပ်ရောင်းတာကအစ အလုပ်ဖြစ်လာသည်။ ထိုအခါ စီးပွားရေးသမားတွေကလည်း ဒီလောကကို မျက်စိကျလာကြသည်။

နာမည်ကျော် မီဒီယာလုပ်ငန်းပိုင်ရှင် သူဌေးကြီးတစ်ဦးက အင်္ဂလန် မန်ချက်စတာ ယူနိုက်တက်အသင်းကို ဒေါ်လာ သန်းထောင်နှင့်ချီ ပေးဝယ်ဖို့ ကမ်းလှမ်းလာသည်။ သူ့အကြံကတော့ ကမ္ဘာ့နံပါတ်တစ်ကလပ်အသင်း တစ်သင်းကို သူ့လက်ထဲ ကိုင်ထားနိုင်လျှင် ဘော်လုံးစီးပွားရေးကို ထိန်းချုပ်နိုင်မည်။ ထိုဘော်လုံးအသင်း ကစားသည့်ပွဲများ လွှင့်ထုတ်ခွင့်ကို သူပိုင် မီဒီယာလုပ်ငန်းမှ လက်ဝါးကြီးအုပ်ထားမည်။ ထိုအသင်းနှင့် ပတ်သက်သည့် တခြားစီးပွားရေးကိစ္စများကိုပါ သူ့လက်သူ့ခြေဖြစ်အောင် လုပ်ပြီး အမြတ်ထုတ်မည်ဟု စိတ်ကူးခြင်းဖြစ်၏။

ထိုအခါ ဘော်လုံးဝါသနာရှင်များက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြသည်။ ဘော်လုံးသည် အားကစားသာဖြစ်ပြီး စီးပွားရေး ဈေးကစားရာတွင် ခုတုံးလုပ် အသုံးချစရာ လက်နက်မဟုတ်ကြောင်း ဝေဖန်ကြသည်။ တချို့က ဆိုလျှင် ဘော်လုံးကို ရိုးရိုးသားသား ချစ်မြတ်နိုးသော သူဌေးကြီးတွေ စုပြီး ဈေးပိုပေး၍ ဝယ်ယူပြီး မီဒီယာသူဌေးကြီးကို အနိုင်တုဘက်ပြိုင်မည်ဟု ဆိုကြသဖြင့် ထိုကိစ္စ ငြိမ်သွားခဲ့ရ၏။

ဘော်လုံးစီးပွားရေးဈေးကွက်ဖြစ်လာသလို ထူးချွန်သော ဘော်လုံးသမားများလည်း ရုပ်ရှင်မင်းသားတွေလို နာမည်ကြီးလာကြသည်။ ဝင်ငွေအလွန်ကောင်းပြီး သန်းကြွယ်ကုဋေကြွယ် သူဌေးတွေဖြစ်လာသည်။ ဘယ်တုန်းကမှ မရခဲ့ဖူးသော ကစားကြေး ဒေါ်လာသန်း ဆယ်ဂဏန်းအထိ ရရှိလာကြသည်။

ဒီလောက်များများ မရသည့်တိုင် ကြေးစားဘော်လုံးလောကသည်

www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင် နှစ်ပေါင်းများစွာကတည်းက ရှိနှင့်ပြီးဖြစ်၏။ ခုခေတ်လို သတင်းဖြန့်ချိရေး ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံနိုင်အောင် ခေတ်မမီသေးသည့် ကာလကပင် တစ်ကမ္ဘာလုံးက သိရှိသည့် နာမည်ကျော် ဘော်လုံးသမားတွေလည်း ရှိခဲ့၏။

ဥပမာ–'ပီလီ' (ဘရာဇီးလ်)

'ပီလီ'ဆိုသည်မှာ ကျွန်တော်တို့ မြန်မာတွေခေါ်သည့် အသံထွက်ဖြစ်၏။ အနောက်နိုင်ငံ မီဒီယာတွေက 'ပေလေ' ဟု အသံထွက်ကြသည်။ သို့တိုင်အောင် ဘရာဇီးလ်အသံထွက်အမှန်မှာ 'ပယ်လယ်'ဟူ၍ ဖြစ်သည်ဟု ဖတ်ဖူးသည်။

ဘာပဲဖြစ်ဖြစ် ခေါ်နေကျအတိုင်း ပီလီဟုခေါ်မှသာ ရင်းရင်းနှီးနှီး အားပါးတရ ရှိသည်ထင်၏။ ပီလီသည် သူ့ခေတ်သူ့အခါက ကြေးအမြင့်ဆုံး ရနိုင်သည့် ဘော်လုံးသမားဖြစ်၏။ နိုင်ငံခြားကလပ်အသင်းတွေက ငွေ အမြောက်အမြား ပုံပေးပြီး သူတို့ဆီ လာကစားရန် ခေါ်သည်။ ပီလီက ငြင်းခဲ့ပြီး သူ့နိုင်ငံအတွင်းက မိခင်ကလပ်အသင်းမှာပင် တစ်သက်လုံး ကစား ခဲ့သည်။

သူ့ကို တစ်ကမ္ဘာလုံးရှိ ဘော်လုံးပရိသတ်တွေက ချစ်ကြသည်။ သူ ကစားတာကို တစ်ခါမှ မမြင်ဖူးသူ၊ သူ့ဓာတ်ပုံမျှပင် မမြင်ဖူးသူတွေက တောင် သူ့ကိုသိနေကြသည်။ သူက ဘော်လုံးထူးချွန်ရုံသာမဟုတ်၊ ကိုယ်ကျင့်တရားလည်း ကောင်းသည်။ ကစားရာမှာလည်း သန့်သန့်ရှင်းရှင်း အားကစားစိတ်ဓာတ်လည်း ရှိသည်။ ထို့ကြောင့် သူ့ကို နှစ်ဆယ်ရာစု၏ အကောင်းဆုံး ဘော်လုံးသမားအဖြစ် တစ်ညီတစ်ညွတ်တည်း ရွေးချယ်ခဲ့ကြခြင်း ဖြစ်၏။

ပီလီလိုပင် ကမ္ဘာကျော်ခဲ့သော ဘော်လုံးသမား လက်ရွေးစင်ကြီးများမှာ ဘော်ဘီမိုး၊ ဘော်ဘီချာလ်တန်၊ ဂျက်ကီချာလ်တန်(အင်္ဂလန်)၊ ဂတ်မူလာ၊ ဘက်ကင်ဘောင်ဝါ(ဂျာမနီ)၊ ပေါလိုရော်စီ(အီတလီ)၊ ယာရှင်

www.burmeseclassic.com

www.burmeseclassic.com



(ဆိုဗီယက်)၊ အူစီဘီယို(ပေါ်တူဂီ)၊ ဂျိုဟန်ခရွဖ်(ဟော်လန်)၊ မာရာဒိုနာ (အာဂျင်တီးနား)၊ ဇီကို၊ ဆိုကရေးတီး၊ တော်စတာအို၊ ရီဗီလီနို (ဘရာဇီးလ်) စသူတို့ ဖြစ်၏။

ပီလီကို သူ့နိုင်ငံက အမျိုးသားသူရဲကောင်းလိုပင် သဘောထားသည်။ အားကစားဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ သူသည် အထူးသံတမန်လည်း ဖြစ်ခဲ့ဖူးသည်။ တစ်ခါက နိုင်ငံနှစ်ခု အငြင်းပွားပြီး စစ်မက်ဖြစ်ခါနီးအချိန်မှာ ပီလီက သွားရောက် စေ့စပ်ညှိနှိုင်းပေးခဲ့ရသည်ဟု အဆိုရှိဖူး၏။

ဒီအကြောင်းနှင့် ဆက်စပ်ပြီး ယူဂိုဆလဗ်မှာ ကိုဆိုဗိုအရေးအခင်းဖြစ်ခဲ့တုန်းက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကို မလွှတ်ဘဲ ခရီးအေးရှားမှ ကမ္ဘာ့ဖလား ရွှေဖိနပ်ဆုရှင် ဒေးဗစ်ဆူကာကို လွှတ်ပြီး ဖျန်ဖြေခိုင်းလျှင် ဘယ်လိုနေမလဲဟု တွေးမိ၏။

*

ဘော်လုံးနှင့် ဆက်နွှယ်ပြီး ကြီးထွားလာသည့် စီးပွားရေးလုပ်ငန်းတစ်ခုကတော့ လောင်းကစားပင်ဖြစ်၏။ အနောက်နိုင်ငံတွေမှာတော့ တရားဝင်ဒိုင်တွေဖွင့်ပြီး လောင်းကစားကြသည်။ သူတို့လောင်းပုံက နည်းနည်းတော့ ရှုပ်စင်းသည်။ ဘယ်အသင်းဘက်က ဘယ်နှလေးပေးတယ်ဆိုတာမျိုးလောက်ပဲ ဖြစ်၏။

ကျွန်တော်တို့နိုင်ငံမှာတော့ လောင်းကစားကို တရားဝင်ခွင့်ပြုထားခြင်းမရှိ။

*

ကျွန်တော်ဆယ်တန်းအောင်လို့ တက္ကသိုလ်ရောက်သွားသောအခါ ဘော်လုံးကန်ခြင်းနှင့် အဆက်ပြတ်သွားသည်။ ကဗျာရေး စာရေးတဲ့ဘက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်သန်သွားသောကြောင့် ဖြစ်၏။ ဘောလုံးပွဲကြည့်တာကိုတော့ မလျှော့သေး။

ကျွန်တော့်အစ်ကို ကိုရှုပကတော့ ဘောလုံးကို ဆက်ကစားခဲ့တာ ခုထိပဲ။ ကျွန်တော်တို့ တိုက်စစ်ဘောလုံးအသင်း လူစုကွဲသွားပြီးနောက် ရပ်ကွက်ပေါင်းစုံ ဘောလုံးပွဲမှာ ဝင်ကစားသည်။ ထို့နောက် မြို့နယ်လက်ရွေးစင် အရွေးခံရပြီး မြို့နယ်ပေါင်းစုံပွဲတွေ ဝင်ကစားသည်။

ကျွန်တော်တို့ မြို့နယ်ထဲမှာ ရပ်ကွက်ပေါင်းစုံဘောလုံးပွဲကို ကျိုက္ကဆံ ဘုရားနားကကွင်း (ယခု စံပြဈေးရုံကြီး) နေရာမှာ ကျင်းပသည်။ ထိုကွင်းသည် မိုးတွင်းဆိုလျှင် ဗွက်ပေါက်သည်။ ရပ်ကွက်ပေါင်းစုံပွဲတွေကလည်း မိုးတွင်းမှာ ကျင်းပခြင်းဖြစ်၏။ ထို့ကြောင့် ရွှံ့ထဲ ဗွက်ထဲမှာပင် ကန်ကြရသည်။

မိုးသည်းသည်း ရွာပြီဆိုလျှင် ရေအိုင်တွေက ကွင်းအနှံ့ မြောက်ဘက်ဂိုးတိုင်တည့်တည့်မှာ မြေကချိုင့်ပြီး ရေတွေ ဝင်နေသည်။ ဂိုးသမားက ရှေ့နည်းနည်းတိုးထားမှ ရေအိုင်ကို လွတ်သည်။ တစ်ခုတော့ ကောင်းသည်။ တော်ရုံတန်ရုံ လိမ့်ဘောကန်လျှင် ရေအိုင်ထဲ ဘောလုံးဝပ်သွားပြီး ဂိုးမဝင်နိုင်တော့။

တောင်ဘက်အခြမ်းက နည်းနည်းမြေသား မာသည်။ ထို့ကြောင့် မြောက်ဘက်ခြမ်းမှာ အရင်နေခွင့်ရသော အသင်းသည် နေရာမလဲခင် ဂိုးရအောင် သွင်းထားဖို့ လိုသည်။ ဒါမှမဟုတ်လို့ကတော့ ဒုတိယပိုင်းမှာ မြောက်ဘက်ဂိုးစည်း၏ သဘာဝအတားအဆီးများကို ကျော်ဖို့မလွယ်။

ဘာပဲဖြစ်ဖြစ် ထိုစဉ်က ရပ်ကွက်ပွဲတွေ ကြည့်ရတာ ပျော်စရာကောင်းသည်။ မိုးထဲ ရေထဲ ရွှံ့ထဲ ဗွက်ထဲမှာပင် ခက်ခက်ခဲခဲ ကစားပြီး ဂိုးရအောင် သွင်းကြတာ ချီးကျူးသင့်သည်။ ပရိသတ်တွေကလည်း ကိုယ့်ရပ်ကွက်အသင်း ကန်တဲ့နေ့ဆိုလျှင် မိန်းမတွေရော ကလေးတွေပါမကျန် လာရောက်အားပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်လူကြီး လုပ်ရတာတော့ မလွယ်လှ။ မိန်းမတွေက ဘော်လုံး စည်းကမ်းတွေ ဘာတွေ နားလည်တာမဟုတ်၊ ကိုယ့်ရပ်ကွက်ကလူက နောက်မှ လျှောထိုးဖျက်သဖြင့် တစ်ဖက်လူ ခြေထောက်ကို ထိခိုက်မိသဖြင့် ပြစ်ဒဏ်ဘောပေးသည်။ ဒါကို လဲနေတဲ့လူဘက် ဖောင်းပေးရမယားဆိုပြီး ဒိုင်လူကြီးကို ကလော်တုတ်တာမျိုး ရှိ၏။

တစ်သင်းနှင့်တစ်သင်း အနိုင်မခံ အရှုံးမပေး၊ အကြိတ်အနယ်ကစားရင်း ရန်ဖြစ်ကြတာလည်း မကြာခဏ၊ သူ့ဘက်ကိုယ့်ဘက် အပြိုင်အဆိုင် အားပေးရင်း တစ်ယောက်နှင့်တစ်ယောက် မခံချင်အောင် ပြောကြရာမှ ပရိသတ်ချင်း ထဆော်ကြတာလည်း ခဏခဏ။ တစ်ခုတော့ ကောင်းသည်။ ဘော်လုံးပွဲမှာ ဖြစ်တဲ့ ပြဿနာက ပွဲပြီးလျှင် ပြီးသွားသည်။ အငြိုးအတေး မထားကြ။

ဒီလို ရွှံ့ထဲ ဗွက်ထဲကပင် နာမည်ကျော် ဘော်လုံးသမားများ ဖြစ်ကြသော စိုးမိုးတို့၊ သက်နိုင်တို့ ထွက်ပေါ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် လက်ရွေးစင် တင်ထွန်းအောင်တို့၊ တက္ကသိုလ်နည်းပြ ကိုမြင့်ထူးတို့ မြန်မာ့ရေနံမှ မျိုးဝင်းတို့ ထွက်ပေါ်ခဲ့လေသည်။

ဒီကွင်းမှ ရုပ်ရှင်မင်းသား အဆိုတော်တွေလည်း ထွက်ခဲ့ဖူးသည်။ ကိုသုမောင်တို့၊ ကိုရှူပတို့ ဖြစ်၏။ စာရေးဆရာအနေနဲ့ကတော့ ကျွန်တော်ပေါ့။ ဆရာမောင်တင်ဆင့်၊ နီကိုရဲ၊ ကာတွန်းကိုသိန်းလွင်(စနေမ)၊ ကာတွန်း ကိုမောင်မောင်၊ ကာတွန်းကိုအောင်အောင် (ရွှေဂေါ်ဝင်းပြောင်) တို့လည်း ဒီကွင်းမှာ ကစားချင် ကစားဖူးကြပါလိမ့်မည်။

*

"ဟာ ကျင်တွယ်ထောင့်ထဲကိုကွာ၊ တွေ့လား၊ ဘီးကျင်အစပ်ကနေ လှမ်းကန်တာ၊ ဒါမျိုးကန်ဖို့ မလွယ်ဘူး၊ နှစ်ယောက်ကပ်ထားတဲ့ကြားက

www.burmeseclassic.com

www.burmeseclassic.com



ကန်ရတာ"

အောက်ထပ်မှ ကိုရှုပအော်လိုက်သော အသံဖြစ်၏။ ဘော်လုံးပွဲ အခွေ တစ်ခွေ ကြည့်နေရာမှ စိတ်ပါလက်ပါ ထအော်လိုက်ခြင်း။

ကိုရှုပ ဘော်လုံးဝါသနာပါပုံကတော့ လက်ဖျားခါလောက်သည်။ (သူ ကတော့ ခြေဖျားသာ ခါလိမ့်မည်။ သူသည် ကလေးဘဝကတည်းက ဘော်လုံးကန်ခဲ့တာ ခုထိလည်း ကန်တုန်းပင် ဖြစ်၏။ ဘော်လုံးမကန်တဲ့ နေ့မှာ ဘော်လုံးပွဲကြည့်သည်။ ပွဲမရှိလျှင် တီဗွီကလာတာ ကြည့်သည်။ သို့မဟုတ် ဘော်လုံးပွဲအခွေ ကြည့်သည်။ ဘာမှ ကြည့်စရာမရှိလျှင် သူကူးယူထားသော အခွေဟောင်းတွေ ပြန်ကြည့်သည်။ ဒါမှမဟုတ် လေ နှင့် ဘော်လုံးကန်သည်။ လက်ဖက်ရည်ဆိုင်ကို လာသော ဘော်လုံးသမား များ၊ ဝါသနာရှင်များနှင့် ဘော်လုံးပွဲအကြောင်း ပြောခြင်းပင် ဖြစ်၏။)

သူသည် ကျောင်းလက်ရွေးစင်၊ ရပ်ကွက်လက်ရွေးစင်၊ မြို့နယ်လက် ရွေးစင် ဖြစ်ခဲ့ပြီး တတိယတန်းပွဲတွေမှာ ဝင်ကစားခဲ့သေးသည်။ ခုတော့ ရပ်ရှင်ဘောလုံးအသင်း၏ အမာခံ ဘော်လုံးသမားတစ်ယောက် ဖြစ်နေ ပြီ။

သူတို့ ရပ်ရှင်အသင်းသည် မကြာခဏဆိုသလို စုစည်းပြီး တခြား အသင်းများနှင့် ချိန်းကန်ကြသည်။ ထိုနေ့မှာ ကားရိုက်မရှိသူမှန်သမျှ လာ ကြသည်။ နာမည်ကျော် ထိပ်တန်းမင်းသားတွေတောင် သူတို့နှင့်ပေါင်းပြီး ဘော်လုံးပိုး ဝင်လာကြသည်။ တချို့ဆိုလျှင် ရိုက်ကွင်းကိုအလာမှာ ဘော် လုံးကန်အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ် စသည်တို့ကို တစ်ပါတည်း အသင့်ယူလာ ပြီး ကားရိုက်ပြီးတာနဲ့ ဘော်လုံးကွင်းဆီ တန်းပြေးပြီး မီသလောက် ကန် ကြတာ တွေ့ဖူးသည်။

မင်းသားတွေထဲမှာ ကိုရှုပကို မီတာ တစ်ယောက်ရှိသည်။ ရာဇာနေ ဝင်း။ သူက ရပ်ရှင်အဖွဲ့နှင့် ကန်ရုံဖြင့် အားမရ၊ ကိုရှုပနှင့် ဖုန်းအဆက် အသွယ် မပြတ်လုပ်၍ တခြားဘယ်မှာပွဲရှိသေးလဲ စုံစမ်းပြီး လိုက်ကန်

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ တစ်ခါတလေ ကိုရှုပက

"ပွဲတော့ မရှိဘူးကွ၊ ရှိတဲ့လူနဲ့ အချင်းချင်း ခွဲကန်ကြမှာပဲ"

ဆိုတာတောင် ရောက်အောင် လာတတ်သည်။ သူက ဘော်လုံးကစားရမှာ တော်တော်ထူးချွန်သည်။ သို့ရာတွင် တစ်ကိုယ်ကောင်းစိတ်မရှိ။ အတူကစားသူများ၏ အကောင်းအညံ့ကို လိုက်၍ အပေးအယူမျှအောင် ကစားတတ်သည်။ ထို့ကြောင့် သူ့ကို ကစားဖော်များက ချစ်ခင်ကြလေသည်။

*

အဖေကစ၍ ကျွန်တော်တို့တစ်မိသားစုလုံးသည် အနုပညာသမားတွေချည်း ဖြစ်ကြ၏။ စာပေ၊ ရုပ်ရှင်၊ ဂီတစသည်ဖြင့်။ ကျွန်တော်တို့က ပေါက်ဖွားလာသည့် မျိုးဆက်တွေထဲမှာတော့ အနုပညာသမား ဘယ်နှယောက် ထပ်ပြီး ပေါ်ထွက်လာမလဲ တိတိကျကျ မခန့်မှန်းနိုင်သေး။ အားလုံးပင် စာဖတ်ဝါသနာပါကြတာတော့ ပြောနိုင်သည်။ အဲ...ဘော်လုံးဝါသနာပါသည့် မျိုးဆက်ကတော့ ထင်ထင်ရှားရှားမြင်နေရပြီ။

ကျွန်တော်က သမီးနှစ်ယောက် မွေးထားသောကြောင့် ဘော်လုံးသမားတော့မရှိ။ ဒါတောင် သူတို့က ဘော်လုံးပွဲကြည့်တာတော့ ဝါသနာပါသည်။ ကမ္ဘာ့ဖလားပွဲတုန်းက 'ဘာရာဇီးလ်ပွဲဆိုရင် နှိုးပါ' ဆိုတာမျိုး ရှိသေးသည်။ (ကြော်ငြာခြင်း မဟုတ်။ သမီးတွေက ငယ်သေးသည်။)

ကျွန်တော့်တူတွေကတော့ အားလုံးဘော်လုံးသမားတွေချည်း ဖြစ်၏။ အရွယ်ချင်းကလည်း မတိမ်းမယိမ်းတွေဆိုတော့ သူတို့ညီအစ်ကိုတစ်တွေ ပေါင်းလိုက်လျှင် ဘော်လုံးအသင်း တစ်ဝက်စာလောက် ရှိသည်။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ဆိုသလို သူတို့သူငယ်ချင်းတွေကလည်း ဘော်လုံးကောင်တွေသာ များသည်။

သူတို့အဖေတွေကလည်း အားပေးသည်။ ဘော်လုံးနှင့် ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



တာကို အထောက်အပံ့ပေးဖို့ ဝန်မလေး။ ဒီကောင်တွေမှာ ကံကောင်းတာက ခုခေတ်တွင် အားကစားပစ္စည်းက အလွန်ပေါများသည်။ (ဈေးတော့ကြီးသည်။)

ဘော်လုံးဆိုလျှင် ပြည်တွင်းဖြစ် စတားဘော်လုံးမှစ၍ ထောင်နှင့်ချီတန်သည့် နိုင်ငံခြားဖြစ်တွေအထိ။ အင်္ကျီဆိုလျှင် အင်္ဂလန်အသင်းဒီဇိုင်း၊ ဂျာမနီဒီဇိုင်း၊ မန်ချက်စတာယူနိုက်တက်ဒီဇိုင်း၊ နယူးကာဆယ်ဒီဇိုင်း စသည်ဖြင့် စုံအောင် ရှိသည်။ ဖိနပ်ဆိုလည်း ပြည်တွင်းဖြစ်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်တို့သာမက ဂျာမနီမှ အက်ဒီဒက်စ်ဖိနပ်တောင် ပိုက်ဆံတတ်နိုင်လျှင် ဝယ်လို့ရသည်။

သူတို့ ကံဆိုးတာကတော့ ကန်စရာ ဘော်လုံးကွင်း ရှားပါးလာခြင်းပင်ဖြစ်၏။ ကျွန်တော်တို့ ငယ်ငယ်က ဘော်လုံးကွင်းတွေ အလွန်ပေါသည်။ ကိုယ့်ခြံထဲမှာပဲ ဂိုးကျဉ်းကစားနိုင်လောက်သည့် ကွင်းလေးရှိသည်။ ဒါမှမဟုတ် ရွှေနားပန်ဘုရားဘေးက ကွက်လပ်မှာ သွားကစားလို့ရသည်။

ဆယ့်ခြောက်ရပ်ကွက်ဆိုလျှင် အပိုင်းလေးပိုင်းရှိရာ တစ်ပိုင်းလျှင် အနည်းဆုံး တစ်ကွင်းရှိသည်။ မြို့နယ်ပိုင်ကွင်းကြီးကတော့ ကျိုက္ကဆံဘုရားလမ်းထဲမှာ ရှိ၏။ ဇာလီတောင်ကျောင်းတိုက်နားမှာ တစ်ကွင်း၊ တံခွန်ရုံနားမှာ တစ်ကွင်း၊ ဒါတွင်မက ရပ်ကွက်တိုင်းလိုလိုမှာ မီးတားကွက်လပ်တွေ ရှိသည်။ ဒါတွေက ယာယီဘော်လုံးကွင်းတွေပဲ။

ခုတော့ ထိုဘော်လုံးကွင်းတော်တော်များများမှာ တိုက်တွေတာတွေ ဖြစ်ကုန်ပြီ။ ကလေးတွေ ဘော်လုံးကန်ချင်လျှင် လမ်းပေါ်မှာပဲ ဂိုးကျဉ်း ကစားရသည်။

တချို့က သုဝဏ္ဏလူငယ်လေ့ကျင့်ရေးကွင်းမှာ သွားကန်ကြသည်။ ကွင်းကြီးထဲ ဝင်ကန်ရခြင်းတော့မဟုတ်။ ကွင်းဘေးပတ်လည်ရှိ ကွန်ကရစ် ကားလမ်းပေါ်မှာ ကန်ရခြင်းဖြစ်သည်။ တစ်ခါတစ်ခါ အကြောင်းကိစ္စရှိလျှင် ကစားခွင့်မရ။

www.burmeseclassic.com

www.burmeseclassic.com



ကွန်ကရစ်လမ်းမှာ ကွင်းကို ပတ်ထားခြင်းဖြစ်၍ သူတို့ကန်ရသည့် ကွင်းအနေအထားက ခပ်ကွေးကွေးဖြစ်၏။ ဂိုးတိုင်နှစ်ခုက တစ်ဖြောင့်တည်းမဖြစ်ဘဲ သက်တံ၏ ဟိုဘက်ထိပ် ဒီဘက်ထိပ်မှာလို ဖြစ်နေသည်။ ပြောလို့တော့မရ။ ဒီလိုနေရာမှာ ကန်ကျင့်ရသွားလျှင် ဘော်လုံးကို ခပ်ကွေးကွေး လမ်းအကြောင်းအတိုင်း ဆွဲပြေးခြင်း၊ ဝေ့ဝိုက်ပြီး အပေးအယူလုပ်ခြင်းဖြင့် တစ်ချိန်ချိန်မှာ ရိန်းဘိုးမက်သတ်ခေါ် ကစားကွက်တစ်မျိုး တီထွင်ကောင်း တီထွင်လာနိုင်ပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ လူငယ်တွေ ဘော်လုံးကန်တာကို သဘောကျသည်။ အားလည်းပေးသည်။ ဘော်လုံးကန်ခြင်းအားဖြင့် စုပေါင်း ဆောင်ရွက်တတ်သည့်စိတ် ထွန်းကားလာနိုင်သည်။ ကိုယ်ခန္ဓာသာမက စိတ်ဓာတ်ပါ ကြံ့ခိုင်လာစေသည်။

ပြီးတော့ အားကစားသမားဆိုတာက သူတို့အားအင်ကုန်ခန်းမှာ အလွန်ကြောက်သည်။ ကျန်းမာရေး ထိခိုက်မှာ စိုးရိမ်သည်။ ထို့ကြောင့် ဆေးလိပ်၊ အရက် စသည်တို့ကို ရှောင်လေ့ရှိသည်။ စိတ်ကြွဆေးများသည် နှလုံးကို ပို၍ ခုန်စေသဖြင့် ကစားရာမှာ ပိုပြီး မောပန်းလွယ်သည်။ အဆင်မသင့်လျှင် နှလုံးခုန် အလွန်မြန်ပြီး အသက်ကိုတောင် ရန်ရှာနိုင်သည်။ ဒီတော့ ဘော်လုံးသမားတစ်ယောက် ဖြစ်လာလျှင် မူးယစ်ဆေးဝါး တံခါးပိတ်ပြီ။

မိဘများအနေဖြင့် ကိုယ့်သားတစ်ယောက် ဘော်လုံးမှာ စိတ်ဝင်စားစွဲလမ်းနေပြီဆိုလျှင် လက်ခမောင်းသာခတ်ပေတော့။ ဘော်လုံးအကန်လွန်လို့ အလွန်ဆုံး စာမေးပွဲကျရုံသာ ရှိမည်။ ထောင်တော့ မကျနိုင်။ ဘော်လုံးကန်လို့ ခြေလက်ကျိုးတာသာ ရှိမည်။ ရင်တော့ မကျိုးနိုင်။

*

ကျွန်တော်သည် ဘော်လုံးမကန်တော့သော်လည်း ဘော်လုံးပွဲတွေတော့ ကြည့်မြဲဖြစ်၏။ ကွင်းထဲထိတော့ သွားမကြည့်ဖြစ်တော့ပါ။ အိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ ရုပ်မြင်သံကြားက ကြည့်သည်။ ပြဿနာမျှကတော့ မလွှတ်တမ်းလောက်နီးပါး ကြည့်သည်။

အရှေ့တောင်အာရှပွဲတို့၊ ယူရိုပွဲတို့၊ ကမ္ဘာ့ဖလားပွဲတို့ဆိုလျှင်တော့ ကြိုတင်စီစဉ်မှုတွေ လုပ်တော့သည်။ တခြားမဟုတ်။ ဘော်လုံးပွဲကို စိတ်လွတ်ကိုယ်လွတ် အေးအေးဆေးဆေး ကြည့်လို့ရအောင် လုပ်စရာရှိသမျှ ထိုရက်မတိုင်ခင် ပြီးအောင် အားသွန်ခွန်စိုက် လုပ်ခြင်းပင်ဖြစ်၏။ ဘော်လုံးပွဲရက်တွေထဲမှာတော့ ဝန်ပေါ့သည့် အလုပ်မျိုးကိုသာ လုပ်တော့သည်။

ဘော်လုံးပွဲတွေကို ကြည့်ရင်း အတွေးတစ်မျိုး ပေါ်ပေါက်လာခဲ့သည်။ ဘော်လုံးပွဲကြည့်တဲ့အခါ ဘာကြောင့် ရင်ခုန်ရသလဲဆိုသော အတွေး။

- မြန်မာအသင်း ကန်တဲ့ပွဲမှာ ကိုယ့်အသင်းမို့ နိုင်စေချင်သော ဆန္ဒဖြင့် စိတ်လှုပ်ရှားရတာက ထားပါတော့။ အင်္ဂလန်၊ ဘရာဇီးလ်၊ မက္ကဆီကို၊ ဒိန်းမတ် စသော ကိုယ်သဘောကျသည့် အသင်းတွေ ကန်တဲ့အခါ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်လည်း မဟုတ်ပါဘဲနဲ့ ကစားနေတဲ့လူတွေက ကိုယ့် ဆွေမျိုး၊ ကိုယ့်မိတ်ဆွေလည်း မဟုတ်ပါဘဲနဲ့ ဘာကြောင့် ရင်တုန်ပန်းတုန် ဖြစ်ချင်ရတာလဲ။

BURMESE CLASSIC

ဒီမှာပင် အနုပညာသဘောကို တွေ့ရလေတော့သည်။

စာပေဟောပြောပွဲတစ်ခုမှာ ဆရာအောင်သင်းပြောခဲ့တာကို သတိရမိ၏။ ရေဒီယိုမှ ဘော်လုံးပွဲကို ကြေညာခြင်းနှင့် ပတ်သက်၍ ပြောခဲ့ခြင်းဖြစ်၏။ ဘော်လုံးပွဲ ကြေညာတယ်ဆိုတာ ဘော်လုံးသမားတို့၏ လှုပ်ရှားမှုများကို ဖြစ်စဉ်ပြရေးနည်း၊ သရုပ်ဖော်ရေးနည်းတို့ဖြင့် အသံထွက် ရေး(ပြောပြ)နေခြင်းပင် ဖြစ်၏။ ကြေညာသူ အပြောကောင်းလျှင် ကောင်းသလောက် သရုပ်ပေါ်ပြီး တကယ်ပင် မျက်မြင်ကိုယ်တွေ့ ကြည့်ရသလို ခံစားရစေသည်။ ဒါ ရသသဘောပဲ ဟု ဥပမာပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ ဘောလုံးပွဲကို လူတွေစွဲလမ်းကြခြင်းမှာ ရသပါသော ကြောင့် ဖြစ်၏။ ဘောလုံးပွဲတစ်ပွဲမှာ စိတ်အားတက်ကြွခြင်း၊ ဝမ်းသာ ပျော်ရွှင်ရခြင်း၊ အားမလိုအားမရဖြစ်ရခြင်း၊ ရင်တဖိုဖို အသည်း တယား ယား ဖြစ်ရခြင်း၊ ဒေါသဖြစ်ရခြင်း၊ ရယ်မောရခြင်း စသည်ဖြင့် ရသမျိုးစုံ အောင် ပါဝင်သည်။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထက်တောင် ရသတွေ ပိုပြီး စုံလင်ချင်သေးသည်။

တစ်ခုပဲ ကွာခြားသည်။ ဘောလုံးပွဲမှာ ဇာတ်လမ်းဇာတ်ကွက်တိတိ ကျကျ မရှိခြင်းနှင့် ဇာတ်သိမ်းခန်းသည်လည်း တစ်ပွဲမှာ တစ်မျိုး ဖြစ် တတ်ခြင်းပါပဲ။

ဘောလုံးပွဲမှာ အနုပညာရသတွေ ပါဝင်နေသည်ဟုဆိုသောကြောင့် ဘောလုံးအကြောင်း ရေးခြင်းသည်လည်း ရသစာပေစာရင်းဝင်သလား မဝင်သလားတော့ ကျွန်တော်လည်း မပြောတတ်ပါ။

*

အမှာစာကို နောက်ဆုံးမှပင် ရေးရပါတော့မည်။

ငြိမ်းငြိမ်းချမ်းချမ်း စာအုပ်တိုက်မှ စီစဉ်သူများက ဆရာချစ်ဦးညို ရယ်၊ ဆရာမ နုနုရည်(အင်းဝ)ရယ်၊ ကျွန်တော်ရယ် တစ်ယောက်တစ်ပုဒ် စီရေးပြီး သုံးယောက်ပေါင်း စာအုပ်တစ်အုပ် ထုတ်ချင်သည်ဟု အဆိုပြု လာ၏။

ကျွန်တော်သည် လုံးချင်းအချစ်ဝတ္ထုတစ်ပုဒ် ရေးပြီးခါစ အချိန်ဖြစ် သောကြောင့် အချစ်အကြောင်း ထပ်ရေးဖို့ အင်အားမရှိသေး။ ဟာသဆန်ဆန် ဘာလေး ရေးရအောင်ကလည်း ဒီလောက်ရှည်ရှည် ရေးနိုင်မည့် ဇာတ် လမ်းမျိုး အဆင်သင့် မဖြစ်သေး။

ဒီကြားထဲမှာ ဘောလုံးပွဲတွေ ကြည့်ဖြစ်သည်။ သူငယ်ချင်းများနှင့်

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှာ ဘော်လုံးအကြောင်းတွေ ပြောဖြစ်သည်။ ငယ်ငယ်တုန်းက ကန်ခဲ့သည့်အကြောင်းတွေပါ ပါလာသည်။ ဘော်လုံးပွဲအကြောင်း ရေးရကောင်းမလားဟု စဉ်းစားမိလာ၏။

ဒီကြားထဲမှာ ပစ္စည်းတစ်ခု ရှာရင်း အဟောင်းစောင်းထဲက လက်အိတ်ကလေးတစ်ဖက်ကို ပြန်တွေ့သည်။ ကျွန်တော်ငယ်ငယ်က ဂိုးဖမ်းရာမှာ ဝတ်ဖို့ အဖေကိုယ်တိုင် ပြုလုပ်ပေးထားသော လက်အိတ်ကလေးဖြစ်၏။ ရုပ်ရှင်ဖလင်တွေ ဆက်ရာမှာသုံးသော လက်အိတ်။ ဂိုးဖမ်းလျှင် လက်မြဲအောင်ဆိုပြီး လက်ချောင်းနေရာများမှာ ရော်ဘာအဖုကလေးတွေ ကပ်ပေးထားသေးသည်။

လက်အိတ်ကလေးက ဟောင်းနွမ်းပြီး ပိုးပေါက်တွေတောင် ဖြစ်နေပြီ။ သို့ရာတွင်-ကျွန်တော်အမြတ်တနိုး တယုတယ ကိုင်ကြည့်မိ၏။ ငယ်ငယ်က အကြောင်းတွေလည်း စိတ်ထဲမှာ တရေးရေး မြင်ယောင်လာသည်၊ လက်အိတ်ကလေးကို လက်မှာစွပ်ကြည့်သည်။ ဘော်လုံးတစ်လုံး လက်ဖျားမှာ ထပ်ခနဲ လာကပ်သလို ခံစားရ၏။

ထိုအခါ ဤစာကို ကျွန်တော် ရေးဖြစ်ပါတော့သည်။

[ဘော်လုံးဝါသနာမပါသော စာဖတ်ပရိသတ်ကိုတော့ တောင်းပန်ပါသည်။ ဖတ်လို့ မကောင်းလျှင်လည်း စာအုပ်တန်ဖိုးကို (ကျွန်တော်ကတော့ တတ်နိုင်သူ မဟုတ်သဖြင့်) ထုတ်ဝေသူ စာအုပ်တိုက်ဆီမှာသာ ပြန်တောင်းယူကြပေတော့။]

မင်းလူ

www.burmeseclassic.com